မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၂)
အမှတ် (၃၁၁)

၁၃၇၄ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်

၂၀၁၂ ခုနှစ်၊ ဩဂုတ် ၁၂ ရက်၊ တနင်္ဂနွေနေ့။

ဒို့တာဝန်အရေး(၃)ပါး

- ❒ ပြည်ထောင်စု မပြိုကွဲရေး။
- ❒ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❒ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကချင်ပြည်နယ်အတွင်းလုံခြုံရေးအရ နေရပ်စွန့်ခွာပြည်သူများ ပြန်လည်ထူထောင်ရေးကိစ္စ အမြင်ချင်းဖလှယ်

နေပြည်တော် ဩဂုတ် ၁၁

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မြစ်ကြီးနားမြို့ရှိ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ (PCG)နှင့် ဩဂုတ် ၁၀ ရက် ညပိုင်းတွင် မလိခရိပ်သာဧည့်ခန်းမ၌ တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင်ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ဒေါက်တာမြင့်အောင်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ဗိုလ်ချုပ်မောင်မောင်အုန်းနှင့် Myanmar Egress မှ ဒေါက်တာကျော်ရင်လှိုင်တို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲဆိုင်ရာ ကိစ္စရပ်များ၊ ကချင်ပြည်နယ်အတွင်း လုံခြုံရေးအခြေအနေကြောင့် နေရပ်စွန့်ခွာပြည်သူများ ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အလားတူ ဒုတိယသမ္မတနှင့်အဖွဲ့သည် ရှမ်းမျိုးနွယ်စုရေးရာအဖွဲ့နှင့် ကချင်မျိုးနွယ်စုခေါင်းဆောင်များနှင့် သီးခြားစီတွေ့ဆုံခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြစ်ကြီးနားမြို့ရှိ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ (PCG)နှင့် မလိခရိပ်သာဧည့်ခန်းမ၌ တွေ့ဆုံစဉ်။ (သတင်းစဉ်)

စီးပွားရေးမြို့တော် ရန်ကုန်မြို့လယ်မှ အထပ်မြင့်အဆောက်အအုံများကို တွေ့ရစဉ်။

စီးပွားရေးမြို့တော် ရန်ကုန်တွင် အထပ်မြင့်အဆောက်အအုံများ တည်ဆောက်ရေး စနစ်တကျစိစစ်နေ

သတင်းမှတ်စု-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၁၁

စီးပွားရေးမြို့တော် ရန်ကုန်တွင် အထပ်မြင့်အဆောက်အအုံများတည်ဆောက်ရာ၌ ရွှေတိဂုံဘုရား ကန့်သတ်ဇရိယာအတွင်း ရွှေတိဂုံဘုရားထက်ပိုမိုမြင့်သော အဆောက်အအုံများကိုတည်ဆောက်ခွင့်မပြုကြောင်း၊ ရွှေတိဂုံဘုရား ကန့်သတ်ဇရိယာပြောင်းလဲထားမှုကိုလည်း ထုတ်ပြန်ပေးထားကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အထပ်မြင့်အဆောက်အအုံများဆောက်လုပ်မှုဆိုင်ရာ စံချိန်စံညွှန်းစစ်ဆေးရေးနှင့်ကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"အခုပြောင်းလဲထားတဲ့ ရွှေတိဂုံဘုရားကန့်သတ်ဇရိယာက မြောက်ဘက်မှာ ဓမ္မစေတီနဲ့ ရှင်စောပုလမ်း၊ အရှေ့ဘက်မှာ ဗိုလ်မင်းရောင်လမ်း၊ အထက်ပန်းဆိုးတန်းလမ်း၊ ကန်ရိပ်သာလမ်း၊ နတ်မောက်လမ်း၊ တောင်ဘက်မှာ မင်းရဲကျော်စွာလမ်း၊ မြို့ပတ်ရထားလမ်း၊ ရွှေတိဂုံဘုရားလမ်းဆုံမှ ယောမင်းကြီးဦးဖိုးလှိုင်လမ်း၊ အနောက်ဘက်တွင် ဗဟိုလမ်း စတဲ့ဇရိယာအတွင်းမှာ ရွှေတိဂုံဘုရား အမြင့်ထက်ပိုပြီး တည်ဆောက်လို့ မရပါဘူး"ဟု ယင်းအဖွဲ့မှ ဦးရီဝင်းက ပြောကြားသည်။

ကန့်သတ်ဇရိယာအတွင်း အထပ်မြင့်အဆောက်အအုံများကို အမြင့်ပေ ၁၉၀ ထက်မပိုသော အဆောက်အအုံများကိုသာ တည်ဆောက်ခွင့်ပြုမည်ဖြစ်သည်။ *စာမျက်နှာ ၅ ကော်လံ ၅* ■

အကြီးမားဆုံးလူကုန်ကူးမှုတရားခံအဖြစ် သတ်မှတ်ခံရသူကို ထိုင်းနိုင်ငံဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်

စာမျက်နှာ-၃

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်မှသည် ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်ဆီသို့

မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်မြို့ဟောင်းများ အနက် ပျူခေတ်မြို့ဟောင်းများဖြစ်သည့် ဟန်လင်း၊ ဗိဿနိုး၊ သရေ ခေတ္တရာမြို့ဟောင်းတို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ၂၀၁၃ ခုနှစ်တွင် ယူနက်စကို (UNESCO) သို့ စာရင်းတင်သွင်းခဲ့ရာ ၂၀၁၄ ခုနှစ် ဇွန်လတွင် ကျင်းပမည့် (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ် ကော်မတီညီလာခံတွင် အတည်ပြုဆုံးဖြတ်မည်ဖြစ်သည်။

ဗိဿနိုးမြို့ဟောင်းသည် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ အနောက်ဘက် ၁၂ မိုင်အကွာတွင်တည်ရှိသည်။ ရှေးရာဇဝင်တို့တွင် ပန်ထွာမင်းသမီး၏ မြို့တော်အဖြစ် လည်းကောင်း၊ သရေခေတ္တရာ နောက်ဆုံးမင်းနှင့် ခေတ်ပြိုင်အဖြစ်လည်းကောင်း ဖော်ပြခဲ့ကြသည်။ အေဒီ ၁ ရာစုမှ ၅ ရာစု အတွင်း ဖွံ့ဖြိုးခဲ့သော မြန်မာတို့၏ ရှေးဟောင်းမြို့ဖြစ်သည်။ မြို့တည်ဆောက်ရာတွင် မြို့အင်္ဂါရပ်နှင့်အညီ မြို့ရိုး၊ မြို့ကွက်နှင့် ကျုံးများ၊ မြို့ပြအသွင်သဏ္ဌာန် အဆောက်အအုံ အထောက်အထားများ တွေ့ရှိရသည်။ ရှေးဟောင်းသုတေသနဌာနက ကုန်းအမှတ်များဖြင့် ရှာဖွေရာ အချို့ကုန်းများတွင် မီးလောင်ကျွမ်းထားသည့် လက်ရာများအဖြစ် မီးသွေးလွှာနှစ်ထပ်တွေ့ရှိ၍ ၁၉၆၂ ခုနှစ်တွင် နိုင်ငံတကာရက်စွဲသတ်မှတ်ရေးအဖွဲ့သို့ ပေးပို့စစ်ဆေးခဲ့ရာ ကာဗွန်သက်တမ်းကာလမှာ နှစ်ပေါင်း ၁၉၅၀ ခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

ဗိဿနိုးပျူမြို့ဟောင်းသည် နှစ်ပေါင်း ၂၀၀၀ ကျော်ကာလအတွင်းက တည်ရှိခဲ့ပြီး ပျူခေတ်စေတီများ၊ ဗိသုကာလက်ရာမြောက် ဂူဘုရားများ၊ ဆင်းတုတော်၊ မြေဆီမီးခွက်၊ ကြေးဆီမီးခွက်နှင့် ဘုရားခြေတော်ရာ ၁၀၈ ကွက်တွင် ပါဝင်သော စက်လက္ခဏာများကိုပါ တွေ့ရှိရသဖြင့် အရှေ့တောင်အာရှဒေသအတွက် အရေးပါသော ပြောင်းလဲမှုဖြစ်သည်။ ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ မြို့ပြတွေ့ရှိချက်များဖြစ်ကြောင်း သိရသည်။

သရေခေတ္တရာမြို့ဟောင်းသည် ပြည်မြို့အရှေ့တောင်ဘက် ငါးမိုင်အကွာတွင် တည်ရှိသည်။ မှန်နန်းရာဇဝင်၌ သရေခေတ္တရာမြို့ကို ဒွတ္တဘောင်မင်းက စတင်အုပ်ချုပ်ခဲ့ပြီး မင်း ၂၅ ဆက်တိုင်ခဲ့သည်။ သာသနာနှစ် ၁၀၁ (ဘီစီ ၅၀၀ ခန့်)က စတင်ပြီး သာသနာနှစ် ၆၀၃(အေဒီ ၁၀၀) ခန့်တွင် ပျက်စီးခဲ့၍ မြို့သက်တမ်း ငါးရာကျော် ကြာမြင့်ခဲ့သည်။

ဟန်လင်းမြို့ဟောင်းမှာ ရွှေဘိုမြို့အရှေ့ဘက် ၁၁ မိုင်အကွာတွင် တည်ရှိသည်။ သရေခေတ္တရာနှင့် ခေတ်ပြိုင် ပျူမြို့တော်ဖြစ်မည်ဟု ရှေးဟောင်းသုတေသနတူးဖော်ရေးဌာနက ခန့်မှန်းခဲ့သည်။ ဤသို့သော ရှေးဟောင်းမြို့တော်များကို စနစ်တကျ ကာကွယ်ထိန်းသိမ်းလျက်ရှိသည်။

မြန်မာပြည်အလယ်ပိုင်းတွင် ထင်ထင်ရှားရှား တည်ရှိနေသော ဗိဿနိုး၊ သရေခေတ္တရာ၊ ဟန်လင်းမြို့များသည် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်လာပါက နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်မည့်အပြင် နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ စိတ်ဝင်တစား လာရောက်လေ့လာကြမည်ဖြစ်၍ ယဉ်ကျေးမှုအမွေအနှစ်ကို အခြေခံသည့် ခရီးသွားလုပ်ငန်းများ၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ၊ ဒေသထွက် လက်မှုလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

သို့ဖြစ်၍ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် ဗိဿနိုး၊ သရေခေတ္တရာ၊ ဟန်လင်းမြို့ဟောင်းများမှာ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်မှသည် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်လာနိုင်သည်နှင့်အမျှ မှာ တစ်မျိုးသားလုံးက ဂုဏ်ယူဝင့်ကြွားစွာ ထိန်းသိမ်းကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

အခြေခံပညာ ဆရာဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၈၅) ဆင်း

နေပြည်တော် ဩဂုတ် ၁၁

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၅) ဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီက ဇဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် မိမိတို့မျိုးဆက်သစ်လူငယ်များအတွက် ပိုမိုကောင်းမွန်သည့် အနာဂတ်နှင့် ပိုမိုကောင်းမွန်ပြည့်စုံသော ဘဝတစ်ခုကို ဖန်တီးပေးနိုင်ရန် ရည်မှန်းပြီး အကောင်အထည်ဖော် ဆောင်ရွက်နေချိန်ဖြစ်ကြောင်း၊ ပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာ သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်း ဖြစ်ထွန်းရေးဆိုသည့် ပညာရေးဝန်ကြီးဌာန၏ ပညာရေးမျှော်မှန်းချက် ပြည့်ဝပြီး ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အုံဆိုသည့် ပညာရေးဆောင်ပုဒ်နှင့်အညီ အကောင်အထည်ဖော်နေသည့် အချိန်အခါလည်း ဖြစ်ကြောင်း၊ ခေတ်သစ် တစ်ခေတ်ကို ရောက်ရှိအောင် စနစ်သစ်ဖြင့် ကူးပြောင်းနေချိန်လည်း ဖြစ်ကြောင်း၊ ခေတ်သစ် စနစ်သစ်နှင့် လိုက်လျောညီထွေ ဖြစ်နေသည့် ခေတ်မီအတွေးအခေါ် အယူအဆများကို လေ့လာဆည်းပူးပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာနိုင်ရန် ကျန်းမာသန်စွမ်းပြီး စာရိတ္တကောင်းမွန်သည့် ဘက်စုံပညာရည်ထူးချွန်ပြည့်ဝသူ လူ့စွမ်းအားအရင်းအမြစ်များအများကြီး လိုအပ်လျက်ရှိကြောင်း၊ ထိုလိုအပ်ချက်ကို မွေးဖွားပေးနိုင်မည့်သူများ၊ မွေးဖွားပေးရမည့်သူများမှာ အခြေခံပညာအဆင့် အသီးသီးမှာရှိသည့် ဆရာ ဆရာမများ ဖြစ်ကြကြောင်း၊ အလွတ်ကျက် ဖြေဆိုမည့် အကျင့်ကနေ တွေးခေါ်မြော်မြင် ဆင်ခြင်နိုင်စွမ်းရှိသည့် သက်မွေးပညာ၊ အသိပညာ၊ အတတ်ပညာများကို သင်ယူနိုင်စွမ်းရှိသည့် အလေ့အထများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ အာဆီယံ အသိုင်းအဝိုင်းမှာရှိသည့် နိုင်ငံများ၊ နိုင်ငံတကာနှင့် တန်းတူရည်တူ ရင်ပေါင်တန်းနိုင်မည့် ကျောင်းသား ကျောင်းသူများ ဖြစ်ပေါ်လာအောင် လေ့ကျင့်သင်ကြားပေးရန် လိုကြောင်းဖြင့် ပြောကြားကာ ထူးချွန်ဆုရ သင်တန်းသား သင်တန်းသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို တပ်ခွဲအလိုက် ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုံရွာ – ညောင်ပင်ကြီး ကူးတို့စက်လှေများ ဘေးအန္တရာယ်ကင်းရေး အလေးထားကြရမည်

ထင်သာမြင်သာ ပြုပြင်စရာ

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ချင်းတွင်းမြစ်သည် အထက်-အောက် အစုန်အဆန် ကုန်စည်များ ရောင်းဝယ်ဖောက်ကားရာတွင် သယ်ယူပို့ဆောင်ရေးအတွက် အလွန်အသုံးဝင်သော မြစ်တစ်စင်းဖြစ်သည်။

မုံရွာမြို့၏ အနောက်ဘက်ကမ်းဒေသများမှ ထွက်ရှိသော ကုန်ပစ္စည်းများကို မုံရွာမြို့သို့ သွားရောက်၍ ရောင်းကြ၊ ဝယ်ကြသကဲ့သို့ မုံရွာမြို့မှ ကုန်စည်များကိုလည်း အနောက်ဘက်ကမ်း ဒေသများမှ ဝယ်ယူ၍ နေ့စဉ် ရောင်းကြ၊ ဝယ်နေကြသည်မှာ မုံရွာမြို့နှင့် ညောင်ပင်ကြီး ဆိပ်ကမ်းသို့ ရောက်ဖူးသူတိုင်း၊ သွားဖူးသူတိုင်း သိရှိကြသည်။

ရေနည်းချိန်တွင် စိုးရိမ်စရာမရှိသော်လည်း ယခုကဲ့သို့ ရေကြီးချိန် ရေတက်ချိန်တွင် ကမ်းလုံးပြည့် စီးဆင်းနေသော မြစ်ရေကိုကြည့်၍ စက်လှေဖြင့် ဖြတ်ကူးနေကြသူများ၏ အန္တရာယ်ဖြစ်နိုင်ဖွယ်အနေအထားကို မြင်ရ၊ တွေ့ရပါသည်။

မုံရွာနှင့် ညောင်ပင်ကြီး ကူးတို့ စက်လှေများတွင် မတော်တဆ အန္တရာယ်ကြုံတွေ့ပါက အသက်ကယ်အင်္ကျီ၊ ဖော့ကွင်း၊ ဗောကွင်းများ မပါရှိခြင်းကြောင့် အန္တရာယ်တစ်စုံတစ်ရာဖြစ်လာပါက အသက်ပေါင်းများစွာ ဆုံးရှုံးကြပါလိမ့်မည်ဟု ခရီးသွားပြည်သူတစ်ဦးက ဆိုသည်။

စက်လှေကူးတို့ဖြင့် ခရီးသွားပြည်သူတစ်ဦးကို မေးမြန်းကြည့်ရာ "ကျွန်တော်တို့လည်း ရေလမ်းကို ကြောက်လို့ အသက်ကယ်အင်္ကျီ ဝယ်ဖို့ မုံရွာမြို့ကဆိုင်မှာ ဈေးမေးကြည့်တော့ ဈေးအချိုဆုံးက ငွေကျပ် ၉၀၀၀၊ သူ့ထက်ပိုပြီး အန္တရာယ်ကင်းစိတ်ချရတာက ငွေကျပ် ၁၇၀၀၀ လို့သိရတယ်။ ဒါပေမယ့် ကျွန်တော်တို့ အခြေခံ လူတန်းစားများအဖို့ တစ်သောင်းဝန်းကျင်ခန့်နဲ့ ဝယ်ဖို့ဆိုတာက မလွယ်ပါဘူး။ အန္တရာယ်ကင်းအောင် ဇက်နဲ့ကူးမယ်ဆိုတာလည်း အကြာကြီးစောင့်ရမှာဆိုတော့လည်း စောင့်ဖို့ရာမလွယ်လှဘူး။ စက်လှေပေါ်မှာပါတဲ့ ခရီးသည်များအတွက် လုံလုံလောက်လောက် အသက်ကယ်အင်္ကျီ တစ်ယောက် တစ်ထည် စက်လှေစီးနင်းနေစဉ် ဝတ်ဆင်နိုင်ဖို့ အခမဲ့ဖြစ်စေ၊ အခကြေးငွေဖြင့်ဖြစ်စေ ငှားရမ်းပေးမယ်ဆိုရင်တော့ ကောင်းတာပေါ့။ ကျွန်တော်တို့ အခြေခံလူတန်းစားတွေအတွက်တော့ ကျွန်တော်တို့အသက်တွေကိုကယ်မယ့်သူတွေကိုပဲ မျှော်လင့်နေရတော့မှာပါ" ဟု ပြောသည်။

ခရီးသွား ပြည်သူတို့၏ အန္တရာယ်ကင်းရှင်းစေပြီး စိုးရိမ်သောကများ လျော့ပါးစေရေးအတွက် အသက်ကယ်အင်္ကျီ ဖော့ကွင်းများ၊ ဗောကွင်းများ စက်လှေများပေါ်သို့ အပြည့်အစုံ တင်ဆောင်ပေးထားခြင်းဖြင့် ခရီးသွားပြည်သူတို့၏ အသက်ပေါင်းများစွာကို ကယ်ဆယ်ရာရောက်ပြီး စိုးရိမ်ကြောင့်ကြ စိတ်သောကရောက်မှုများလည်း လျော့ပါးစေနိုင်ပါကြောင်း ရေးသားအပ်ပါသည်။ **ဦးငယ်(ဆားလင်းကြီး)**

သုံးခွမြို့ အမက (၂) ကျောင်းဆောင်သစ်ဖွင့်

သုံးခွဲ ဩဂုတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့ အမှတ်(၁၂)ရပ်ကွက် အောင်ဇေယျလမ်းရှိ အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း ဆောင်သစ်ဖွင့်ပွဲကို ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီကကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ ပညာရေးဝန်ကြီးဌာန အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်၊ သုံးခွမြို့နယ် ပညာရေးမှူးနှင့် ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

အဆိုပါ ကျောင်းဆောင်သစ်ကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကုန်ကျ

ယခု ဖွင့်လှစ်သည့် ကျောင်းဆောင်သစ်မှာ အာရ်စီနှစ်ထပ်ကျောင်းဆောင်သစ်ဖြစ်ပြီး အလျား ပေ ၁၂၀၊ အနံ ပေ ၃၀ ရှိပြီး ကုန်ကျမှုတန်ဖိုးမှာ ငွေကျပ် ၁၂၉၆ သိန်းဖြစ်ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

တရားမဝင်ကုန်သွယ်မှုများ လမ်းကြောင်းမှန်ပေါ်ရောက်ရှိရေးအတွက် လုပ်ပိုင်ခွင့်နှင့် ရာထူးအရှိန်အဝါမသုံးဘဲ ဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်

ရန်ကုန် ဩဂုတ် ၁၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် စားသုံးသူကာကွယ်ပေးရေးနှင့် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ကိစ္စရပ်များ ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားသည့် Mobile Team (ရန်ကုန်ဆိပ်ကမ်းနယ်မြေ)မှ တာဝန်ရှိသူများအား ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ နန်းသီတာဆိပ်ကမ်း၌ တွေ့ဆုံပြီး မြန်မာတစ်နိုင်ငံလုံး ကုန်သွယ်မှု ပမာဏ၏ ၈၀ ရာခိုင်နှုန်းကို ပင်လယ်ရေကြောင်းမှတစ်ဆင့် ဆောင်ရွက်လျက်ရှိရာတွင် တရားမဝင်ကုန်သွယ်မှုများကို နည်းမျိုးစုံဖြင့် လုပ်ဆောင်နေကြသည်ကိုသိရပါကြောင်း၊ သို့ဖြစ်၍ ပထမဆုံးအနေဖြင့် Mobile Team ဖြင့် ပင်လယ်ရေကြောင်းမှ တရားမဝင်ကုန်သွယ်မှုတားဆီးရေး လုပ်ငန်းကို ဩဂုတ် ၁၂ရက် (တနင်္လာနေ့)တွင် ဆောင်ရွက်တော့မည် ဖြစ်ပါကြောင်း၊ အခုလို ဆောင်ရွက်ရသည့် ရည်ရွယ်ချက်များမှာ တရားဝင် ကုန်သွယ်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိရေး၊ မှန်မှန်ကန်ကန်ဆောင်ရွက်သည့်ကုန်သည်များနှင့် ကုန်ထုတ်လုပ်သူများအတွက် အခွင့်အရေး တန်းတူရရှိရေး၊ စားသုံးသူအကာအကွယ်ပေးရေးနှင့် နိုင်ငံတော်၏ အခွန်ဘဏ္ဍာများ ဆုံးရှုံးမှုများကို ကာကွယ်ပေးရေး စသည်တို့ကို ဦးတည်ပြီး အောင်မြင်အောင် ကြိုးပမ်းကြရန်လိုပါကြောင်း။

ယခုလို ပထမဆုံးအကြိမ် လုပ်ဆောင်ရသည့် လုပ်ငန်းဖြစ်သည့်အတွက် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာမှာ အခက်အခဲအတားအဆီးများနှင့် စိန်ခေါ်မှုများကို ကြုံတွေ့ရမှာဖြစ်ပါကြောင်း၊ တွေ့ကြုံရသည့် အခြေအနေနှင့် သတင်းအချက်အလက်များကို တာဝန်ရှိသူများထံ အချိန်နှင့်တစ်ပြေးညီ သတင်းပို့ကြရန် အထူးလိုအပ်ပါကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကို လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရာတွင် မိမိ၏ လုပ်ပိုင်ခွင့်နှင့် ရာထူးအရှိန်အဝါကို မသုံးဘဲ ဆက်ဆံရေးပြေပြစ်စွာဖြင့် ဥပဒေနှင့်အညီ စနစ်တကျတာဝန်ထမ်းဆောင်ဖို့ လိုအပ်ပါကြောင်း၊ အထူးမှာကြားလိုသည်မှာ လက်တွေ့တာဝန် ထမ်းဆောင်ကြသည့်အခါ လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းစွာဖြင့် ပေးအပ်ထားသော တာဝန်များကို အောင်မြင်အောင် ထမ်းဆောင်ပြီး မိမိတို့ဌာန၏ဂုဏ်၊ နိုင်ငံတော်၏ ဂုဏ်တို့ကို မြှင့်တင်ရန်ဆောင်ရွက်ကြဖို့လိုအပ်ပါကြောင်းနှင့် အန္တရာယ်ကို သတိမူပြီး ရည်မှန်းချက်တာဝန်ကို အောင်မြင်စွာဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် Mobile Team **(ရန်ကုန်ဆိပ်ကမ်းနယ်မြေ)မှ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်ဆိပ်ကမ်း၌ ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

အကြီးမားဆုံးလူကုန်ကူးမှု တရားခံအဖြစ် သတ်မှတ်ခံရသူအား ထိုင်းနိုင်ငံ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်

ရန်ကုန် ဩဂုတ် ၁၁

ထိုင်းနိုင်ငံတွင် ဆယ်စုနှစ်များစွာ အခြေချနေထိုင်လျက်ရှိသူ မြန်မာနိုင်ငံသား ကိုမျိုး(ခ) အောင်မျိုးမင်းအား မြန်မာနိုင်ငံ လူကုန်ကူးမှုသမိုင်း၌ အကြီးမားဆုံး လူကုန်ကူးမှု တရားခံအဖြစ်သတ်မှတ်ကာ တရားစွဲဆိုနိုင်ရန်အတွက် ထိုင်းနိုင်ငံ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံလူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်ထွန်းက ပြောကြားသည်။

UNIAP နှင့်ထိုင်းနိုင်ငံအခြေစိုက် Myanmar Association Thailand (MAT) အဖွဲ့မှ ကာတန်ခရိုင်ရှိ ထိုင်းငါးဖမ်းလှေဆိပ်များတွင် မြန်မာလုပ်သားများ လူကုန်ကူးခံနေရခြင်းကို ဖော်ထုတ်ကယ်တင်နိုင်ရန် ထိုင်းနိုင်ငံ အထူးစုံစမ်းစစ်ဆေးရေးဌာန (DSI) သို့ သတင်းပေးပို့ခဲ့ရာ မတ် ၁၀ရက်တွင် ထိုင်းနိုင်ငံရဲတပ်ဖွဲ့နှင့် လူဝင်မှုကြီးကြပ်ရေးတို့ ပူးပေါင်း၍ စုံစမ်းမှုများပြုလုပ်ကာ လူကုန်ကူးခံရသူ မြန်မာနိုင်ငံသား ၁၄ဦးကို ကယ်တင်နိုင်ခဲ့ပြီး လူကုန်ကူးသူ အေးမင်းကို ဖမ်းဆီးနိုင်ခဲ့သည်ဟု မြန်မာနိုင်ငံ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ သိရသည်။

“ကျွန်တော် ငါးဖမ်းစက်လှေသုံးစင်းမှာသုံးခါရောင်းစားခံရပြီး နှစ်နှစ်ကျော်ကြာလုပ်ခဲ့ရပေမယ့် လုပ်အားခတွေ အိမ်ကိုတစ်ပြားမှ ပြန်မပို့နိုင်ခဲ့ပါဘူး”ဟု ကိုမျိုး၏ ရောင်းချခြင်းခံခဲ့ရပြီး ပြန်လည်လွတ်မြောက်လာသူ အောင်ဖြိုးဝေက ဆိုသည်။

ထို့ပြင် ကိုမျိုးသည် စက်လှေများသို့ တစ်ဆင့်ပြန်လည်ရောင်းချမည့် လုပ်သားများကို ညှဉ်းပန်းနှိပ်စက်ကာ အမျိုးသမီးများကို အဓမ္မပြုကျင့်ခဲ့သည့်အပြင် လုပ်အားခများကို ခေါင်းပုံဖြတ်ခဲ့ကြောင်း မျက်မြင်တွေ့ခဲ့ရသူ အောင်ဖြိုးဝေက ဆိုသည်။

ပြန်လည်လွတ်မြောက်လာသူ ၁၄ ဦးနှင့် လူကုန်ကူးသူ အေးမင်းတို့၏ ထွက်ဆိုချက်များအရ ကိုမျိုး(ခ) အောင်မျိုးမင်းမှာ လူကုန်ကူးမှုနှင့် လူသတ်မှုများတွင် အဓိက ခေါင်းဆောင်တစ်ဦးအဖြစ် ဖော်ထုတ်နိုင်ခဲ့ပြီး DSI က ဇူလိုင် ၁၀ရက်တွင် ကိုမျိုး လူသတ်မှုကျူးလွန်ရာတွင် မျက်မြင်သက်သေဖြစ်ခဲ့သူများအား ရနောင်းတွင် သွားရောက်တွေ့ဆုံ အတည်ပြုခဲ့ပြီး ဆက်လက်စုံစမ်းခဲ့ရာ စူရတ်ဌာနီဒေသတွင် နေထိုင်လျက်ရှိကြောင်း အဆိုပါဒေသ စတိုးဆိုင်များရှိ CCTV မှတ်တမ်းများမှ ဖော်ထုတ်နိုင်ခဲ့သည်။

ထို့နောက် ဩဂုတ် ၁ရက်တွင် ထိုင်းနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းများနှင့် မြန်မာသံရုံးမှ တာဝန်ရှိသူများ ပူးပေါင်းကာ စူရတ်ဌာနီရှိ ရော်ဘာတောတွင် ပုန်းအောင်းနေသည့် ကိုမျိုးနှင့် အပေါင်းအပါသုံးဦးကို ဖမ်းဆီးနိုင်ခဲ့သည်။ ကိုမျိုးအား ဖမ်းဆီးရာတွင် ၎င်းက လက်နက်ဖြင့် ပြန်လည်ခုခံသဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရာ တင်ပါးဆုံတွင် သေနတ်ဒဏ်ရာရရှိပြီး စူရတ်ဌာနီဆေးရုံကြီးတွင် ဆေးကုသမှုပေးထားကြောင်း သိရသည်။

မြန်မာနိုင်ငံသားဖြစ်သူ ကိုမျိုး(ခ) အောင်မျိုးမင်းအား ဥပဒေအရဆောင်ရွက်မှုများပြုလုပ်ရာတွင် “လတ်တလောမှာ ထိုင်းနိုင်ငံရဲ့ တရားစီရင်မှုတွေနဲ့ပဲ ဆောင်ရွက်သွားမှာပါ။ အခုဖြစ်စဉ်က နှစ်နိုင်ငံဆက်လက်ညှိနှိုင်းသွားရမယ့်ကိစ္စ ဖြစ်တယ်။ လူသတ်မှုအတွက် မျက်မြင်တွေ ပြောပြနိုင်မယ့်သူတွေကို မေးမြန်းနေဆဲကာလပဲရှိသေးတယ်။ လူကုန်ကူးမှုကို စစ်ဆေးနေတယ်။ မုဒိမ်းမှုကို အတည်ပြုဖို့အတွက် ပြန်ဖော်ထုတ်ပြီး စီစဉ်နေတာရှိတယ်။ ဒီဖော်ထုတ်မှုတွေပေါ်မှာမူတည်ပြီး တရားစွဲဆိုမှုတွေဆက်လုပ်သွားမယ်။ အရေးယူဆောင်ရွက်ဖို့အတွက် သူတို့က သက်သေလိုချင်တယ်ဆိုရင် မြန်မာနိုင်ငံဘက်က အဝေးရောက်သက်သေထွက်ဆိုချက်တွေ၊ မျက်မြင်သက်သေတွေကို မေးမြန်းပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမှာဖြစ်တယ်” ဟု ရဲမှူးကြီး ဝင်းနိုင်ထွန်းက ပြောကြားသည်။

“ပြန်လွှဲဖို့ကိစ္စကိုတော့ နောက်မှ ကျွန်တော်တို့ ဆောင်ရွက်သွားမှာဖြစ်တယ်။ ဒီဘက်မှာလည်း အမှုတွေဖွင့်ထားတာ ရှိသေးတယ်။ ဒါကြောင့် သူတို့ဘက်က ဆောင်ရွက်ချက်တွေကို လျင်လျင်မြန်မြန်ပြီးအောင် ဆောင်ရွက်နိုင်ဖို့ အဓိကထားပြီး ပံ့ပိုးသွားမှာဖြစ်တယ်”ဟု ၎င်းကဆက်လက်ပြောကြားသည်။ ယခုနှစ် မေ ၂၉ ရက်က ထုတ်ပြန်သောEJF (Environmental Justice Foundation)၏ အစီရင်ခံစာတွင် ကိုမျိုးအား လူကုန်ကူးမှု၊ လူသတ်မှုနှင့် အဓမ္မကျူးလွန်မှုများ ပြုလုပ်ခဲ့သည်ဟု မျက်မြင် သက်သေများ၏ ထွက်ဆိုချက်များကို ၎င်းတို့၏ ဓာတ်ပုံများနှင့်တကွ ဖော်ပြထားသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ဩဂုတ် ၁၁ ရက်က ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်- ဒေါ်သက်သက်ဆွေ မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်လက်ခံစဉ်။ (သတင်းစဉ်)

လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr.Tomas Ojea Quintana ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် ဩဂုတ် ၁၁

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr.Tomas Ojea Quintana သည် ယနေ့ညနေ ၆ နာရီ မိနစ် ၄၀ တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေကိုယ်စားလှယ်ရုံးတို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့် ရန်ကုန်မြို့တို့၏အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။



နိုင်ငံတကာသတင်း

အီရတ်နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွား ကားဗုံးခွဲ တိုက်ခိုက်မှုများကြောင့် လူ ၈၀ ခန့် သေဆုံးပြီး ၂၅၀ ဒဏ်ရာရ

ဘဂ္ဂဒက် ဩဂုတ် ၁၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ကို အဓိက ဦးတည်၍ အီရတ်နိုင်ငံတစ်ဝန်းတွင် အကြမ်းဖက်တိုက်ခိုက်မှုအများအပြား ရိုက်ခတ်ဖြစ်ပွားခဲ့ရာ အနည်းဆုံးလူ ၈၀ သေဆုံးပြီး ၂၅၀ ဒဏ်ရာရရှိသွားကြောင်း အီရတ်ရဲတပ်ဖွဲ့ကပြောကြားသည်။

ဈေးများ၊ စားသောက်ဆိုင်များနှင့်ကော်ဖီဆိုင်များကို ပစ်မှတ်ထား၍ ကားဗုံးခွဲတိုက်ခိုက်မှု ၁၀ခု ဘဂ္ဂဒက်တွင် ဖြစ်ပွားခဲ့ရာ မွတ်စလင် ဥပုသ်လပြီးဆုံးသည့်ပွဲတော်ဆင်ယင်ကျင်းပနေသော အီရတ်လူမျိုး ၁၇ ဦး အနည်းဆုံးသေဆုံးသွားပြီး ၁၀၀ ဒဏ်ရာရရှိသွားသည်။

ဘဂ္ဂဒက်မြောက်ဘက်ကီလိုမီတာ ၂၀၀ ခန့်တွင် တည်ရှိသော တွတ်ဇ်ခါမာတူမြို့ ရှီးယိုက်ဝတ်ကျောင်းတစ်ခုအနီး အသေခံတိုက်ခိုက်မှုတွင် ၁၁ ဦးသေဆုံးပြီး ၆၀ ဒဏ်ရာရရှိသည် ဟု ဒေသဆိုင်ရာရဲတပ်ဖွဲ့က ဆင်ဟွာသို့ ပြောကြားသည်။

ဘဂ္ဂဒက်တောင်ဘက်ကီလိုမီတာ ၃၅၀ အကွာတွင်ရှိသော နာဆာရီယာ အလယ်ပိုင်းနှင့် မြောက်ပိုင်းကားဗုံးခွဲမှုနှစ်ခုတွင် လေးဦးသေဆုံးကာ ၆၇ ဦးဒဏ်ရာရရှိသွားသည်။

ဘဂ္ဂဒက်မြောက်ဘက်ကီလိုမီတာ ၂၅၀ အကွာ ရာကွတ်မြို့ ရှီးယိုက်ဝတ်ကျောင်းတစ်ခုအနီးတွင်လည်း ကားဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့ရာ တစ်ဦးသေ၊ လေးဦးဒဏ်ရာရကြောင်း သတင်းရင်းမြစ်တစ်ခုက သတင်းပေးပို့သည်။ ဘာသာရေးအထွတ်အမြတ်မြို့တော် ကာဘာလာရှိ နာမည်ကျော် လူစည်ကားသော ဈေးတစ်ခုအနီး ကားဗုံးပေါက်ကွဲမှုတွင် ငါးဦးသေကာ ၁၁ ဦး ဒဏ်ရာရရှိသွားပြီး ဘဂ္ဂဒက်တောင်ဘက် ကီလိုမီတာ ၅၀ အကွာရှိ အယ်လ်မူဆက်မြို့တွင် ဖြစ်ပွားသည့် လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုတွင် နှစ်ဦးသေဆုံး၊ ရှစ်ဦးဒဏ်ရာရရှိသွားသည်။

အီရတ်နိုင်ငံသည် လက်ရှိကာလ၌ ရင်ဆိုင်နေရသော အဆိုးရွားဆုံး အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် လွန်ခဲ့သော ငါးနှစ်တာကာလ ပြည်တွင်း ပဋိပက္ခများထိပ်ဆုံးသို့ ရောက်ခဲ့သည့် ၂၀၀၆ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်က အခြေ အနေများဆီသို့ နောက်ကြောင်းပြန်လှည့်သွားမည်ကိုစိုးရိမ်မှုများ မြင့်တက်လာနေသည်။ ထိုစဉ်ကအကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လစဉ်သေဆုံးမှုများမှာ အချို့လများတွင် ၃၀၀၀ကျော် အထိရှိခဲ့သည်။ **(ဆင်ဟွာ)**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် မြောက် ဘက် ကီလိုမီတာ ၂၀၀ ခန့်တွင် တည်ရှိသော တွတ်ဇ်ခါမာတူမြို့တွင် ဩဂုတ် ၁၀ ရက်က လူ ၁၁ ဦး သေဆုံးခဲ့သည့် အသေခံ ကားဗုံးခွဲ တိုက်ခိုက်မှုဖြစ်ပွားခဲ့သည့်နေရာကို တွေ့ရစဉ်။

(ဓာတ်ပုံ - ဆင်ဟွာ)

ထိုင်းနိုင်ငံမြောက်ပိုင်းရှိ စစ်သွေးကြွများကို အီဂျစ်က လေကြောင်းမှ တိုက်ခိုက်

ဆိုင်းနိုင်းမြောက်ပိုင်း ဩဂုတ် ၁၁

အစ္စရေးနှင့်နယ်နိမိတ်ဆက်စပ်နေသော ဆိုင်းနိုင်းမြောက်ပိုင်းဒေသရှိ ဂျီဟတ်ဝါဒီစစ်သွေးကြွများ ခိုလှုံရာနေရာများကို အီဂျစ်စစ်တပ်က လေကြောင်းတိုက်ခိုက်မှုတစ်ခု ယမန်နေ့ကပြုလုပ်ခဲ့ရာ စစ်သွေးကြွလေးဦး အနည်းဆုံးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိကြောင်း ဒေသလုံခြုံရေး သတင်းရင်းမြစ်တစ်ခုက ဆင်ဟွာသို့ပြောကြားသည်။

ဆိုင်းနိုင်းမြောက်ပိုင်း ရှိတ်ဇေဝိတ်မြို့အနီးမှ အဲလ်ကိုမာရွာအတွင်းရှိ အိမ်တစ်လုံး၊ တဲတစ်လုံးနှင့်ကားတစ်စီးကို ပစ်မှတ်ထားကာ လေကြောင်းမှ ဒုံးကျည် ၁၀ စင်းပစ်လွှတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဂျီဟတ်ဝါဒီတို့က အမြောက်ကြီးများဖြင့် ပြန်လည်ပစ်ခတ်ခဲ့သော်လည်း အရာမရောက်ခဲ့ကြောင်း အဆိုပါ သတင်းရင်းမြစ်ကပြောကြားသည်။

ဆိုင်းနိုင်းမြောက်ပိုင်းနေ ပြည်သူများ၊ ရဲတပ်ဖွဲ့များနှင့် စစ်တပ်တို့ကို ဦးတည်၍ တိုက်ခိုက်မှုများပြုလုပ်ရန် စီမံချက်ချ လုပ်ဆောင်နေကြသော အကြမ်းဖက်အုပ်စုများကို မိမိတို့လက်နက်ကိုင်တပ်ဖွဲ့များက တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဘက်ရေးရာ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး အာမက်မိုဟာမက်အလီက ယမန်နေ့ကပြောကြားသည်။

ဩဂုတ် ၉ ရက်ကလည်း မြောက်ပိုင်းဆိုင်းနိုင်းဒေသ ရာဖာမြို့ရှိ ဂျီဟတ်ဝါဒီစစ်သွေးကြွများ၏ ဒုံးကျည်အခြေစိုက်စခန်းတစ်ခုကို အီဂျစ်စစ်ရဟတ်ယာဉ်နှစ်စင်းက တိုက်ခိုက်ခဲ့ကြောင်း လုံခြုံရေးသတင်းရင်းမြစ်တစ်ခုမှ ထုတ်ဖော်ပြောကြားချက်ကို ကိုးကား၍ မီနာသတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။ **(ဆင်ဟွာ)**

အီတလီကမ်းခြေရှိ သင်္ဘောပျက်အတွင်း ဆီးရီးယားခြောက်ဦး သေဆုံးလျက်တွေ့ရှိ

ကာတာနီးယား(အီတလီ) ဩဂုတ် ၁၁

အီတလီနိုင်ငံတောင်ပိုင်း ကမ်းခြေတစ်ခုတွင် နစ်မြုပ်ပျက်စီး သင်္ဘောတစ်စင်းအတွင်းမှ ရွှေ့ပြောင်းလာသူ ခြောက်ဦး၏ ရုပ်အလောင်းများကို သီးခြားစီတွေ့ရှိရကြောင်း ဩဂုတ် ၁၀ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဆီးရီးယားနိုင်ငံသားများဟု သတင်းများက ဖော်ပြခဲ့သော ပြောင်းရွှေ့လာသူ ၁၀၀ ခန့်ကို ကယ်တင်ခဲ့ရကြောင်း ကာတာနီယား ဆစ္စလီယန် ဆိပ်ကမ်းရှိ တာဝန်ရှိသူများက ပြောသည်။ အဆိုပါပြောင်းရွှေ့လာသူများသည် ကမ်းခြေမှ ပေ ၅၀ အကွာ စက်လှေတစ်စင်းပေါ်မှ ရေထဲခုန်ချပြီး အချို့ရေမကူးနိုင်သဖြင့် သေဆုံးခဲ့ရသည်။

အီတလီနိုင်ငံ၌ ယခုနှစ် ပထမနှစ်ဝက်အတွင်း တရားမဝင်ရွှေ့ပြောင်းလာသူများနှင့် ခိုးဝင်လာသူ ၇၈၀၀ ခန့်ရှိကြောင်း ကုလသမဂ္ဂက ပြောသည်။ ယင်းတို့မှာ ဆာဟာရဒေသခွဲ အာဖရိကနိုင်ငံများမှ ဖြစ်ကြသည်။ အထူးသဖြင့် ဆိုမာလီယာနှင့် အီရီထရီးယားနိုင်ငံများမှဖြစ်သည်။ သို့သော်လည်း လွန်ခဲ့သော ရက်များက ဆီးရီးယားနှင့်အီဂျစ်နိုင်ငံသားများ လာရောက်မှုအများဆုံးဖြစ်သည်ဟု အီတလီတာဝန်ရှိသူများက ပြောသည်။ ဩဂုတ် ၁၀ ရက်က ဖြစ်ပွားခဲ့သော ယင်းဖြစ်စဉ်တွင် စက်လှေတစ်စင်းအတွင်း လူ ၁၂၀ ခန့် လိုက်ပါလာခဲ့ပြီး အမျိုးသမီးနှင့်ကလေး ၁၇ ဦး လိုက်ပါခဲ့ကြောင်း သတင်းများက ဖော်ပြသည်။ **(ဘီဘီစီ)**

မာလီသမ္မတရွေးကောက်ပွဲ ဝန်ကြီးချုပ်ဟောင်း အနိုင်ရမည်မျှော်လင့်

မာလီ ဩဂုတ် ၁၁

မာလီပြည်သူများက သမ္မတရွေးကောက်ပွဲတွင် ဆန္ဒမဲပေးရန် စတင် ပြင်ဆင်နေကြပြီဖြစ်ကြောင်း ဩဂုတ် ၁၁ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ပထမအကျော့မဲပေးရာတွင် ၄၀ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိထားသော ဝန်ကြီးချုပ်ဟောင်း အီဘရာဟင်ဘိုးဘာကာကိတာသည် ဘဏ္ဍာရေးဝန်ကြီးဟောင်း ဆိုမီလာဆစ်ဆေးကို ထိုးနှက်အနိုင်ယူလိမ့်မည်ဟု အများစုက မျှော်လင့်နေကြသည်။ အဆိုပါ သမ္မတရွေးကောက်ပွဲသည် အာဏာသိမ်း၍ ပြင်သစ် ဦးဆောင်သော တပ်များက မြောက်ပိုင်းမှ အစ္စလာမ္မစ်သူပုန်များကို တိုက်ထုတ်ပေးပြီးနောက် တစ်နှစ်ကျော်အကြာတွင် ကျင်းပခြင်းဖြစ်သည်။

ရွေးကောက်ပွဲအနိုင်ရရှိသူသည် ပြည်ပအကူအညီ အမေရိကန်ဒေါ်လာ လေးဘီလီယံကျော်ရယူကာ နိုင်ငံ ပြန်လည်ထူထောင်ရေး ပြုလုပ်ပေးရန် ကတိကဝတ်များ ပြုထားကြသည်။ မာလီနိုင်ငံတွင် ပြင်သစ်တို့က ၎င်း၏တပ်ဖွဲ့ဝင် ၃၀၀၀ စတင်ရုပ်သိမ်းပြီးကတည်းက ကုလသမဂ္ဂတပ်ဖွဲ့ဝင် ၁၂၆၀၀ ဖြန့်ကြက်ချထားသည်။ **(ဘီဘီစီ)**

စက်မှုဝန်ကြီးဌာန

အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂၇)၊ စက်မှုကုန်ကြမ်းဌာန ကြီးကြပ်မှုအောက်ရှိရော်ဘာခြံများအား အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားသူများအား ဖိတ်ခေါ်ခြင်း

(Expression of Interest)

ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးများတွင်ရှိသော အမှတ်(၂၇) စက်မှုကုန်ကြမ်းဌာန ကြီးကြပ်မှုအောက်ရှိ ရော်ဘာခြံများတွင် ရော်ဘာအစေးလှီးလုပ်ငန်း၊ ထိန်းသိမ်းလုပ်ငန်း၊ အပင်အိုခုတ်လှဲ/ပြန်စိုက်လုပ်ငန်းများအား စိတ်ဝင်စားသူ ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားရန် အစီအစဉ်ရှိပါသည်။

ပထမအဆင့်အနေဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များသည် စိတ်ဝင်စားမှုဖော်ပြခြင်း လျှောက်လွှာ (Expression of Interest)အား လုပ်ကိုင်လိုသော လုပ်ငန်းအမျိုးအစား၊ ရော်ဘာခြံအမည်၊ တည်နေရာ၊ လုပ်ကိုင်လိုသည့် ဧရိယာအရေအတွက်၊ လုပ်ကိုင်လိုသော ပုံစံများအား အကြမ်းဖျင်း အဆိုပြုဖော်ပြလျက် မိမိတို့၏လုပ်ငန်း၊ ကုမ္ပဏီဆိုင်ရာ အထောက်အထားများနှင့်အတူ အောက်ပါလိပ်စာသို့ ၂၈-၈-၂၀၁၃ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

အဆိုပြုပေးပို့လာသည့် စိတ်ပါဝင်စားသူလုပ်ငန်းရှင်များအား ဌာနမှဖိတ်ခေါ်တွေ့ဆုံ၍ ဆောင်ရွက်နိုင်မည့် အခြေအနေအား ရှင်းလင်းညှိနှိုင်း ဆွေးနွေးသွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါကလည်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမှတ်(၂၇) စက်မှုကုန်ကြမ်းဌာန၊ မရမ်းကုန်းရော်ဘာခြံ၊ ကျိုက်ထိုမြို့နယ်၊
မွန်ပြည်နယ်၊ ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ် (၁၁၁)
ဖုန်း-၀၉-၅၆၄၀၉၁၉၊ ၀၉-၈၆၁၁၆၇၅၊ ၀၉-၈၆၁၈၂၉၇

အာဖဂန်နစ္စတန်တွင် တရုတ်နိုင်ငံသားငါးဦးတိုက်ခိုက်ခံရ ကိုယ်လွတ်ရုန်းပြေးခဲ့သူတစ်ဦး အသက်ရှင်လွတ်မြောက်လာ

ကဘူးလ် ဩဂုတ် ၁၁

အာဖဂန်နစ္စတန်နိုင်ငံ၏မြို့တော် ကဘူးလ်တွင် ဩဂုတ် ၈ ရက်က တရုတ်နိုင်ငံသားအချို့ကို လက်နက်ကိုင်တစ်စုက တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာတွင် တရုတ်လူမျိုးတစ်ဦး ကိုယ့်ဘာသာ ကိုယ်လွတ်ရုန်းအသက်ရှင်လွတ်မြောက်လာကြောင်း ကဘူးလ်ရှိ တရုတ်သံရုံးက ဆင်ဟွာသို့ ဩဂုတ် ၁၁ ရက်တွင် ပြောကြားသည်။

ဖြစ်ပွားမှုမှာ ထိုနေ့က အမည်မသိလက်နက်ကိုင်များက တရုတ်နိုင်ငံသားများကို ပစ်ခတ်တိုက်ခိုက်ခဲ့ရာတွင် သုံးဦးသေဆုံးခဲ့ပြီး နှစ်ဦးပျောက်ဆုံးနေခဲ့သည်ဟု ဆိုသည်။ ပျောက်ဆုံးသူနှစ်ဦးအနက် တစ်ဦးဖြစ်သူ ထွက်ပြေးလွတ်မြောက်လာခဲ့ခြင်းဖြစ်ပြီး တရုတ်သံရုံးက လုံခြုံဘေးကင်း ရာတွင် ထားရှိပေးထားကြောင်း သိရသည်။

တရုတ်သံရုံး၏ ပြောကြားချက်အရ ဩဂုတ် ၉ ရက်နံနက်ပိုင်းတွင် ၎င်းတရုတ်နိုင်ငံသားကို အာဖဂန်နိုင်ငံသား လက်နက်ကိုင်များက ကားပေါ်အတင်းအကြပ်တင်၍ ကဘူးလ်မြို့ပြင်သို့ မောင်းနှင်ခဲ့ကြောင်း ထိုအချိန်တွင် ၎င်းက ကိုယ့်ဘာသာ ကားအတွင်းမှ လွတ်မြောက်ရန် ကြံဖန်ပြီး လမ်းပေါ်သို့ ခုန်ချထွက်ပြေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လမ်းမပေါ်သို့ လွတ်မြောက်ပြီးနောက် ထွက်ပြေးခဲ့ရာ အမေရိကန်စစ်စခန်းကို တွေ့ရှိပြီး အကူအညီတောင်းခဲ့သည်။ အမေရိကန်တပ်ဖွဲ့ဝင်များက ၎င်းကို အစစအရာရာကူညီ၍ တရုတ်သံရုံးသို့ လာရောက်ပို့ဆောင်ပေးခဲ့ခြင်းဖြစ်သည်။

ကျန်ရှိပျောက်ဆုံးနေဆဲ တရုတ်နိုင်ငံသားကို ဆက်လက်ရှာဖွေနေဆဲဖြစ်သည်။ ထိုနေ့က တိုက်ခိုက်ခံရသူ တရုတ်လူမျိုးငါးဦးစလုံးသည် ကိုယ်ပိုင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများဖြစ်ကြသည်။

ယင်းတိုက်ခိုက်မှုသည် တရုတ်နိုင်ငံသားများကို ဦးတည်ပစ်မှတ်ထားပြီး လာရောက်၍ တိုက်ခိုက်ခဲ့သလားဆိုသည်ကိုမူ အသေအချာမသိရသေးကြောင်း ဆင်ဟွာသတင်းက ဖော်ပြသည်။ **(ဆင်ဟွာ)**

ကနေဒါညီအစ်ကိုနှစ်ဦး စပါးအုံးမြွေသတ်၍သေ

နယူးဘရန်းဆွစ် ဩဂုတ် ၁၁

ကနေဒါနိုင်ငံတွင် ညီအစ်ကိုနှစ်ဦး တိရစ္ဆာန်အရောင်းဆိုင် အပေါ်ထပ်ရှိ သူငယ်ချင်း၏နေအိမ်၌ အိပ်ပျော်နေစဉ် လွတ်မြောက်လာသော စပါးအုံးမြွေတစ်ကောင်၏ သတ်ဖြတ်မှုကြောင့် သေဆုံးရကြောင်း ဩဂုတ် ၁၁ ရက် ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

အဆိုပါ ညီအစ်ကိုနှစ်ဦးကို နယူးဘရန်းဆွစ်ပြည်နယ် ကမ့်ဘယ်တန်မြို့ရှိ တိရစ္ဆာန်အရောင်းဆိုင်တစ်ဆိုင်၏အပေါ်ထပ်၌ တနင်္လာနေ့နံနက်ပိုင်းက သေဆုံးလျက်တွေ့ခဲ့ရကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

ယင်းတို့သည် အသက်ခြောက်နှစ်အရွယ်ရှိ ကော်နာဘာတေးနှင့် အသက်လေးနှစ်အရွယ်ရှိ နိုအာတို့ဖြစ်ကြသည်။ ယင်းတို့ ညီအစ်ကိုနှစ်ဦးအား မိဘများက တစ်နေရာတည်းတွင် မြှုပ်နှံရန်လိုလားကြသည်။

၁၄ ပေရှည်သော အဆိုပါမြွေကြီးသည် မှန်လှောင်အိမ်ကို ဖောက်ထွက်ပြီး မျက်နှာကြက်မှတစ်ဆင့် ကလေးများအိပ်ပျော်နေသော ဧည့်ခန်းအတွင်း ဝင်ရောက်ခဲ့သည်ဟု ဆိုသည်။ **(ဘီဘီစီ)**

လူကုန်ကူးမှု တိုက်ဖျက်ရာမှာ မီဒီယာနဲ့ လူမှုအဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်သင့်

ထိုင်းနိုင်ငံတွင် ဆယ်စုနှစ်များစွာ အခြေချနေထိုင်လျက်ရှိသူ မြန်မာနိုင်ငံသား ကိုမျိုး(ခ) အောင်မျိုးမင်းကို ဩဂုတ် ၁ ရက်က ထိုင်းနိုင်ငံ စူရတ်ဌာနီဒေသရှိ ရော်ဘာတောတစ်ခုအတွင်း လူကုန်ကူးသူ ဂိုဏ်းခေါင်းဆောင်အဖြစ် ထိုင်းအစိုးရ အာဏာပိုင်အဖွဲ့အစည်းများက ဖမ်းဆီးခဲ့သည်။ အဆိုပါဖြစ်စဉ်အား လက်ရှိဆောင်ရွက်ထားမှုအခြေအနေနှင့်ပတ်သက်၍ မြန်မာနိုင်ငံလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်ထွန်းအား မြန်မာ့သတင်းစဉ်(ပြည်တွင်း) သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့ပါသည်။ **(ယာပုံ)**

တွေ့ဆုံမေးမြန်း - ရဲခေါင်ညွှန့်၊ မြတ်သန္တာမောင်

မေး ။ ။ ထိုင်းနိုင်ငံမှာ လူကုန်ကူးမှုတရားခံအဖြစ် ဖမ်းဆီးခြင်းခံထားရတဲ့ ကိုမျိုး (ခ) အောင်မျိုးမင်းနဲ့ ပတ်သက်ပြီး လက်ရှိဆောင်ရွက်နေတဲ့ အခြေအနေကိုသိပါရစေ။

ဖြေ ။ ။ ဒီကိစ္စကတော့ နှစ်နိုင်ငံဆက်လက်ညှိနှိုင်းသွားရမယ့်ကိစ္စဖြစ်ပါတယ်။ ကိုမျိုး (ခ) အောင်မျိုးမင်းရဲ့ လူသတ်မှုအတွက် မျက်မြင်တွေပြောပြနိုင်မယ့် သူတွေကို မေးမြန်းနေဆဲအဆင့်သာရှိသေးတယ်။ လူကုန်ကူးမှုကို စစ်ဆေးနေတယ်။ မှုဒိမ်းမှုကို အတည်ပြုဖို့အတွက် ပြန်ဖော်ထုတ်ပြီး စီစဉ်နေတာရှိတယ်။ ဒီစစ်ဆေးမှုကနေ ပေါ်ပေါက်လာတဲ့ အမှုတွေကိုမှ ရှေ့နေချုပ်ရုံးကိုတင်ပြီး တရားစွဲဆိုမှုတွေ ဆက်လုပ်သွားမယ်။ အရေးယူဆောင်ရွက်ဖို့အတွက် သူတို့က သက်သေလိုချင်တယ်ဆိုရင် မြန်မာနိုင်ငံဘက်က အဝေးရောက်သက်သေထွက်ဆိုချက်တွေ၊ မျက်မြင်သက်သေတွေကိုမေးမြန်းပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်တယ်။ လတ်တလောမှာ တရားစီရင်မှုတွေကို ထိုင်းနိုင်ငံရဲ့ တရားစီရင်မှုတွေနဲ့ပဲ ဆောင်ရွက်သွားမှာပါ။

မေး ။ ။ ကိုမျိုးဟာ မြန်မာနိုင်ငံသားဆိုတော့ သူနေထိုင်ရာဇာတိကိုလည်းပြောပြပေးပါ။ ပြစ်မှု ကျူးလွန်ခဲ့တာတွေ ရှိခဲ့ပါသလား။ ရှိခဲ့ဖူးရင် သိချင်ပါတယ်။

ဖြေ ။ ။ တရားခံပြေးအဖြစ် သတ်မှတ်ထားတာ ရှိခဲ့ဖူးပါတယ်။ ၂၀၁၀ ခုနှစ်မှာ ထိုင်းငါးဖမ်းစက်လှေပေါ်မှာ မြန်မာအလုပ်သမားတွေကို ရောင်းစားခဲ့တဲ့သူဖြစ်တယ်။ အလားတူပဲ အင်ဒိုနီးရှားရေပိုင်နက်မှာ သွားရောက်ဖမ်းဆီးခဲ့တဲ့ ထိုင်းငါးဖမ်းစက်လှေပေါ်မှာ အလုပ်လုပ်နေတဲ့ မြန်မာအလုပ်သမား ၁၅ ယောက်ကို လူကုန်ကူးခံရမှုကနေ ကယ်တင်ခဲ့ဖူးတယ်။ သူတို့တွေ မြဝတီကနေ တရားဝင်ပြန်လည်ရောက်ရှိလာပြီး ပြန်လည်ပြောပြမှုအရ လူကုန်ကူးခဲ့သူမှာ ကိုမျိုး (ခ) အောင်မျိုးမင်းဖြစ်ကြောင်း ကျွန်တော်တို့ သိခဲ့ရတယ်။ အဲဒီနှစ်မှာပဲ ကော့သောင်းမှာ မြန်မာနိုင်ငံက လူကုန်ကူးမှု တရားခံပြေးအနေနဲ့ အမှုဖွင့်ပြီး ဝရမ်းထုတ်ပြန်ခဲ့တယ်။ ဇာတိက ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အုန်းနဲ့ကုန်းဘက်ကလို့ သိရတယ်။ နောက် သူက ထိုင်းနိုင်ငံမှာ နေထိုင်တာ နှစ်ရှည်လများ ဆယ်စုနှစ်တွေချီပြီး နေထိုင်ခဲ့တာဆိုတော့ သူ့အကြောင်း ပြန်လိုက်ဖို့အတွက် သူ့ဇာတိမှာ ဖြေနိုင်သူသိပ်မရှိခဲ့ဘူး။

မေး ။ ။ ဒါဆိုတရားခံပြေးအဖြစ် ကြေညာခဲ့ပြီးကတည်းက ပျောက်နေသူဆိုတော့ ဘယ်အချိန်ကစပြီး သူရဲ့ကွင်းဆက်ကို ပြန်လည်ဖော်ထုတ်နိုင်ခဲ့တာပါလဲ။

ဖြေ ။ ။ သူ့အကြောင်းပြန်ပေါ်လာတာက မတ်လ ၆ ရက်နေ့မှာ UNIP နဲ့ ထိုင်းနိုင်ငံ အခြေစိုက် Myanmar Association Thailand (MAT) အဖွဲ့ကနေ သတင်းပေးတယ်။ ကာတန်ခရိုင် ထိုင်းငါးဖမ်းလှေဆိပ်တွေမှာ မြန်မာအလုပ်သမားတွေလူကုန်ကူးခံနေရတာကို ဖော်ထုတ်ကယ်တင်ဖို့ ထိုင်းနိုင်ငံအထူးစုံစမ်းစစ်ဆေးရေးဌာန (DSI) ကို request လုပ်တယ်။မတ်လ ၁၀ရက်နေ့မှာ ထိုင်းရဲနဲ့ immigration ပူးပေါင်းပြီး လူကုန်ကူးခံရသူ ၁၄ယောက်ကို ကယ်တင်နိုင်ခဲ့တယ်။ ဒီလိုကယ်တင်ရာမှာ လူကုန်ကူးတရားခံ အေးမင်းကို ဖမ်းဆီးရမိပြီး စစ်ဆေးရာမှာ အဓိကခေါင်းဆောင်ဟာ ကိုမျိုးဖြစ်တယ်လို့ ထွက်ဆိုခဲ့တယ်။ လွတ်မြောက်လာသူတွေက ကိုမျိုးဟာ လူကုန်ကူးမှုသာမကဘဲ လူသတ်မှုများကိုပါ ကျူးလွန်ခဲ့ခြင်းကို သူတို့ကိုယ်တိုင်တွေ့ရတယ်လို့ပြောတယ်။

မေး ။ ။ ကိုမျိုးရဲ့ ကွင်းစကို ဒီလိုရရှိတော့ ဆရာတို့အနေနဲ့ ထိုင်းနိုင်ငံနဲ့ ဘယ်လို ဆက်လက်ပူးပေါင်းဆောင်ရွက်ခဲ့ပါသလဲ။

ဖြေ ။ ။ ထိုင်းရဲများက စစ်ဆေးရာမှာ လူကုန်ကူးမှုကိုသာ စစ်ဆေးပြီး လူသတ်မှုနှင့် အဓမ္မမှုများကို အဓိကထား စစ်ဆေးခြင်းမပြုတာကို သိရှိရတဲ့အတွက် မြန်မာနိုင်ငံလူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှ ဧပြီ ၂၁ တွင် ကျွန်တော်ကိုယ်တိုင်ဦးစီးပြီး ထိုင်းနိုင်ငံသို့ သွားရောက်ပါတယ်။ DSI အဖွဲ့နဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ အခုလို တွေ့ဆုံတော့ ကျွန်တော့်အပြင် UNIAP မှ ဒေါ်ဥမ္မာအိအိချောရယ် အခြားပညာရှင်တွေနဲ့ MAT အဖွဲ့ဝင်တွေပါတယ်။ ဒီဆွေးနွေးပွဲမှာ မျက်မြင်တွေ့ရှိခဲ့သူတွေ ပြန်လည်ပြောပြတဲ့ အသံဖိုင်တွေကို ချပြခဲ့ပြီး ဒီအမှုကို သေချာဖော်ထုတ်ပေးဖို့ ကျွန်တော်တို့ဘက်က တောင်းဆိုခဲ့ပါတယ်။

မေး ။ ။ ဆရာတို့အနေနဲ့ ကိုမျိုးဟာ လူကုန်ကူးမှုအပြင် တခြားအမှုတွဲတွေပါရှိခဲ့တာကို ဘယ်လို အထောက်အထားတွေနဲ့ ပြောနိုင်ခဲ့တာပါလဲ။

ဖြေ ။ ။ EJF (Environmental Justice Foundation) က မေ ၂၉ ရက်မှာ ထုတ်ပြန်တဲ့ အစီရင်ခံစာမှာ ကိုမျိုးနဲ့ပတ်သက်ပြီး မျက်မြင်တွေရဲ့ ထွက်ဆိုချက်တွေပါရှိတယ်။ အဲဒီ EJF က စာအုပ်ကလည်း သက်သေအထောက်အထားတစ်ခုဖြစ်ခဲ့တယ်။ သူတို့ အဲလောက်အထိ ပြစ်မှုကျူးလွန်လိမ့်မယ်လို့ DSI က အစတုန်းက မထင်ခဲ့ဘူး။ အဲဒီအချိန်မှာ ကျွန်တော်တို့က အထောက်အထားနဲ့ ပေါ်ပေါက်လာတဲ့အတွက် မြန်မာနိုင်ငံရဲ့ လူကုန်ကူးမှုကျူးလွန်သူတွေထဲမှာ အကြီးမားဆုံးတရားခံလို့ ပြောလို့ရတယ်။ ကျွန်တော်တို့ဘက်ကလည်း လူသတ်မှုနဲ့ အဓမ္မပြုကျင့်မှုတွေကို အရေးယူဆောင်ရွက်ပေးဖို့ ဖိအားပေးခဲ့တယ်။

မေး ။ ။ ကိုမျိုးကို ဖမ်းဆီးရမိဖို့ ဘယ်လိုဆောင်ရွက်ခဲ့တယ်ဆိုတာနဲ့ သူ့ရဲ့လက်ရှိအခြေအနေကို သိပါရစေ။

ဖြေ ။ ။ DSI က ဇူလိုင်လ ၁၀ ရက်နေ့ ပတ်ဝန်းကျင်မှာ ရနောင်းမှာ လူသတ်တယ်လို့ မျက်မြင်သက်သေဖြစ်သူတွေကိုအင်တာဗျူးသွားလုပ်ပြီး အတည်ပြုမှုတွေလုပ်တယ်။ ဆက်လက်နောက်ကြောင်းလိုက်ရင်းနဲ့ စူရတ်ဌာနီကို ရောက်တယ်။ ကုန်စုံဆိုင်တွေမှာ ဝင်သွားတာတွေကို CCTV မှတ်တမ်းတွေကနေ သိရတယ်။ တောက်လျှောက်နောက်ယောင်ခံလိုက်ရင်း ရော်ဘာတောတဲမှာ ပုန်းအောင်းပြီး အခြေပြုနေတာကို သိရတယ်။ ၂၀၁၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှာ ထိုင်းအာဏာပိုင်အဖွဲ့အစည်းငါးခုနဲ့ မြန်မာသံရုံးကအဖွဲ့ဝင်တွေက စူရတ်ဌာနီက ရော်ဘာတောအတွင်းမှာ ဖမ်းဆီးနိုင်ခဲ့တယ်။ သူကလည်း သေနတ်ကိုင်ဆောင်သူဖြစ်တဲ့အတွက် ပစ်ခတ်ဖမ်းဆီးခဲ့ရတယ်။ အဲဒီမှာရရှိခဲ့တဲ့ ဒဏ်ရာအတွက် စူရတ်ဌာနီဆေးရုံကြီးမှာ ဆေးကုသပေးနေတယ်လို့ သိရတယ်။ မကြာသေးခင်က ကျွန်တော်တို့ ပုဂံမှာကိုးကြိမ်မြောက် DSI နဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ အစည်းအဝေးလုပ်ခဲ့တယ်။ နှစ်ဖွဲ့ပူးပေါင်းပြီး အောင်မြင်မှုတွေနဲ့ ပတ်သက်တဲ့ Presentation တွေ လုပ်တဲ့အခါ ကိုမျိုးနဲ့ ပတ်သက်တဲ့ Presentationမှာ မူးယစ်ဆေးဝါးနဲ့ ပတ်သက်တာတော့ မတွေ့ရဘူး။

မေး ။ ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ပြည်သူလူထုကို ဆရာ့အနေနဲ့ ပြောချင်တာများ ရှိပါသလား။

ဖြေ ။ ။ လူတစ်ယောက်ရဲ့ အခွင့်အရေး (right)ကို ချိုးဖောက်ခံရတဲ့ ပြစ်မှုတွေအနေနဲ့ ကျွန်တော်တို့ အစိုးရတစ်ဖွဲ့တည်းနဲ့ ဆောင်ရွက်လို့မရပါဘူး။ နိုင်ငံတကာ အဖွဲ့အစည်းတွေ၊ UN အဖွဲ့အစည်းတွေ၊ လူမှုအသင်းအဖွဲ့အစည်းတွေ၊ မီဒီယာတွေ အများကြီးက ပူးပေါင်းဆောင်ရွက်ကြဖို့ အဓိကကျတယ်။ ဒါ့အပြင် နောက်တစ်ချက်က ပုဂ္ဂလိကအခန်းကဏ္ဍဖြစ်တဲ့ လုပ်ငန်းရှင်တွေ၊ ပညာရှင်တွေကလည်း လူကုန်ကူးမှုတိုက်ဖျက်ရေးမှာ တစ်တပ်တစ်အားပူးပေါင်းဆောင်ရွက်သင့်တယ်။ နိုင်ငံတကာမှာလည်း ပူးပေါင်းပါဝင် ဆောင်ရွက်လာကြပြီး ပြည်တွင်းမှာလည်း မီဒီယာနဲ့ လူမှုအဖွဲ့အစည်းတွေက ပူးပေါင်းဆောင်ရွက်သင့်တဲ့ ကိစ္စဖြစ်တယ်လို့ ပြောချင်ပါတယ်။

သတင်းဆောင်းပါးနှင့်ပြည်တွင်းသတင်း

■ *ရှေ့ဖုံးမှ*

ထို့အပြင် အထပ်မြင့်အဆောက်အအုံများတည်ဆောက်ခွင့် တင်ပြပါက အဆိုပါနေရာအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အထပ်မြင့် အဆောက်အအုံများဆောက်လုပ်မှုဆိုင်ရာ စံချိန်စံညွှန်းစစ်ဆေးရေးနှင့် ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်မည်ဖြစ်သည်။

"ဒီလိုအထပ်မြင့် အဆောက်အအုံများဆောက်လုပ်မှုနဲ့ ပတ်သက်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရဲ့စံချိန်စံညွှန်းများ စစ်ဆေးရေးနဲ့ ကြီးကြပ်ရေးအဖွဲ့ဝင်ဌာနတွေဖြစ်တဲ့ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)၊ စစ်ဆေးရေးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ ညှိနှိုင်းဆောင်ရွက်ရေးဌာနတို့က စိစစ်ဆောင်ရွက်ပေးနေပါတယ်" ဟု အထပ်မြင့်အဆောက်အအုံများ စစ်ဆေးရေးအဖွဲ့မှ ဩဂုတ် ၈ ရက်က ပြုလုပ်သည့်ညှိနှိုင်းအစည်းအဝေးတွင် ညှိနှိုင်းဆောင်ရွက်ရေးဌာန ဌာနမှူးလည်းဖြစ်သည့် ဦးရီဝင်းက ပြောကြားသည်။

စီးပွားရေးမြို့တော် ရန်ကုန်တွင် အထပ်မြင့် အဆောက်အအုံများ စစ်ဆေးရေးအဖွဲ့မှ လိုအပ်ချက်များ ညှိနှိုင်းဆွေးနွေးရမည့် အဆောက်အအုံများမှာ ၃၁လုံးရှိနေသည်။ ယင်းအထပ်မြင့် အဆောက်အအုံများမှာ ကမာရွတ်၊ မရမ်းကုန်း၊ ဗဟန်း၊ သင်္ဃန်းကျွန်း၊ ကျောက်တံတား၊ လှိုင်၊ စမ်းချောင်း၊ ဗိုလ်တထောင်၊ ရန်ကင်း၊ မင်္ဂလာတောင်ညွန့်၊ တာမွေ၊ အင်းစိန်စသည့် မြို့နယ်များတွင်တည်ဆောက်မည့် အဆောက်အအုံများဖြစ်သည်။

စီးပွားရေးမြို့တော် ရန်ကုန်တွင် အထပ်မြင့် အဆောက်အအုံများ ဆောက်လုပ်ခွင့်ကို စိစစ်ဆောင်ရွက်ရာ၌ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ လျှောက်ထားလာသည့် မြေကွက်၏ မြေပိုင်ဆိုင်မှုနှင့် မြေပုံ/မြေရာဇဝင်စိစစ်ခြင်း၊ မြေကွက်အတိုင်းအတာ အကျယ်စစ်ဆေးခြင်း၊ ယင်းမြေကွက်ကို ကန့်ကွက်မှုရှိမရှိ စစ်ဆေးခြင်းတို့ ဆောင်ရွက်ပေးသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ By Law များ၊ အဆောက်အအုံဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်ကိုက်ညီမှုရှိမရှိ တိုက်ဆိုင်စစ်ဆေးခြင်း၊ လေနှင့် အလင်းရောင်၊ အဆောက်အအုံ တိမ်းစောင်းနိုင်မှု၊ ပတ်ဝန်းကျင်အခြေအနေ၊ ကန့်ကွက်မှုရှိ မရှိတို့ကိုစစ်ဆေးပေးသည်။

အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)က လူဦးရေ၊ ရေသုံးစွဲမှု ပမာဏ၊ မီးအန္တရာယ်အတွက် ရေသုံးစွဲနိုင်မှု၊ မိလ္လာစနစ်၊ စွန့်ပစ်မှုစနစ်တို့ကို စစ်ဆေးမည်ဖြစ်သည်။ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)ကလည်း မြေကွက်တည်နေရာနှင့် လမ်းအမျိုးအစား၊ လမ်းအကျယ်၊ ရေမြောင်း၊ ကားပါကင်ဧရိယာ ဝင်ထွက်လမ်းကြော အခြေအနေ စိစစ်ပေးမည်ဖြစ်သည်။

ထို့အတူ စစ်ဆေးရေးဌာနက မြေကွက်တည်နေရာ၊ မြေပုံညွှန်းမှန်ကန်မှုရှိ မရှိ၊ သတ်မှတ်မြေပုံပါအတိုင်းအတာကိုက်ညီမှုရှိ မရှိ၊ ပတ်ဝန်းကျင် အဆောက်အအုံများ၏ ခန့်မှန်းသက်တမ်းနှင့် ခိုင်ခံ့မှုအခြေအနေစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနကလည်း ဆောက်လုပ်မည့် အဆောက်အအုံ၏ အမှိုက်ထွက်ရှိမှု ပမာဏ၊ အမှိုက်စွန့်ပစ်စနစ်၊ ဆောက်လုပ်နေစဉ်ကာလအမှိုက်များ စွန့်ပစ်ရေးအခြေအနေ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ရေး ဆောင်ရွက်ထားမှုတို့ကို စစ်ဆေးပေးလျက်ရှိသည်။

ညှိနှိုင်းရေးဌာနက အထက်ပါဌာနများမှ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းကာ အထပ်မြင့်အဆောက်အအုံများဆောက်လုပ်ရန် သင့် မသင့်၊ ရွှေတိဂုံဘုရားအမြင့်နှင့် နှိုင်းယှဉ်ရန် ကျော်လွန်ခြင်းရှိ မရှိ၊ ကားပါကင်၊ ရေပေးဝေမှု၊ ရေစီးရေလာ ကောင်းမွန်မှု၊ အမှိုက်နှင့်ရေဆိုးစွန့်ထုတ်မှုများ၊ ဓာတ်အားပေးဝေမှု အစီအစဉ်များကို မြို့တော်ဝန်ထံတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းအဝေးတွင် တင်ပြအတည်ပြုချက်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရထားမှဆင်းသည့်ခရီးသည် တစ်ဖက်ရထားနှင့် တိုက်မိသေဆုံး

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်မြို့ လှိုင်မြို့နယ် ကမာရွတ်ဘူတာတွင် အင်းစိန်ဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသော မြို့ပတ်ရထား ဘူတာတွင်ရပ်နားစဉ် ရထားပေါ်မှ ဆင်းလာသောခရီးသည်အမျိုးသားတစ်ဦးသည် တစ်ဖက်မှလာသော လှော်ကားဘက်သို့သွားသည့် လော်ကယ်ရထားနှင့်တိုက်မိပြီး ရထားလမ်းနှစ်ဖက်အလယ်တွင် လဲကျသွားကာ ဦးခေါင်းတွင်ဒဏ်ရာရရှိပြီး ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ခဲ့ရာ ညနေ ၃နာရီခန့်တွင် သေဆုံးသွားသည်။ အဆိုပါသေဆုံးသူ အမျိုးသား၏အမည်ကို မသိရှိရသေးဘဲ ၎င်း၏အိတ်ကတ်အတွင်းမှ မင်္ဂလာဒုံဘူတာမှ ဝယ်ယူလာသည့် ရထားလက်မှတ်ကိုတွေ့ရှိရသည်။ **ရန်နိုင်ဝင်း-လှိုင်**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကျွန်တော်နဲ့ အဂတိလိုက်စားမှု

ပါမောက္ခဒေါက်တာအောင်ထွန်းသက်

တစ်လောက နေပြည်တော်မှာ ထူးခြားတဲ့ ပွဲတစ်ပွဲကျင်းပခဲ့ပါတယ်။ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်မိန့်ခွန်းပြောခဲ့ပါတယ်။ ဒီပွဲတက်ဖို့ ဖိတ်စာရခဲ့ပေမယ့် မတက်ရောက်နိုင်ခဲ့ပါဘူး။ သတင်းစာ၊ တီဗွီနဲ့ ဂျာနယ်တွေကတစ်ဆင့်သာ ပွဲနဲ့ပတ်သက်ပြီး သိခွင့်ရတာပါ။

ဒီပွဲကတော့ အဂတိလိုက်စားမှုနဲ့ ပတ်သက်တဲ့ဆွေးနွေးပွဲဖြစ်ပါတယ်။ ဒုတိယသမ္မတကြီးကိုယ်တိုင် မြန်မာနိုင်ငံမှာအဂတိလိုက်စားမှုနဲ့ပတ်သက်ပြီး စိန်ခေါ်မှုတွေရှိနေတယ်လို့ ပွင့်ပွင့်လင်းလင်းဖော်ပြခဲ့ပါတယ်။ အခုလို နိုင်ငံခေါင်းဆောင်တစ်ဦးအနေနဲ့ အရှိကိုအရှိတိုင်း ရဲဝံ့စွာဖော်ထုတ်ပြောဆိုခြင်းဟာ အင်မတန်မှ ဝမ်းသာရမယ့်၊ ကြိုဆိုရမယ့် ကိစ္စတစ်ရပ်ဖြစ်ပါတယ်။

ပိုပြီးထူးခြားတာက ဒီပွဲမှာ အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့အစည်းဖြစ်တဲ့ Transparency International (TI) ကလည်း ပါဝင်ပတ်သက်ခဲ့ပါတယ်။ အမှန်တော့ TI နဲ့ကျွန်တော် ရင်းနှီးတာနှစ်ပေါင်းကြာခဲ့ပါပြီ။ ကုလသမဂ္ဂအဖွဲ့အစည်းမှာ တာဝန်ယူစဉ်ကတည်းကအဂတိလိုက်စားမှုအကြောင်းလေ့လာခဲ့တယ်။ TI အဖွဲ့ဟာ ဂျာမနီနိုင်ငံ ဘွန်းမြို့မှာရုံးစိုက်ပါတယ်။

ဒီအဖွဲ့ဟာ NGO အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဘယ်အစိုးရ၊ ဘယ်အဖွဲ့အစည်းရဲ့ ဩဇာလွှမ်းမိုးမှုမှမခံယူပါဘူး။ အဂတိလိုက်စားမှုအကြောင်း လွတ်လပ်စွာ သုတေသနလုပ်ပြီး နှစ်စဉ်တစ်နှစ်တစ်ခါ၊ တန်းစီဇယားပြုစုပြီး နိုင်ငံများကို အဂတိလိုက်စားမှု အခြေအနေအရအကောင်းဆုံးကနေ အဆိုးဆုံးနိုင်ငံများအဖြစ် တန်းစီခဲ့ပါတယ်။ အခုလိုဆောင်ရွက်တဲ့နေရာမှာ TI အဖွဲ့အနေနဲ့ Corruption Perception Index (CPI) ဆိုတဲ့ ညွှန်းကိန်းကို အသုံးပြုခဲ့ပါတယ်။ ဒီညွှန်းကိန်းရဲ့ အဓိပ္ပာယ်ဟာ အလွန်အရေးပါပါတယ်။

Corruption (အဂတိလိုက်စားမှု)ကိုတိုင်းတာရာမှာ Perceptionလို့ခေါ်တဲ့ ထင်မြင်ယူဆမှုကို အခြေခံပြီး ညွှန်းကိန်းတည်ဆောက်ထားတာဖြစ်ပါတယ်။ အဂတိလိုက်စားမှုနဲ့ပတ်သက်လာရင် အမြင်အယူအဆဟာ အရေးကြီးပါတယ်။ TI ဟာ နိုင်ငံအသီးသီးကိုသွားပြီး ဒီနိုင်ငံမှာရှိနေတဲ့ လူတွေရဲ့ အဂတိလိုက်စားမှုအပေါ် အယူအဆမည်သို့မည်ပုံရှိနေတာကို သုတေသနစစ်တမ်းတွေလုပ်ပြီး ပြုစုပါတယ်။ အခုလိုစစ်တမ်းကောက်ရာမှာ နိုင်ငံအားလုံးမှာ တစ်ပုံစံတည်းဖြစ်တာမို့ တစ်နိုင်ငံနဲ့တစ်နိုင်ငံ နှိုင်းယှဉ်လို့ ရပါတယ်။

ဒုတိယသမ္မတကြီး မိန့်ကြားခဲ့သလို ၂၀၁၃ ခုနှစ်စာရင်းအရ မြန်မာနိုင်ငံဟာ အဂတိလိုက်စားမှုနဲ့ ပတ်သက်လာရင် နောက်ဆုံး(၅)နိုင်ငံမှာပါဝင်နေတာကိုဝမ်းနည်းစွာတွေ့ရှိရပါတယ်။အဆိုးဆုံးနိုင်ငံစာရင်းထဲမှာ မြောက်ကိုရီးယား၊ ဆိုမာလီယား၊ ဆူဒန်၊ မြန်မာနဲ့ အာဖဂန်နစ္စတန်နိုင်ငံတွေပါနေတာ တွေ့ရပါတယ်။

တစ်ချိန်တုန်းက အခုလိုစာရင်းထုတ်ပြန်ရင် ဒါဟာမဖြစ်နိုင်ဘူး၊ ဘယ်သူ့ဆီကရတဲ့စာရင်းလဲ၊ သက်သက်အသရေဖျက်တယ်ဆိုပြီး တင်ပြတဲ့သူတွေကို အပြစ်တင်လေ့ရှိတယ်။ တင်ပြထားတာတွေဟာ စဉ်းစားစရာတွေဖြစ်တယ်။ ဒီအချက်အလက်တွေအပေါ် ဘယ်လိုတုံ့ပြန်သင့်သလဲဆိုတာမျိုး မစဉ်းစားခဲ့ကြဘူး။ အခုတော့ ဖော်ပြထားတဲ့ တန်းစီဇယားကို ဒုတိယသမ္မတကြီးကိုယ်တိုင်အလေးထားပြီး ဆင်ခြင်သုံးသပ်ခဲ့တာကို ကျွန်တော်ကတော့ ကြိုဆိုမိပါတယ်။

အဂတိလိုက်စားမှုနဲ့ပတ်သက်ပြီး ကျွန်တော် စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ သင်တန်းကျောင်းမှာ ဟောပြောပွဲတစ်ရပ်ကို ပြုလုပ်ပေးခဲ့တယ်။ လေ့လာထားတဲ့ အချက်အလက်တွေကို တင်ပြခွင့်ရခဲ့တယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးက ပြည်သူ့လွှတ်တော်နဲ့အမျိုးသားလွှတ်တော်မှာရှိတဲ့ ကော်မတီဝင်ကိုယ်စားလှယ်တွေကို အဂတိလိုက်စားမှုနဲ့ပတ်သက်ပြီး ဟောပြောဆွေးနွေးခွင့်ပေးခဲ့ပါတယ်။

အဂတိလိုက်စားမှုနဲ့ ပတ်သက်လာရင် ပြည်သူ့ဝန်ထမ်းတွေအနေနဲ့ ဝင်ငွေလုပ်ခလစာနည်းတာမို့ အခုလိုဖြစ်ရတယ်လို့ တချို့က ဆင်ခြေပေးကြတယ်။ တချို့ကလည်း အများလုပ်နေတော့ ကိုယ်မလုပ်ရင်မကောင်းလို့ လုပ်တယ်။ အများမိုးခါးရေသောက်တာမို့ ကိုယ်လည်းသောက်ကြတယ်လို့ ဆင်ခြေတက်ကြပြန်တယ်။ ကျွန်တော်ကတော့ လူတိုင်းဟာ အမှားအမှန်သိကြတဲ့သူတွေဖြစ်ကြတယ်။ မှားတာသိကြသလို မှန်တာကိုလည်း သိကြတာပါ။ အရေးကြီးတာက သိတဲ့အတိုင်း မှန်မှန်လုပ်ရဲဖို့လိုတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ဟောပြောပွဲမှာ ပရိသတ်တွေထဲက မေးခွန်းတစ်ခုမေးတာမှတ်မိတယ်။ "ဆရာ ကျွန်တော်တို့နိုင်ငံမှာ အဂတိလိုက်စားမှု ပပျောက်အောင်ဘာလုပ်သင့်ပါသလဲ"တဲ့။

ကျွန်တော်ကပြောလိုက်ပါတယ်။ လုပ်စရာနှစ်ခုပဲလိုတယ်။ တစ်ဦး တစ်ယောက်ချင်းစီက "မယူဘူး၊ မပေးဘူး"ဆိုရင် အဂတိလိုက်စားမှု ချက်ချင်းပျောက်သွားမှာလို့။ အခုတော့ အကျင့်ပါနေပြီ။ အမြဲတမ်းပေးနေတဲ့အတွက် မပေးဘဲမနေနိုင်တော့သလို အမြဲတမ်းယူတဲ့အကျင့်ရှိနေတော့ မယူဘဲမနေကြတော့ဘူးလို့။

အဂတိလိုက်စားမှုဟာ အခုတော့ အကျင့်ပါနေကြပြီ။ အိန္ဒိယတို့၊ ထိုင်းနိုင်ငံတို့မှာ အဂတိလိုက်စားမှုနဲ့ပတ်သက်ပြီး ယဉ်ကျေးမှု (Corruption Culture) ရှိတယ်လို့ ဆိုကြတယ်။ ကျွန်တော်တို့ဆီမှာလည်း ယဉ်ကျေးမှုတစ်ရပ်ဖြစ်နေပြီလေ။ တချို့က အဂတိလိုက်စားမှုဟာ သွေးထဲရောက်နေပြီလို့ ပြောကြတယ်။ ကျွန်တော်က ဒီထက်ဆိုးနေသလားပဲ။ သွေးထဲရောက်နေရင် သွေးကိုဖောက်လို့ရတယ်။ အခုတော့ DNA ထဲရောက်နေတော့ လုပ်ရကိုင်ရခက်တယ်။ ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးတုန်းက အဂတိလိုက်စားမှုပပျောက်အောင် ဘယ်က စသင့်သလဲလို့ ကိုယ်စားလှယ်ကြီးတစ်ဦးကမေးရှာတယ်။ ကျွန်တော်က ရယ်စရာအနေနဲ့ ကိုယ်နဲ့စပါလို့ ပြန်ပြောမိတယ်။ ကျွန်တော်ကိုယ်တိုင်လည်းမကင်းပါဘူး။

ကျွန်တော်တို့နိုင်ငံမှာ အဂတိလိုက်စားမှု ပပျောက်ရေးအတွက် လူတိုင်းတာဝန်ရှိတယ်လို့ ခံယူရမယ်။ တာဝန်ယူရမယ်။ နိုင်ငံ့ခေါင်းဆောင်တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ မီဒီယာတွေ၊ လူတိုင်းဒီကိစ္စကိုအလေးထားပြီး ဖြေရှင်းဖို့လိုအပ်ပါတယ်။ ငါ့အလုပ်မဟုတ်ဘူး။ ငါနဲ့မဆိုင်ဘူးလို့ စဉ်းစားနေလို့မဖြစ်ဘူး။ ကိုယ်အဆင်ပြေဖို့အတွက်"ရေလောင်း"နေရင် "အဆိပ်ပင်ကို ရေလောင်းပေးရာ ရောက်တယ်"။

တစ်နေ့ညနေ ကျွန်တော်ရယ်၊ ကျွန်တော့်ဇနီးရယ်၊ သမီးလေးရယ် မြို့ထဲက အိမ်ပြန်လာတယ်။ ကားကို ကျွန်တော်ကိုယ်တိုင်မောင်းတာ။ ညနေစောင်းမှာ လမ်းကြောင်းမှားပြီး တက္ကသိုလ်ရိပ်သာလမ်းကို ကွေ့ရမယ့်အစား အင်းစိန်လမ်းဘက်မှားပြီး မောင်းမိတယ်။ အခုလို အမှားကျူးလွန်တာကို တာဝန်ရှိရဲအရာရှိက မီးပွိုင့်အကျော်မှာ တားလိုက်တယ်။ မော်တော်ယာဉ်လိုင်စင်တောင်းတယ်။ လိုင်စင်ထုတ်ပေးတဲ့အချိန်မှာ ဇနီးလုပ်သူက ဆရာကြီးရယ် အဆင်ပြေအောင် လုပ်ပေးပါလို့ပြောပြီး ငွေ ၂၀၀၀ကို လိုင်စင်နဲ့အတူပေးလိုက်တယ်။ ထုံးစံအတိုင်း ရဲအရာရှိက နောင်ဒီလိုမဖြစ်စေနဲ့လို့ သတိပေးပြီး လွှတ်လိုက်တယ်။

ကျွန်တော်တို့လင်မယားနှစ်ယောက်က ကိုယ့်ကိုယ်ကို အတော်ကျေနပ်နေကြတယ်။ အခုလိုအဆင်ပြေအောင်မလုပ်ရင် အလုပ်ပျက်၊ အကိုင်ပျက်နဲ့ နောက်တစ်နေ့ လမ်း ၅၀ကို သွားရမှာ။ အခုလို ကျေနပ်ပီတိဖြစ်နေတဲ့ ကျွန်တော်တို့နှစ်ဦးကို ကားနောက်ခန်းမှာပါလာတဲ့ သမီးကဆူတော့တာပဲ။ "ဖေဖေ-မေမေ ဘာလုပ်တာလဲ၊ တာဝန်ရှိတဲ့ရဲကို အခုလိုပဲ လာဘ်ထိုးရသလား။ ဖေဖေတို့မှာ အပြစ်ရှိတယ်။ အီတလီမှာ အခုလိုလုပ်ရင် ဖေဖေတို့နှစ်ယောက် အဖမ်းခံရမှာ"ဆိုပြီး ပြောရှာတယ်။

သမီးလေးပြောမှ ရှက်လာတယ်။ သူပြောတာဟုတ်တယ်လေ။ မိမိအဆင်ပြေဖို့တစ်ခုတည်းကြည့်ပြီး တာဝန်အရအရေးယူတဲ့ အပြစ်ကို မခံဘဲ နားလည်မှုရအောင် ဆောင်ရွက်ခဲ့တဲ့ကျွန်တော့်မှာ အပြစ်ရှိပါတယ်။

ဒါကြောင့် အဂတိလိုက်စားမှုပပျောက်ဖို့ တစ်ဦးချင်း၊ တစ်ယောက်ချင်း ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိတယ်။ အဂတိလိုက်စားမှုနဲ့ပတ်သက်ပြီး ကျွန်တော်လေ့လာခဲ့တဲ့ သီအိုရီတစ်ခုက Broken-Window Theory ဖြစ်တယ်။ ပြတင်းပေါက်ကွဲတဲ့ သီအိုရီပါ။ ဒီသီအိုရီကို နယူးယောက်မြို့မှာရှိတဲ့ မြို့တော်ဝန်က ဖော်ထုတ်ခဲ့တာ။

တစ်ချိန်က နယူးယောက်မြို့မှာ မှုခင်းတွေပေါများခဲ့တယ်။ ကလေးသူငယ်တွေကလက်ဆော့ပြီး တိုက်ခန်းတွေရဲ့ ပြတင်းပေါက်ကိုခဲနဲ့ပေါက်ကြတယ်။ ခဲပေါက်တာ ဘာမှမဟုတ်ပါဘူး။ ပြတင်းပေါက်မှန်ကွဲတာလည်း ဘာမှ အရေးမကြီးပါဘူးလို့ သည်းခံခွင့်လွှတ်ကြတယ်။ မြို့တော်ဝန်လုပ်တဲ့သူကတော့ ဒီလိုမစဉ်းစားဘူး။ အမှိုက်ကစ ပြာသာဒ်မီးလောင်ဆိုသလို အခုလို အသေးစားမှုခင်းတွေကို သည်းခံခွင့်လွှတ်ရင် တစ်စတစ်စကြီးထွားလာပြီး ကြီးမားတဲ့အမှုတွေ ကျူးလွန်ကြလိမ့်မယ်၊ ဒါကြောင့် နမူနာအဖြစ် အသေးအဖွဲကျူးလွန်မှုကို စတင်အရေးယူတယ်။ ပြစ်မှုတစ်ခုဟာ ကြီးတာ၊ ငယ်တာနဲ့မဆိုင်ပါဘူး။ ကြီးတာလည်းအမှုပဲ၊ သေးတာလည်းအမှုပဲ။

ဒါကြောင့် အဂတိလိုက်စားမှုနဲ့ပတ်သက်လာရင် ယူတာကမများပါဘူး။ ဘယ်သူ့မှ မထိခိုက်ပါဘူးလို့ ဆင်ခြေပေးတာကို လက်မခံသင့်ဘူး။ အဂတိလိုက်စားမှုကို ပမာဏနဲ့မဆုံးဖြတ်သင့်ဘူး။ အဂတိလိုက်စားမှုနဲ့တွဲဖက်ပြီး စဉ်းစားရမယ့်ကိစ္စက ပွင့်လင်းမြင်သာမှုဖြစ်တယ်။ ဒီကိစ္စဟာ တာဝန်ရှိတဲ့လူတွေအတွက် ပိုပြီးသတိထားရမယ့်ကိစ္စဖြစ်တယ်။ တစ်လောက တာဝန်ရှိသူတွေရဲ့ ပိုင်ဆိုင်မှုကြေညာခြင်းနဲ့ပတ်သက်ပြီး သတင်းစာထဲမှာ ဖတ်လိုက်ရတယ်။ မိမိရတဲ့ဝင်ငွေနဲ့ မိမိရဲ့ပိုင်ဆိုင်မှုတွေနဲ့ နှိုင်းယှဉ်လို့ရပါတယ်။ စီးပွားရေးပညာကို တစ်ဖက်ကမ်းခတ်အောင် တတ်စရာမလိုပါဘူး။ ရငွေ၊ ထွက်ငွေအပေါ် အခြေခံပြီး လူတစ်ယောက်ရဲ့ပိုင်ဆိုင်မှုကို တွက်ဆနိုင်ပါတယ်။ ပိုင်ဆိုင်မှုတွေ အဆမတန်များနေရင်တော့ စဉ်းစားစရာဖြစ်တာပေါ့။

နိုင်ငံတော်အစိုးရအနေနဲ့ အဂတိလိုက်စားမှုကို တိုက်ဖျက်ဖို့ ကော်မရှင်တစ်ရပ်ဖွဲ့လိုက်တာကြားသိရပါတယ်။ ဒီကော်မရှင်အနေနဲ့ အဂတိလိုက်စားမှုကို ပြတ်ပြတ်သားသား တိုက်ဖျက်တဲ့အစီအစဉ်တွေ ရေးဆွဲအကောင်အထည်ဖော်ရလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။ ထိရောက်တဲ့ အရေးယူမှုတွေကို စံနမူနာအနေနဲ့လုပ်သင့်တယ်။ မနေ့ကသတင်းထဲမှာ တရုတ်ပြည်က မီးရထားဝန်ကြီးကို အဂတိလိုက်စားမှုကြောင့် ဆိုင်းငံ့သေဒဏ်အပြစ်ပေးလိုက်တာ သိလိုက်ရတယ်။ အိန္ဒိယပြည်မှာ အဂတိလိုက်စားမှုပပျောက်ဖို့ အစာငတ်ခံဆန္ဒပြခဲ့တာကို ကြားသိရတယ်။

ကျွန်တော်တို့နိုင်ငံမှာ အဂတိလိုက်စားမှုပပျောက်ရေးအတွက် လူတိုင်းတာဝန်ရှိတယ်လို့ ခံယူရမယ်။ တာဝန်ယူရမယ်။ နိုင်ငံ့ခေါင်းဆောင်တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ မီဒီယာတွေ၊ လူတိုင်းဒီကိစ္စကိုအလေးထားပြီး ဖြေရှင်းဖို့လိုအပ်ပါတယ်။ ငါ့အလုပ်မဟုတ်ဘူး။ ငါနဲ့မဆိုင်ဘူးလို့ စဉ်းစားနေလို့မဖြစ်ဘူး။ ကိုယ်အဆင်ပြေဖို့အတွက်"ရေလောင်း"နေရင် "အဆိပ်ပင်ကို ရေလောင်းပေးရာရောက်တယ်"။

ကျွန်တော်က ကျင့်ဝတ်၊ သီလ၊ သိက္ခာကို တန်ဖိုးထားတယ်။ ရိုးသားမှုကို မြတ်နိုးတယ်။ ကျွန်တော်တို့မြန်မာလူမျိုးတွေ ရှက်တတ်တဲ့စိတ် အခုထက်ပိုရှိစေချင်တယ်။ မိမိမှာရှိတဲ့ ရာထူး၊ အာဏာ၊ ဩဇာကို အခြေခံပြီး အခွင့်အရေးယူတတ်တဲ့စိတ်ဟာ ရှက်စရာကိစ္စတစ်ခုဖြစ်ပါတယ်။

အဂတိလိုက်စားမှု လုံးဝပပျောက်အောင်လုပ်နိုင်ဖို့ ခဲယဉ်းပါတယ်။ စင်ကာပူနိုင်ငံမှာတောင် အဂတိလိုက်စားသူတွေရှိတယ်။ ဒါပေမယ့် တတ်နိုင်သမျှ Zero Tolerance Policy လို့ခေါ်တဲ့ လုံးဝသည်းခံမှုမရှိတဲ့ ပေါ်လစီတစ်ရပ်ကို ဖော်ထုတ်နိုင်ပါစေလို့ ဆုတောင်းမိပါတယ်။ ။

အမျိုးသမီးအိမ်တွင်းမှု သင်တန်းဆင်း

ကန်ပက်လက် ဩဂုတ် ၁၁

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကန်ပက်လက်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းသင်တန်းကျောင်း အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၂၈)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၂၃)ဆင်းပွဲကို ဩဂုတ် ၉ ရက် နံနက် ၉ နာရီက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က အမှာစကားပြောကြားပြီး အခြေခံသင်တန်းတွင် ပထမဆုရရှိသူ မနွယ်ဇင်ဝင်းနှင့် စက်ချုပ်သင်တန်းတွင် ပထမရရှိသူ မစိုးစိုးမာတို့အား အဆင့်မြင့် အပ်ချုပ်စက်တစ်လုံးစီ ပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးလကြာမြင့်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဆီးဂိမ်းဟော်ကီအားကစားပြိုင်ပွဲကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် မြက်ခင်းတု ဟော်ကီကွင်း၌ ကျား/မ ပွဲစဉ်အားလုံးကျင်းပမည်ဖြစ်ရာ ကွင်းကိုစံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်နေမှုများနှင့် မြက်ခင်းတုမျက်နှာပြင်အားလုံး ဆေးကြောသန့်စင်နေမှုများကို ဩဂုတ် ၁၀ ရက်က အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသောင်းထိုက် စစ်ဆေးစဉ်။
သန်းဆွေ(ပန်းဘဲတန်း)

ဖားဆောင်းမြို့၌ ဆင်းကတ်များရောင်းချ

ဖားဆောင်း ဩဂုတ် ၁၁

ကယားပြည်နယ် ဘောလခဲခရိုင် ဖားဆောင်းမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ဩဂုတ် ၆ ရက် မွန်းလွဲ ၂ နာရီက ဩဂုတ်လအတွင်း စတုတ္ထအကြိမ် ဒုတိယအသုတ် ဖားဆောင်းမြို့နယ်အတွက် ခွဲတမ်းရရှိသော ငွေကျပ် ၁၅၀၀ တန် ဆင်းကတ် ၁၄၀ ကို လျှောက်လွှာတင်သွင်းသူများအား မဲနှိုက်၍ ရောင်းချပေးခဲ့ကြောင်း သိရသည်။

ဖားဆောင်းမြို့နေပြည်သူများအား ယခုအချိန်အထိ ခွဲတမ်းရရှိသော ဆင်းကတ်များမှာ ကတ်၄၀၀ ရှိသွားပြီဖြစ်ကြောင်း၊ မဲစနစ်ဖြင့် ရောင်းချခြင်းဖြစ်သဖြင့် ကျန်ရှိသော လျှောက်လွှာများကို နောက်ထပ်ရရှိမည့် ဆင်းကတ်အရေအတွက်ပေါ်မူတည်၍ ပြည်သူများအား ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်တွင်းသတင်း

နိုင်ငံအတွင်းနေထိုင်ကြသည့် နိုင်ငံသားအားလုံး လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရှိ

ရန်ကုန် ဩဂုတ် ၁၁

နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသားအားလုံးသည် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်ခွင့်ရှိကြသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်းဖြင့် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က ဩဂုတ် ၁၀ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အင်းလျားလမ်းရှိ ယေဟောဝါသက်သေ (ကင်းမျှော်စင်) အသင်းရုံး အဆောက်အအုံဖွင့်ပွဲ၌ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ **(ယာပုံ)**

ထို့ပြင် နိုင်ငံတော်အစိုးရအနေဖြင့် ဘာသာဝင်တိုင်း မိမိ ဘာသာဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ ဆောင်ရွက်နိုင်စေရန် အားပေးလျက်ရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဘာသာအားလုံး တန်းတူညီမျှ အကူအညီပေးရမည်ဟု ပါရှိချက်ကို သာသနာရေးဝန်ကြီးဌာန အနေဖြင့်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘာသာတရားသည် လူသားတို့၏ စိတ်နှလုံးကို ယဉ်ကျေးသိမ်မွေ့စေပြီး မေတ္တာတရားများ ပွားများစေကာ လူသားတို့၏ ကျင့်ဝတ်တရားများနှင့်အညီ လေးစားလိုက်နာကျင့်သုံးစေသည့် အကျိုးကျေးဇူးများ ဖြစ်ထွန်းစေနိုင်မှာ ဖြစ်သည်ကို ယုံကြည်ပါကြောင်း ထပ်မံပြောကြားခဲ့သည်။

ထို့နောက် ကင်းမျှော်စင်အသင်းဥက္ကဋ္ဌ ဦးMA Raj က ယေဟောဝါသက်သေအသင်းရုံး အဆောက်အအုံဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အဆောက်အအုံအတွင်း ကြည့်ရှုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုဘိုင်းဖုန်းဆင်းကတ် မင်းပြား၌ရောင်းချ

မင်းပြား ဩဂုတ် ၁၁

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဆက်သွယ်ရေးလွယ်ကူပြီး အထူးသက်သာသောနှုန်းထားဖြင့် အမှန်တကယ် ပြည်သူများအသုံးပြုနိုင်ရန် တန်ဖိုးနည်း GSM မိုဘိုင်းဖုန်းဆင်းကတ် ၁၅၀ ကို မင်းပြားမြို့နယ်၌ ပထမအကြိမ် အများပြည်သူရှေ့ ထင်သာမြင်သာရှိအောင် ဩဂုတ် ၄ ရက်က သတ်မှတ်နေရာများ၌ မဲနှိုက်ရောင်းချပေးခဲ့ကြောင်း သိရသည်။

မရွှေ

ကျေးလက်ကျန်းမာရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်

မောက်မယ် ဩဂုတ် ၁၁

ကျန်းမာရေးဆိုင်ရာဟောပြောပွဲနှင့် စာဖတ်စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းကို ဩဂုတ် ၁၀ ရက်က ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့ ကုန်းလမ်းရပ်ကွက် မူလတန်းလွန်ကျောင်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်ပြီး စာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်ပြီး ငှက်ဖျား၊ သွေးလွန်တုပ်ကွေး၊ အနာကြီးရောဂါများနှင့် ပတ်သက်သောအကြောင်းကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုလွင်က ဟောပြောပြီး ဒေါ်နန်းညိုမြကရှမ်းဘာသာဖြင့် ပြန်လည်ဟောကြားကာ စာဖတ်စွမ်းရည်အကောင်းဆုံးဆုရရှိသူအား ဒေါ်နုနုလွင်က ဆုများပေးအပ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စာဖတ်ရှိန်မြှင့်တင်ရေးနှင့် သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ပုလဲ ဩဂုတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် သဲတောကျေးရွာ ဓမ္မာရုံ၌ ဩဂုတ် ၄ ရက် နံနက် ၉ နာရီက စာဖတ်ရှိန်မြှင့်တင်ရေးနှင့် သန်းခေါင်စာရင်းကောက်ယူရေးအကြောင်း သိကောင်းစရာများ ပညာပေးဟောပြောပွဲကို ကျင်းပသည်။

ရှေးဦးစွာ ပုလဲမြို့နယ် စီမံခန့်ခွဲမှုကော်မတီဝင် မြို့နယ်စီမံကိန်းဦးစီးမှူး ဦးဇော်ထွန်းအောင်က သန်းခေါင်စာရင်းကောက်ယူခြင်း၏ အကျိုးကျေးဇူးများနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး မြို့နယ်တိုင်းရင်းဆေးကုဌာနတာဝန်ခံ ဦးဝင်းမော်ထွန်းက ဆီးချိုသွေးချိုအကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးသည်။

ထို့နောက် ပုလဲမြို့နယ် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးမြင့်သိန်းစိုးက စာငှားသူ၊ စာဖတ်သူများဖြင့် သက်ဝင်လှုပ်ရှားနေသော စာကြည့်တိုက်ဖြစ်စေရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး သုခမိန်စာကြည့်တိုက်အတွက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းကလှူဒါန်းသည့် စာအုပ်စာစောင် ၁၀၀ ကိုပေးအပ်ရာ စာကြည့်တိုက်မှူး ဦးကံထူးက လက်ခံယူခဲ့ကြောင်း သိရသည်။

မြင့်သိန်းစိုး(ပုံတောင်မြေ)

အေပီသတင်းဌာန အာရှပစိဖိတ်ဆိုင်ရာ အယ်ဒီတာကို MRTVတွေ့ဆုံမေးမြန်း

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်မြို့အမှတ်(၂၀၂) သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ရုံးချုပ်)တွင် ဩဂုတ် ၅ ရက်မှ ၁၆ ရက်နေ့အထိ အရည်အသွေးမြှင့်တင်ရေး စာနယ်ဇင်းပညာရပ်ဆိုင်ရာ သင်တန်းကို APသတင်းဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့ ပူးပေါင်းဖွင့်လှစ်လျက်ရှိရာ APသတင်းဌာနမှ အာရှပစိဖိတ်ဆိုင်ရာ အယ်ဒီတာနှင့် MRTV သတင်းဌာနတို့ တွေ့ဆုံမေးမြန်းခွင့်ရခဲ့ကြောင်း သိရသည်။

Associated Press (AP) သတင်းဌာန အာရှပစိဖိတ်ဆိုင်ရာ အယ်ဒီတာ Mr. Brian Carovillano က "ပွင့်လင်းလာတဲ့ မီဒီယာကာလမှာ လက်တွဲလုပ်ဆောင်ခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်။ AP သတင်းဌာနကို ဧပြီ ၁ ရက်နေ့က စပြီးဖွင့်လှစ်နိုင်ခဲ့တဲ့အတွက် ဝမ်းသာပါတယ်" ဟု စာနယ်ဇင်းပညာရပ် သင်တန်းဖွင့်လှစ်ရာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ရုံးချုပ်)၌ MRTV အဖွဲ့မှ တွေ့ဆုံမေးမြန်းရာတွင် ဖြေကြားခဲ့သည်။ **(ဝဲပုံ)**

အဆိုပါသင်တန်း၌ သင်တန်းသား ၃၀ တက်ရောက်လျက်ရှိသည်။

(၁၆၄)

THAILAND HFT-2012 51832 အမှတ်အသားပါ ခိုတစ်ကောင် ကျွန်းစုမြို့၌ ဖမ်းဆီးရရှိ

ကျွန်းစု ဩဂုတ် ၁၁

ကျွန်းစုမြို့နယ် ကမ်းကြီးကျေးရွာအုပ်စု ကဘင်းချောင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင်ဇူလိုင် ၂၂ရက်ညနေ ၃နာရီခွဲက မောင်ရဲနိုင်ထွေး (၁၄နှစ်) ပဉ္စမတန်းကျောင်းသားနှင့် မောင်ချစ်ကောင်း (၁၂ နှစ်) ပဉ္စမတန်းကျောင်းသားတို့က ကျောင်းဝင်းအတွင်းရှိ ကျောင်းဆောင်ပေါ်တွင် နားနေသော ခိုတစ်ကောင်ကို လေးခွဖြင့် ပစ်ခဲ့ရာ ခို၏ ဝဲဘက်အတောင်ပံကို ထိမှန်၍ ပြုတ်ကျခဲ့သဖြင့် ကောက်ယူခဲ့ကာ ၎င်း၏နေအိမ်၌ မွေးမြူခဲ့သည်။

အဆိုပါ ခို၏ ယာဘက်ခြေထောက်တွင် စွပ်လျက်အစိမ်းရောင်ပလတ်စတစ်ကွင်းပေါ်၌ THAILAND HFT-2012 51832 စာအားရေးသားထားရှိပြီး ဝဲဘက်ခြေထောက်တွင်စွပ်လျက် နီညိုရောင်ပလတ်စတစ်တစ်ကွင်းပေါ် ရွှေရောင်ရောင်ပြန်အပတ်ကို ပတ်ထားသည်။

ကဘင်းချောင်း ကျေးရွာနေသူ ဦးတင်လှ (၆၁နှစ်) ကျောင်းအုပ်ဆရာကြီး (ငြိမ်း)က ဩဂုတ် ၁၀ရက် ညနေ ၅နာရီတွင် ကျွန်းစုမြို့မရဲစခန်းသို့လာရောက်အပ်နှံပေးသဖြင့် ကျွန်းစုမြို့မရဲစခန်းတွင် သိမ်းဆည်းထားရှိကြောင်း သိရသည်။



(ခရိုင် ပြန်/ဆက်)

မော်တော်ယာဉ် ၂၃၃၄၄ စီး သွင်းကုန်ပါမစ် ထုတ်ပေးပြီးဖြစ်

ရန်ကုန် ဩဂုတ် ၁၁

ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန သွင်းကုန်လုပ်ငန်းဌာနခွဲ မော်တော်ယာဉ်ပါမစ်ထုတ်ပေးရေးဌာနစိတ် ရန်ကုန်တိုင်းဒေသကြီးရုံးက လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် မော်တော်ယာဉ်သွင်းကုန်ပါမစ်များ ထုတ်ပေးလျက်ရှိရာ ၂၀၁၁ ခုနှစ် ဩဂုတ် ၁ ရက်မှ ၂၀၁၃ ခုနှစ် ဩဂုတ် ၆ ရက်အထိ 1350 CC အောက် ယာဉ်များအပါအဝင် Saloon, Van, Pick Up, Light Truck၊ Mini Truck နှင့် Box Truck တို့ အပါအဝင် စုစုပေါင်းမော်တော်ယာဉ် ၂၃၃၄၄ စီးကို သွင်းကုန်ပါမစ်ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် အမေရိကန်ဒေါ်လာ ၁၆၂ ဒသမ ၉၀၄ သန်းခန့် တန်ဖိုးရှိကြောင်း ယင်းဌာနမှ ထုတ်ပြန်သောစာရင်းအရသိရသည်။

အေးကို (သတင်းစဉ်)

မြို့နယ်သတင်းထောက်များနှင့် စာမူပေးပို့သူများသို့ ပန်ကြားချက်

မြန်မာ့အလင်းသတင်းစာသည် ပြည်သူဗဟိုပြုသတင်းစာအဖြစ် အသွင်သဏ္ဌာန်နှင့်အနှစ်သာရကိုပါ ပြောင်းလဲဖော်ပြပေးလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ မြို့နယ်သတင်းထောက်များနှင့် အလွတ်သတင်းထောက်များသည် ပြည်သူ့အကျိုးပြုနှင့် ထူးခြားသတင်းဖြစ်စဉ်များအား ပေးပို့ကြရာတွင် မိမိတို့ကိုယ်တိုင်ရေးသားကြောင်းနှင့် အခြားမည်သည့် သတင်းဌာနများကိုမှ ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံချက်ကို သတင်းပေးပို့သည့် စာမူနှင့်အတူ တစ်ပါတည်းထည့်သွင်းဖော်ပြ၍မြန်မာ့အလင်းသတင်းစာတိုက် အီးမေးလ်လိပ်စာ mmalin.npt @ gmail.com နှင့် ဖက်စ်နံပါတ် ၀၆၇-၃၆၁၄၆ တို့သို့ ဆက်သွယ်ပေးပို့နိုင်ပါကြောင်း။

စာတည်းအဖွဲ့

နေပြည်တော် မထသ(အဝေးပြေး) မိသားစုများအား ပညာသင်ထောက်ပံ့ငွေပေးအပ်

နေပြည်တော် ဩဂုတ် ၁၁

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (အဝေးပြေး)မှ ယာဉ်လိုင်းပေါင်းစုံ သားသမီးများအတွက် ပညာသင်ထောက်ပံ့ငွေကို အဝေးပြေးမော်တော်ယာဉ် ဘောဂသီရိကားဝင်းရုံးခန်း၌ ဩဂုတ် ၁၀ ရက် မွန်းလွဲ ၁ နာရီက ပေးအပ်သည်။

အဆိုပါ အခမ်းအနား၌ မော်တော်ယာဉ်လိုင်းပေါင်းစုံ(အဝေးပြေး) ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌက တက်ရောက်အမှာစကားပြောကြားပြီး **(ယာပုံ)** မိမိတို့ လွှဲပြောင်းတာဝန်ယူချိန်တွင် ရန်ပုံငွေကျပ် ၁၉ သိန်းသာရှိကြောင်း၊ ယခုအခါ ယာဉ်လိုင်းပေါင်းစုံ မိသားစုများအားလုံးကို ပေးအပ်နိုင်သည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်း၊ နှစ်စဉ်ပညာသင်စရိတ်များ ပိုမိုပေးအပ်ထောက်ပံ့နိုင်ရန် ကြိုးစား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယာဉ်လိုင်းပေါင်းစုံမှ မိဘပြည်သူများအား မိမိတို့၏ ရင်သွေးငယ်များကို လိမ္မာရေးခြားရှိအောင် ထိန်းသိမ်းစောင့်ရှောက်၍ ပညာတတ်များဖြစ်အောင် ပြုစုပျိုးထောင်ရမည်ဖြစ်ကြောင်း၊ ပညာရည်မြင့်မားမှ တင့်တင့်တယ်တယ် ဘဝကို လျှောက်လှမ်းနိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး မူလတန်းအဆင့် ကျောင်းသားကျောင်းသူ ၇၇ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်း၊ အလယ်တန်းအဆင့် ၇၄ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၂၅၀၀၀ နှုန်း၊ အထက်တန်းအဆင့် ၃၁ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်း၊ တက္ကသိုလ်ဝင်တန်း အောင် ၂၂ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းနှင့် ဂုဏ်ထူးရ ကျောင်းသားများအတွက် တစ်ဘာသာလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းနှင့် တက္ကသိုလ်ပညာသင်ကြားနေသူ ၂၂ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ကျောင်းသားကျောင်းသူ ၂၂၃ဦးအတွက် ငွေကျပ် ၇၃၅၄၈၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဇော်မျိုးနိုင်

ပြည်တွင်းသတင်း

ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အစိုးရနှင့်အတူ ပါဝင်ပူးပေါင်းဆောင်ရွက် လက်နက်ကိုင်ပဋိပက္ခအကျိုးဆက်ကြောင့် ဒုက္ခရောက်နေသည့်ပြည်သူများ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေး

နေပြည်တော် ဩဂုတ် ၁၁

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ရောက်ရှိနေသော ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည်ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ဒေါက်တာမြင့်အောင်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးဗိုလ်ချုပ်ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သံတမန်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှကိုယ်စားလှယ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့မှရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ဖားကန့်မြို့သို့ နံနက် ၁၀ နာရီမိနစ် ၂၀ တွင် ရောက်ရှိကြသည်။

ထို့နောက် ငှက်ပျောတောရပ်ကွက် နှစ်ခြင်းခရစ်ယာန်ကျောင်း ကယ်ဆယ်ရေးစခန်းသို့ရောက်ရှိကြပြီး ဒုတိယသမ္မတကအမှာစကား ပြောကြားရာတွင် နယ်မြေလုံခြုံရေး အခြေအနေကြောင့် နေရပ်စွန့်ခွာပြောင်းရွှေ့လာကြသည့်ဖားကန့်ဒေသမှ ပြည်သူများအား မိမိတို့လာရောက်တွေ့ဆုံသည့်ရည်ရွယ်ချက်သည် လိုအပ်သည့်ပံ့ပိုးမှုများပေးနိုင်ရန်၊ မိမိနေရပ်သို့ ပြန်လည်နေထိုင်နိုင်ရေးဆန္ဒရှိက စီစဉ်ဆောင်ရွက်ပေးရန်၊ လိုအပ်သည့် တခြားသောကိစ္စအဝဝဖြေရှင်းပေးနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ပြည်သူပြည်သားများ၊ ရပ်မိရပ်ဖများအနေဖြင့် စိတ်ဆန္ဒဘယ်လိုရှိသလဲ၊ တင်ပြလိုမှုများရှိက တင်ပြစေလိုကြောင်း၊ လိုအပ်ချက်များကိုလည်း အတတ်နိုင်ဆုံး ပြန်လည်ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကိုကျင်းပရာ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက ငွေကျပ်သိန်း ၇၀၁၀၀၀၀၊ ပြည်နယ်ဝန်ကြီးချုပ်က ဆန်အိတ် ၅၀၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ငွေကျပ် ၄၄၅၀၀၀၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ခေါက်ဆွဲခြောက်ထုပ် ၄၅ ဖာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ခေါက်ဆွဲခြောက်ထုပ် ၁၀ ဖာ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ခေါက်ဆွဲခြောက်ထုပ် ဖာ၂၀၊ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းချုပ်က ငွေကျပ် ၃၁၈၀၀၀၀၊ သတ္တု(ရွှေ)တူးဖော်ရေးကုမ္ပဏီက ငွေကျပ်သိန်း ၂၀၊ ထူးဖောင်ဒေးရှင်းနာယကဦးတေဇက ဆန်အိတ် ၃၀၀၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးခက်ထိန်နန်က ငွေကျပ် ငါးသိန်း၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ်ကအေးမြသာယာ မူလွန်ကျောင်းဆောက်လုပ်ရေးအတွက် ငွေကျပ် ၂၇၆ သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဖားကန့်မြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရေးတနာခန်းမ၌ ဖားကန့်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ အထောက်အကူပြုကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သတ္တုသယံဇာတနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကိစ္စနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မူးယစ်ဆေးဝါး တားဆီးကာကွယ်နိုင်ရေးကိစ္စတို့နှင့် စပ်လျဉ်း၍ ပြန်လည်ပြောကြားရှင်းလင်းသည်။

ထို့နောက် ဒုတိယသမ္မတက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် မိမိတို့ပြည်ထောင်စုအစိုးရ၊ ကချင်ပြည်နယ်အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံခြားသံတမန်များပါဝင်သောအဖွဲ့ ယခုကဲ့သို့ နိုင်ငံကျော်၊ ကမ္ဘာကျော်မြို့လေးကို ရောက်လာခြင်းသည် ကုသိုလ်လည်းထူး၊ ကံလည်းကောင်းသည့်အတွက် ရောက်ရခြင်းဟုဆိုနိုင်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး အကန့်အသတ်အမျိုးမျိုးရှိသော ဤမြို့ကို တော်ရုံတန်ရုံဖြင့် မရောက်နိုင်သည်မှာ အမှန်ပင်ဖြစ်ပါကြောင်း။

ဤမြို့ကို ရောက်သည့်အခါ ဒေသစုံမှ လူမျိုးပေါင်းစုံတို့ ရောကြည်ရာ မြက်နုရာ ဝမ်းရေးတစ်ထွာအတွက် ရောက်ရှိနေကြသည်ကိုလည်း တွေ့နေရပါကြောင်း၊ ယခုမချမ်းသာသေးသော်လည်း ဇွဲ၊ လုံ့လ၊ ဝီရိယ၊ ကုသိုလ်ကံစေတနာကြောင့် မနက်ဖြန် သဘက်ခါ လူချမ်းသာဖြစ်လာနိုင်သည့် ဒေသများထဲတွင် ဖားကန့်ဒေသလည်း တစ်ခုအပါအဝင်ဖြစ်၍ ပြည်သူပြည်သားများအားလုံး ချမ်းသာကြွယ်ဝသူများ ဖြစ်နိုင်ကြပါစေဟု ဤနေရာမှ ဆုတောင်းမေတ္တာပို့သလိုပါကြောင်း။

ဖားကန့်ဒေသမှ ထွက်ရှိသော ကျောက်စိမ်းရတနာသည် မိမိတို့၏ မြန်မာနိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေအမြောက်အမြား ရှာဖွေပေးနေသကဲ့သို့ ဤတွင်းထွက်ရတနာကြောင့် ကမ္ဘာက မြန်မာနိုင်ငံကို ပိုစိတ်ဝင်စားပြီး ပိုအသိများလာစေပါကြောင်း၊ ဤဒေသကထွက်သော ကျောက်စိမ်းအမျိုးအစား အမျိုးမျိုးကြောင့် ချမ်းသာကြွယ်ဝသွားကြသူများလည်း ထောင်သောင်းမကရှိကြမည်ဖြစ်ပါကြောင်း။

မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် သဘာဝသယံဇာတပေါများကြွယ်ဝသော နိုင်ငံဖြစ်ပါကြောင်း၊ ဆန်ရေစပါးပေါများပါကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ထွက်ရှိပါကြောင်း၊ ပင်လယ်၊ မြစ်ချောင်း၊ အင်းအိုင်မှ သား၊ ငါး၊ ပုစွန်များရှိပါကြောင်း၊ ကျွန်းသစ်အပါအဝင် သစ်မာမျိုးစုံ၊ ဝါးမျိုးစုံ စုံလင်ပါကြောင်း၊ ပုလဲ၊ ကျောက်စိမ်း၊ ကျောက်မျက်၊ ကျောက်သံပတ္တမြား၊ ရွှေ၊ ငွေပေါများသော နိုင်ငံဖြစ်ပါကြောင်း၊ သို့သော် နိုင်ငံမှာ ချမ်းသာသောနိုင်ငံထဲမပါဘဲ၊ ဆင်းရဲသည့်နိုင်ငံစာရင်းထဲ ပါနေသည်ကို

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဖားကန့်မြို့ နှစ်ခြင်းအသင်းတော်တွင် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

သတိထားမိကြမည်ဖြစ်ပါကြောင်း၊ ဘာကြောင့် ယခုလိုဖြစ်ရသလဲ မေးကြည့်နိုင်ပါကြောင်း။

တစ်ခုသေချာသည်မှာ မိမိတို့၏ သဘာဝသယံဇာတပစ္စည်းများကို မပြုမပြင်ဘဲ သဘာဝအတိုင်း အရိုင်းဖြင့် ထုတ်ရောင်းသည့်အချက်တစ်ချက်ပါပါကြောင်း၊ မိမိတို့၏ သယံဇာတများကိုသာ တန်ဖိုးမြှင့်ပစ္စည်းအဖြစ် ပြုပြင်ပြီးမှ ရောင်းချမည်ဆိုလျှင် ယခုထက်ဆယ်ဆမက၊ အဆတစ်ရာ၊ တစ်ထောင်ဖြစ်လာနိုင်သည့်အတွက် ချမ်းသာသော ဒေသ၊ ချမ်းသာသောနိုင်ငံထဲ ပါလာနိုင်ပါကြောင်း။

သဘာဝ သယံဇာတများကို များများနှင့် မြန်မြန်ထုတ်သုံးလျှင် တစ်နေ့မဟုတ်တစ်နေ့ ကုန်ခန်းသွားမည်ဖြစ်ပါကြောင်း၊ ဤဒေသက ကျောက်စိမ်းများလည်း တစ်နေ့နေ့ တစ်ချိန်ချိန် ကုန်သွားမည်ဆိုသည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်ပါကြောင်း၊ မိမိတို့ ဘိုးဘွား၊ မိဘလက်ထက်က သယံဇာတများကို ထုတ်ယူသုံးစွဲပြီး မိမိတို့ကို လွှဲပြောင်းပေးနိုင်ခဲ့ကြောင်း၊ ထို့အတူ တန်ဖိုးရှိသော ကျောက်စိမ်း ထုတ်လုပ်ရောင်းချရေးလုပ်ငန်းများကို မိမိတို့၏သားသမီး၊ မြေး၊ မြစ်များ လက်ထဲ ဆက်လက်အမွေပေးနိုင်အောင် လုပ်ဆောင်နိုင်ရန် လိုအပ်ပါကြောင်း။

ထိုသို့ လုပ်နိုင်အောင်၊ မိဘတာဝန်ကျေအောင်၊ ရေရှည်တည်တံ့သောလုပ်ငန်းဖြစ်အောင် ဤလုပ်ငန်းအပေါ် မှီခိုနေသော သိန်းသန်းမက လူထုအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်း မပျက်ရလေအောင် လုပ်ငန်းများကို ထိန်းထိန်းသိမ်းသိမ်း လုပ်ကိုင်သွားရန်နှင့် တန်ဖိုးမြှင့်ကုန်ချောအဖြစ် ပြုပြင်ရောင်းချနိုင်ပါမှ ရေရှည်တည်တံ့သည့် စီးပွားရေးလုပ်ငန်းဖြစ်မည်ဖြစ်ပါကြောင်း၊ အမွေအနှစ်များကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းပေးနိုင်မည့် အစီအစဉ်ဖြစ်မည်ဖြစ်ပါကြောင်း။

ထို့ပြင် ဖားကန့်နေပြည်သူများ၏စိမ်းစိုလန်းဆန်းသော သဘာဝပတ်ဝန်းကျင်ကို မထိခိုက်အောင်လုပ်ရန်လည်း လိုအပ်ပါကြောင်း၊ ကျောက်စိမ်းထုတ်သည့် လုပ်ငန်းကြောင့်၊ မြေစာများကို စည်းကမ်းမဲ့စုပုံပစ်ခြင်းကြောင့်၊ ဥရုချောင်းပိတ်ဆို့မှုနှင့် ရေကြီး ရေလျှံမှုဖြစ်ပြီးလူများသေကျေပျက်စီး၊ လမ်းတံတားများပျက်စီး၊ သစ်ပင်သစ်တောနှင့်ပတ်ဝန်းကျင်လည်း ပျက်စီးခြင်းမျိုးမဖြစ်ရလေအောင် ကျောက်စိမ်းထုတ်လုပ်သော ကုမ္ပဏီလုပ်ငန်းရှင်ကြီးများ၊ ဒေသအုပ်ချုပ်ရေးတာဝန်ရှိသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနတာဝန်ရှိသူများနှင့် ပြည်သူများပူးပေါင်းလုပ်ဆောင်ပါမှ ဖားကန့်ဒေသမြို့လေးသည် စီးပွားရေးဖွံ့ဖြိုးပြီး ခေတ်မီလှပသော နေချင်စဖွယ်မြို့လေးတစ်မြို့ ဖြစ်နိုင်မည်ဖြစ်ပါကြောင်း။

ပတ်သက် ဆက်နွှယ်သူများအားလုံး တာဝန်ရှိသကဲ့သို့ ပြုပြင်ထိန်းသိမ်းမှုကို တာဝန်ယူနိုင်ရမည်ဖြစ်ပါကြောင်း၊ ဖားကန့်မြို့ကိုရရှိထားသော ဓာတ်ပုံမှတ်တမ်းအရရော၊ ရဟတ်ယာဉ်ပေါ်မှ မြင်ရသည့် မြင်ကွင်းများအရ တချို့နေရာများတွင် စိမ်းစိုသော်လည်း တချို့နေရာများတွင် သစ်ပင်၊ ဝါးပင်လုံးဝမရှိတော့ဘဲ တောင်ကတုံးများ၊ မြေသားလွင်ပြင်ကြီးများ၊ မြေသားချိုင့်ဝှမ်းကြီးများ ဖြစ်နေသည်မှာ စိတ်မကောင်းဖွယ်ရာ ဖြစ်ပါကြောင်း။

ကျောက်စိမ်းရတနာလုပ်ငန်းလုပ်ကိုင်နေကြသော ကျောက်စိမ်းစီးပွားရေးလုပ်ငန်းရှင်များအသင်းအဖွဲ့အနေဖြင့် ဤလုပ်ငန်းနှင့်ကိုယ်ပိုင်စီးပွား ဖွံ့ဖြိုးရေးရော၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးပါ တရားမဝင် လုပ်ဆောင်မှုမျိုးကိုရှောင်ရှားပြီး တရားဥပဒေနှင့်အညီ လုပ်ကြရန်၊ ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်အောင် လုပ်ဆောင်ကြရန်၊ တစ်ချိန်တည်းမှာပင် ယခုကမ္ဘာ၌ အင်မတန်မှ ခေတ်စားနေသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိုလည်း မျက်ခြည်မပြတ် လုပ်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း။

သစ်တောသစ်ပင်၊ ပန်းပင်များ ရှင်သန်အောင် ပြန်စိုက်ပျိုးပေးကြရန်၊ ချောင်း၊ မြောင်းများ ရေစီးရေလာကောင်းမွန်အောင် လုပ်ပေးကြရန်၊ လမ်းတံတားများမပျက်စီးအောင် ထိန်းသိမ်းပေးကြရန်နှင့် ပတ်ဝန်းကျင် လေထု၊ မြေထု၊ ရေထု ညစ်ညမ်းမှုမဖြစ်အောင် အတတ်နိုင်ဆုံးကြိုးစားဆောင်ရွက်ရင်း နတ်လူသာဓုခေါ်နိုင်သည့် အဆင့်မျိုးရောက်ရှိအောင် စည်းကမ်းတကျဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းလိုပါကြောင်း။

ဖားကန့်ဒေသကို မိမိတို့လာရောက်ခြင်းမှာ ဤဒေသ၌ ပြီးခဲ့သော လက်နက်ကိုင်ပဋိပက္ခအကျိုးဆက်ကြောင့် ဒုက္ခရောက်နေကြရသည့် ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ပံ့ပိုးပေးရန်နှင့် တခြားသောလူမှုစီးပွားဘဝ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်အောင် ရောက်လာခြင်းဖြစ်ပါကြောင်း၊ ဤဒေသ၏ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အစိုးရနှင့်အတူ မိဘပြည်သူများအားလုံးကလည်း ပါဝင်ပူးပေါင်းဆောင်ရွက်ပေးကြပါဟု ပြောကြားခဲ့သည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက မိတ္တူကူးစက် တစ်လုံး၊ ဖားကန့်မြို့ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းက ငွေကျပ်သိန်း ၁၀၀ နှင့် ရွှေသံလွင်ကုမ္ပဏီက SKY NET ရုပ်သံလိုင်း တစ်စုံတို့ကို ထောက်ပံ့ပေးအပ်လှူဒါန်းသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေး အခြေအနေကြောင့် နေရပ်စွန့်ခွာပြောင်းရွှေ့လာကြသည့် ဖားကန့်ဒေသမှ ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ထိုမှတစ်ဆင့် ဖားကန့်မြို့မှ ဟိုပင်မြို့နယ်ခွဲ အင်းတော်ကြီးဒေသသို့ရောက်ရှိကြပြီး အင်းတော်ကြီး ရွှေမဥ္ဇူ ရေလယ်စေတီတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ရွှေမဥ္ဇူရေလယ်စေတီတော် အင်းတော်မဏ္ဍပ်၌ အင်းတော်ကြီး ဒေသအတွင်းရှိ ကျေးရွာအုပ်စု ၁၁ အုပ်စုမှ ဒေသခံပြည်သူများအားတွေ့ဆုံ၍ မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများ၏ တင်ပြတောင်းခံမှုအရ စေတနာရှင် အလှူရှင် ထူးဖောင်ဒေးရှင်း၊ အဲပုဂံ၊ AGD ဘဏ်၊ Myanmar Treasure Hotel Group နှင့် Aureum Hotel Group တို့ကိုယ်စား ထူးဖောင်ဒေးရှင်းနာယက ဦးတေဇက ရွှေမဥ္ဇူ ရေလယ်စေတီတော် အဝင်လမ်း အဆင့်မြှင့်တင် ပြုပြင်ရန်အတွက် လှူဒါန်းငွေကျပ် သိန်း ၁၂၀၀ အား တာဝန်ရှိသူတစ်ဦးထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အင်းတော်ကြီးမှ မိုးညှင်းမြို့ ဒီဂရီကောလိပ်သို့ ရောက်ရှိကြပြီး ကောလိပ်ခန်းမ၌ မိုးညှင်းမြို့ ဒီဂရီကောလိပ်နှင့်နည်းပညာကောလိပ်တို့မှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ မိုးညှင်းမြို့ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မိုးညှင်းဒီဂရီကောလိပ် ကျောင်းအုပ်ကြီးက ကျောင်းအဝင်လမ်းအား တိုးချဲ့နိုင်ရေးတင်ပြရာ ဒုတိယသမ္မတက ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် မိုးညှင်းမြို့သို့ ယနေ့ မိမိတို့အဖွဲ့ လာရောက်ခြင်းမှာ မိုးညှင်းဒေသရှိ ပြည်သူများအား နိုင်ငံတော်အစိုးရကလုပ်ဆောင်သည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို သိရှိနိုင်အောင်၊ လက်နက်ကိုင်

ပဋိပက္ခများကြောင့် ဒုက္ခရောက်နေသည့် စစ်ပြေးဒုက္ခသည်များကို ပံ့ပိုးကူညီနိုင်အောင်နှင့် မိုးညှင်းခရိုင်အတွင်း လိုအပ်သော အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးပံ့ပိုးကူညီနိုင်အောင်၊ ဒေသနေပြည်သူများ၏ အမျိုးမျိုးသောဆန္ဒကို ကြားသိရအောင်ဟူသည့် ရည်ရွယ်ချက်များဖြင့် ရောက်လာခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများကို မြို့မိမြို့ဖများလည်း သိရှိကြမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးကဏ္ဍအနေဖြင့် နိုင်ငံရေးပါတီများအားလုံး နိုင်ငံရေးလုပ်ငန်းစဉ်တွင် ပါဝင်လာနိုင်အောင် လမ်းဖွင့်ပေးပြီး နိုင်ငံရေးစိတ်ဝင်စားသူတိုင်း နိုင်ငံရေးလုပ်ပိုင်ခွင့်၊ ယုံကြည်ချက်အကျဉ်းသားများ လွတ်ငြိမ်းချမ်းသာခွင့်၊ စာပေစိစစ်ရေးရုပ်သိမ်းပြီး လွတ်လပ်စွာ သတင်းနှင့် စာပေအမျိုးမျိုးကို ထုတ်ဝေရေးသားခွင့်၊ ပုဂ္ဂလိကသတင်းစာ၊ တီဗွီလုပ်ပိုင်ခွင့်၊ အသင်းအဖွဲ့သမဂ္ဂများ ဖွဲ့စည်းခွင့်၊ လူထုအစုအဝေးနှင့် ဆန္ဒဖော်ထုတ်ခွင့်၊ နိုင်ငံခြားရောက် မြန်မာနိုင်ငံသားများ ပြန်လည်ဝင်ရောက်လာခွင့်၊ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးစသည်တို့ ဖြစ်ပါကြောင်း။

စီးပွားရေးကဏ္ဍတွင် နိုင်ငံပိုင်စီးပွားရေးမှ ပုဂ္ဂလိကပိုင်စီးပွားရေး၊ ဈေးကွက်စီးပွားရေးကို ပိုမိုအားပေးမှု၊ ယာဉ်အိုယာဉ်ဟောင်းများ အစားထိုးလဲလှယ်မှု၊ နိုင်ငံခြားငွေလဲလှယ်နှုန်း ပြုပြင်ပေးမှု၊ မိုဘိုင်းတယ်လီဖုန်းများ လူတိုင်းကိုင်ဆောင်ခွင့်ရရှိအောင် ဆောင်ရွက်ပေးမှု၊ ဝန်ထမ်းများ၏လစာနှင့် ထောက်ပံ့ကြေးတိုးပေးမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေထုတ်ပြန်နိုင်မှု၊ စီးပွားရေးလုပ်ငန်းများကို တရားသဖြင့် ယှဉ်ပြိုင်နိုင်စေမှုစသည်တို့မှာ ပြုပြင်ပြောင်းလဲရေး၏ အကျိုးရလဒ်များပင်ဖြစ်ပါကြောင်း။

အုပ်ချုပ်ရေးကဏ္ဍတွင် ယခင်ကကဲ့သို့ အထက်မှပေးသော အမိန့်ကိုစောင့်ပြီး ခွင့်ပြုမှ အောက်ခြေက စတင်ဆောင်ရွက်ခြင်းမျိုး မဖြစ်ရလေအောင်၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများကို ပြည်သူများ ဆန္ဒအရ တိုက်ရိုက်ရွေးချယ်ခွင့်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများသည် ပြည်သူလူထု၏အုပ်ချုပ်ရေးမှူးများပင်ဖြစ်ပါကြောင်း၊ မြို့နယ်အဆင့်တွင် စီမံခန့်ခွဲမှုကော်မတီအပြင် ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုရေးကော်မတီသည်လည်း ရပ်ရွာထဲတွင် သိက္ခာသမာဓိရှိသူများနှင့် ပါဝင်ဖွဲ့စည်းပြီး ရပ်ရွာ၏အရေးကို ကိုယ်တိုင်ကိုယ်ကျပါဝင်နိုင်အောင် ဆောင်ရွက်ပေးခြင်း ဖြစ်ပါကြောင်း။

သာမန်ကိစ္စမျိုးများတွင် ယခင်ကကဲ့သို့ အထက်ကညွှန်ကြားချက်များကို စောင့်နေစရာမလိုတော့ဘဲ မိမိတို့အဖွဲ့ဖြင့် စတင်ဆောင်ရွက်နိုင်အောင် အုပ်ချုပ်ရေးယန္တရားကို ပြုပြင်ပြောင်းလဲ အားဖြည့်လိုက်ခြင်း ဖြစ်ပါကြောင်း၊ မြို့နယ် စည်ပင်သာယာရေးကော်မတီ သည်လည်း အစိုးရဌာနမှ ချုပ်ကိုင်ထားခြင်းမရှိစေတော့ဘဲ ပြည်သူများကိုယ်တိုင် ဝင်ရောက် ဆောင်ရွက်နိုင်ပြီဖြစ်သည့် အုပ်ချုပ်ရေးပြုပြင်မှုများ ဖြစ်ပါကြောင်း၊ လျှပ်စစ်မီးလင်းရေးကိစ္စတွင်လည်း အလားတူ ပုဂ္ဂလိကလုပ်ငန်းရှင်များကို လုပ်ဆောင်ခွင့်ပေးနေပြီ ဖြစ်ပါကြောင်း။ အဂတိလိုက်စားမှုအတွက် တိုင်တန်းလိုလျှင်လည်း လမ်းကြောင်းဖွင့် ထားပေးပြီးဖြစ်ပါကြောင်း၊ အမှန်တကယ် ဟုတ်မှန်ကြောင်း သက်သေသာဓကပြနိုင်သည့် ကိစ္စရပ်များမှာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ တစ်ဦးတစ်ယောက်ကို စွပ်စွဲတာမျိုး မဟုတ်ဘဲ ခိုင်မာသော သက်သေ အထောက်အထားပြရန် လိုအပ်ပါကြောင်း၊ အကြောင်းကိစ္စကြီးငယ်အတွက် အထက်အဖွဲ့အစည်းကို တင်ပြတိုင်တန်း လိုလျှင်လည်း တိုင်တန်းနိုင်အောင် လမ်းကြောင်းဖွင့်ထားပေးပြီး ဖြစ်ပါကြောင်း၊ ၄င်းတို့မှာမိမိတို့ရွေးချယ် တင်မြှောက်ထားသော ပြည်နယ် လွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှ တစ်ဆင့် တင်ပြခြင်း၊ အုပ်ချုပ်ရေး လမ်းကြောင်းမှ အဆင့်ဆင့် တင်ပြခြင်း၊ စီမံခန့်ခွဲမှု ကော်မတီ၊ အထောက်အကူပြု ကော်မတီများမှတစ်ဆင့် တင်ပြခြင်း၊ အဂတိလိုက်စားမှုအတွက် သက်ဆိုင်ရာကော်မတီသို့ တိုက်ရိုက်ရေးသားပေးပို့နိုင်ခြင်း၊ သတင်းစာ၊ ဂျာနယ်၊ အင်တာနက်များမှတစ်ဆင့် အသိပေးနိုင်ခြင်းစသည့် နည်းလမ်းများဖြစ်ပါကြောင်း၊ အရေးကြီးသည့်အချက်မှာ မိမိရေးသားတင်ပြသည့် အချက်များ၊ အင်တာဗျူး ပြောဆိုချက်များ၏ မှန်ကန်မှုကိုတော့ မိမိမှ တာဝန်ယူနိုင်ရမည်ဖြစ်ပြီး ဖြစ်ပေါ်လာမည့် အကျိုးဆက်ကိုလည်း ရင်ဆိုင်ရဲရမည်ဖြစ်ပါကြောင်း။

ပြီးခဲ့သည့် နှစ်များအတွင်းက ကချင်ပြည်နယ်တစ်ခုလုံး လက်နက်ကိုင်ပဋိပက္ခများကြောင့် နယ်မြေအခြေအနေရှုပ်ထွေးပြီး ဒေသရှိပြည်သူများ စစ်ဘေးစစ်ဒဏ်ကို ပြေးလွှားရှောင်ရှားရင်း ဒုက္ခမျိုးစုံရောက်ရှိနေသည့်သူများကို မူရင်းအခြေအနေတစ်ခု ပြန်လည်ရောက်ရှိနိုင်အောင်၊ အသက်မွေးဝမ်းကျောင်းလမ်းပေါ် ပြန်ရောက်နိုင်အောင် ကူညီပံ့ပိုးပေးရန် ဖြစ်ပါကြောင်း၊ နေ့စဉ်ကြုံတွေ့နေရသည့် စားဝတ်နေရေးကိစ္စများလည်းပါပါကြောင်း။

ဤဒုက္ခသည်များ၏ စားဝတ်နေရေးပြဿနာကို နိုင်ငံတော်မှ ကူညီပံ့ပိုးပေးနိုင်သမျှ ကူညီပံ့ပိုးပေးမှာဖြစ်ပြီး တချို့ကိစ္စများမှာ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ချိတ်ဆက် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယင်းမှာ ပဋိပက္ခဖြစ်ပွားရာဒေသများရှိ မြေမြှုပ်မိုင်း ရှင်းလင်းရေးကိစ္စများဖြစ်ပါကြောင်း၊ လက်ရှိရောက်ရှိနေသည့် နေရာဒေသတွင်နေထိုင်လိုပါက တန်ဖိုးနည်းအိမ်ရာများ အလုံအလောက် ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း။

မိမိနေရပ်ဒေသကို ပြန်လည်နေထိုင်မည်ဆိုပါကလည်း ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ဒုက္ခသည်ကလေးများ၏ ပညာရေး၊ ကျန်းမာရေး၊ အခြားသော လူမှုရေးကိစ္စများကို လိုအပ်သလို ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ပြည်သူလူထုအားလုံး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရမည်မှာ တည်ငြိမ်အေးချမ်းနေသော လက်ငင်းအခြေအနေကို ဆက်လက်ထိန်းသိမ်းပြီး ယခင်ကကဲ့သို့ ပဋိပက္ခများ ပြန်လည်မဖြစ်စေရေးပင်ဖြစ်ပါကြောင်း။

နောက်တစ်ချက် အနေဖြင့် မိုးညှင်းဒေသအပါအဝင် ကချင်ပြည်နယ်၏ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ရေးဖြစ်ပါကြောင်း၊ ကားလမ်း၊ ရထားလမ်း၊ တံတား၊ သယ်ယူပို့ဆောင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးလင်းရေး၊ ငွေကြေးဝန်ဆောင်မှုစသည်တို့ ဖွံ့ဖြိုးခိုင်မာလာပါမှ ကချင်ပြည်နယ်သည်လည်း တိုးတက်မှု လမ်းကြောင်းပေါ် ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း၊ သို့မှသာ ကချင်ပြည်နယ်၏ ငြိမ်းချမ်းမှုအပေါ် လုံးဝမူတည်နေပါကြောင်း။

ချက်ချင်းဆောင်ရွက်၍ရသည်တို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပြီး တချို့ကိစ္စများမှာ နိုင်ငံတော်၏ ဘဏ္ဍာရေးအခြေအနေအရ ပထမနှစ်၊ ဒုတိယနှစ် နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာအကူအညီ အထောက်အပံ့ဖြင့် ဆောင်ရွက်ရသော ကိစ္စများအတွက် နိုင်ငံတော်မှ ချက်ချင်းလုပ်ဆောင်ပေးနိုင်မှု၊ လုပ်ဆောင်မပေးနိုင်မှုတို့ကိုလည်း နားလည်သဘောပေါက်ပေးစေလိုပါကြောင်း။

နောက်ဆုံးတစ်ချက်မှာ ဒေသခံမိဘပြည်သူများ၏ ဆန္ဒအသံကိုလည်း နားထောင်လိုပါကြောင်း၊ ထိုသို့ ဆန္ဒတင်ပြကြရာတွင် နိုင်ငံတော်အတွက်၊ မိမိတို့၏ ပြည်နယ်၊ မြို့နယ်အတွက် အထောက်အကူပေးနိုင်မည့် ဆန္ဒမျိုး၊ အကြံဉာဏ်မျိုး ဦးစားပေးတင်ပြကြရန် မေတ္တာရပ်ခံလိုပါကြောင်းဖြင့် ပြောကြားသည်။ ယင်းနောက် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ဒီပါမင်းကျောက်မျက်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ထိုက်က ဒီဂရီကောလိပ်နှင့် နည်းပညာ ကောလိပ်တို့အတွက် ငွေကျပ်သိန်း ၁၀၀စီ၊ ကမ္ဘာဟိန်းကျောက်မျက်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးသန်းရွှေက ဒေသဖွံ့ဖြိုးရေးအတွက် ငွေကျပ်သိန်း ၁၀၀၊ စန်းမိသားစုကျောက်မျက်ကုမ္ပဏီက မိုးညှင်းဒီဂရီကောလိပ် သင်ထောက်ကူပစ္စည်းများအတွက် ငွေကျပ်သိန်း ၁၀၀ နှင့် ရွှေသံလွင်ကုမ္ပဏီက ကောလိပ်တစ်ခုစီအတွက် SKY NET ရုပ်သံလိုင်းတစ်စုံစီကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မိုးညှင်းမြို့မှ မြစ်ကြီးနားမြို့သို့ ပြန်လည်ရောက်ရှိကြပြီး မလိခရိပ်သာခန်းမ၌ ခရစ်ယာန် ဂိုဏ်းဂဏပေါင်းစုံဆရာတော်များ (MCC) များအား တွေ့ဆုံပြီး ဒေသတွင်းငြိမ်းချမ်းရေးနှင့် နေရပ်ရွှေ့ပြောင်း စွန့်ခွာလာသူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ကိစ္စရပ်များတွင် တတ်နိုင်သည့်ဘက်မှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်း

နေပြည်တော် ဩဂုတ် ၁၁

နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ ပရိယတ္တိစာသင်တိုက်များ၊ သာသနာ့အန္တယ်ဝင် သီလရှင်စာသင်တိုက်များသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် တပ်ကုန်းမြို့နယ် ငွေတောင်တောရပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ အခမ်းအနားသို့ ငွေတောင်တောရပရိယတ္တိ စာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသီရိ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး၊ စစ်ဦးစီးအရာရှိချုပ် (ရေ)ဗိုလ်မှူးချုပ် တင်အောင်စန်း၊ စစ်ဦးစီးအရာရှိချုပ် (လေ) ဗိုလ်မှူးချုပ် လွင်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး၊ စေတနာရှင်အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ယနေ့ကျင်းပသော နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ ပရိယတ္တိစာသင်တိုက်များ၊ သာသနာ့အန္တယ်ဝင် သီလရှင် စာသင်တိုက်များသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့်စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှု အစုစုမှာ အလှူငွေကျပ် ၁၀၁၂၈၀၀၀၊ ဆန် ၆၁၇ အိတ် ၁၆ ပြည်၊ ဆီ ၁၅၃ ပိဿာ ၃၀ ကျပ်သား၊ ပဲ ၁၄၆၃ ပိဿာ၊ ဆား ၁၄၆၃ ပိဿာ၊ ငရုတ်သီးမှုန့် အထုပ် ၅၀၀၊ ငပိထောင်းဘူး ၁၀၀၀ နှင့် ဆေးမျိုးစုံ ဘူး ၇၆၃၀ တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝတီ)

လမ်း၊ တံတားများအား ပြုပြင်ဆောင်ရွက်ပေး

နေပြည်တော် ဩဂုတ် ၁၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်နှင့် မိုင်းဖြတ်မြို့နယ်တို့၌ ဩဂုတ် ၁၀ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုင်းဖြတ်-ဘုရှီးကားလမ်းပေါ်ရှိ ဝမ်ပုံတံတား ချဉ်းကပ်လမ်းအောက်ပိုင်း ရေတိုက်စားပျက်စီးခြင်း၊ နမ်းခမ်းကျေးရွာနှင့် တာလေကျေးရွာအနီး မိုင်းဖြတ်-တာချီလိတ်ကားလမ်းပေါ်သို့ အမြင့် လေးပေခန့် ရေတက်လာ၍ ယာဉ်များ ဖြတ်သန်းသွားနိုင်ခြင်းမရှိတော့သဖြင့် လမ်းပိတ်နေခြင်း၊ ကျိုင်းတုံ-ဝမ်ပုံသွား ကားလမ်း မိုင် (၂၀/၄) နှင့် (၂၀/၆) ကြားတွင် လမ်းအောက်ခြေကမ်းပါးပြိုကျ၍ လမ်းအကျယ် ၁၀ ပေခန့် ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သဖြင့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့ဆောက်လုပ်ရေး ဝန်ထမ်းများ ပူးပေါင်း၍ ပျက်စီးသွားသော တံတားများနှင့် လမ်းများပြန်လည်ပြုပြင်ပေးခြင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး ကူညီဆောင်ရွက်ပေးခြင်းများ ပြုလုပ်ပေးသည်။ **(အောက်ပုံ)**

အလားတူ ကျိုင်းတုံမြို့နယ် ကတ်ထိုက်ကျေးရွာအုပ်စု ကတ်ဝုန်းကျေးရွာတွင် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် နမ့်ပူးချောင်း ရေလျှံတက်ကာ အိမ်ခြေ ၂၇ လုံး ရေနစ်မြုပ်ပြီး မြေစိုက်အိမ်နှစ်လုံး ယိုင်လဲခဲ့သဖြင့် ကျေးရွာနေပြည်သူများကို တပ်မတော်သားများနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရေဘေးလွတ်ကင်းရာ ကတ်ထိုက်ကျေးရွာ ဘုန်းကြီးကျောင်းသို့ ကူညီရွှေ့ပြောင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

စာပေလောက၊ သတင်းစာလောက ကြယ်တစ်ပွင့်ကြွေလွင့်

စာရေးဆရာ၊ သတင်းစာဆရာ ဆရာမောင်ဝံသသည် ယနေ့နံနက် ၆ နာရီ ၁၅ မိနစ်တွင် ကင်ဆာရောဂါဝေဒနာဖြင့် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံတွင် ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

ဆရာ၏ အမည်ရင်းမှာ ဦးစိုးသိမ်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် မြစ်ကျိုးဇာတိဖြစ်သည်။ ၎င်းသည် အထက်တန်းကျောင်းသားဘဝမှစ၍ ကလောင်သွေးခဲ့သူတစ်ဦးဖြစ်ပြီး ၁၉၆၂-၁၉၆၃ ခုနှစ်တွင် အထောက်တော်သတင်းစာ၏ တက္ကသိုလ် သတင်းထောက်အဖြစ် စတင်လုပ်ကိုင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ် သတင်းထောက်အသင်း ဒုတိယဥက္ကဋ္ဌအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

၁၉၆၄ ခုနှစ်တွင် လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ၌ ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ၁၉၆၅ ခုနှစ်တွင် လက်ထောက်အယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်နေစဉ် “မောင်ဝံသ” အမည်ဖြင့် ပညာရေးနှင့် ကျောင်းသားလူငယ်ရေးရာ ဆောင်းပါးများ ပုံမှန်ရေးခဲ့သည်။ လုပ်သားကောလိပ်သို့ တက်ရောက်ပြီး ပြင်ပမှဖြေဆို၍ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။

၁၉၇၀ ခုနှစ်အထိ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၌ အယ်ဒီတာ အဖွဲ့ဝင်၊ ၁၉၇၀ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ မြန်မာ့အလင်းသတင်းစာ၌ စီနီယာအယ်ဒီတာ၊ ၁၉၇၈ ခုနှစ်တွင် ဟံသာဝတီသတင်းစာ၌ ခေါင်းကြီးနှင့် ဆောင်းပါးအယ်ဒီတာ၊ ၁၉၇၈ ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ ဗိုလ်တထောင်သတင်းစာ၌ သတင်းအယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၇၃ ခုနှစ်မှ ကွယ်လွန်ချိန်အထိ ဒေါင်းစာပေတည်ထောင်သူနှင့် အုပ်ချုပ်သူအဖြစ် လည်းကောင်း၊ အတွေးအမြင် မဂ္ဂဇင်း တည်ထောင်သူနှင့် စီစဉ်သူအဖြစ် လည်းကောင်း၊ သတင်းထူးဂျာနယ်၊ ဘက်စုံဂျာနယ်၊ တော်ဝင်ဂျာနယ်၊ ပြည်သူ့ခေတ်ဂျာနယ်တို့၏ ထုတ်ဝေသူ၊ အယ်ဒီတာအဖြစ် လည်းကောင်း လုပ်ကိုင်ခဲ့သည်။

ဆရာသည် ၁၉၇၃ ခုနှစ်တွင် ဒေါက်တာဟင်နရီ ကစ်ဆင်းဂျား နိုင်ငံရေး အတ္ထုပ္ပတ္တိစာအုပ်ဖြင့် လုံးချင်းစာအုပ်နယ်ပယ်သို့ စတင်ဝင်ရောက်ခဲ့ပြီး စာပေလောက၊ သတင်းစာလောက၊ နိုင်ငံနှင့် ပြည်သူ့ အကျိုးပြုဆောင်းပါးများစွာနှင့် လုံးချင်းစာအုပ် ၆၂ အုပ် ရေးသားထုတ်ဝေခဲ့သည်။

၎င်းသည် သတင်းစာပညာသဘောတရားနှင့် လက်တွေ့ကျမ်းစာအုပ် (၂၀၀၅)ဖြင့် သုတစွယ်စုံစာပေဆုကို လည်းကောင်း၊ အတ္ထုပ္ပတ္တိ အဘိဓာန်စာအုပ် (၂၀၀၇)ဖြင့် ထွန်းဖောင်ဒေးရှင်းစာပေဆုကိုလည်းကောင်း၊ ရှာမှရှားတဲ့ နိုင်ငံရေးသမားနှင့် နိုင်ငံရေးဆောင်းပါးများ (၂၀၁၀)ဖြင့် ၂၀၁၁ ခုနှစ် သုတစွယ်စုံစာပေဆုကို လည်းကောင်း၊ ခေတ်မီနိုင်ငံရေးဝေါဟာရ အဘိဓာန်စာအုပ် (၂၀၁၂) ဖြင့် ထွန်းဖောင်ဒေးရှင်း စာပေဆုကိုလည်းကောင်း ရရှိခဲ့သည်။

စာရေးဆရာ၊ သတင်းစာဆရာ ဆရာမောင်ဝံသ။

ဆရာသည် ၂၀၁၁ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်တို့တွင် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင် အမျိုးသားသတင်းဆုကော်မတီဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ) ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ရွေးချယ်ခြင်းခံရသည်။

ဆရာမောင်ဝံသသည် စာပေလောကအကျိုးအတွက် ကိုယ်ကျိုးစွန့်၍ သယ်ပိုးဆောင်ရွက်ခဲ့သူဖြစ်ရာ စာပေလောကနှင့် သတင်းစာပေလောကအတွက် ကြယ်တစ်ပွင့် ကြွေလွင့်ခဲ့ရခြင်းဖြစ်၍ ဝမ်းနည်းကြေကွဲမှုနှင့်အတူ မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

အနုပညာပွဲတော်သို့ တက်ရောက်ရန် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၁

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်) ဌာနမှူး (စီမံ/ဘဏ္ဍာ) ဦးသန့်ဇင်ဦး ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်နန်းလောဝ်ငင်းနှင့် ရှမ်းပြည်နယ်ယဉ်ကျေးမှုအဖွဲ့ဝင်များပါဝင်သော မြန်မာ့ရိုးရာယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ၌ ဩဂုတ် ၁၂ ရက်မှ ၁၈ ရက်ထိ ကျင်းပမည့် အနုပညာပွဲတော် The Performing Arts Festival of the 4 Countries in Vietnam သို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) မှ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

မဟာအောင်မြေမြို့နယ်၌ စက်ရေတွင်းများ တူးဖော် ရေပိုက်လိုင်းများ အသစ်လဲလှယ်သွယ်တန်း

မန္တလေး ဩဂုတ် ၁၁

မန္တလေး မဟာအောင်မြေမြို့နယ် မဟာမြိုင် (၁)၊ (၂) ရပ်ကွက်များအတွင်း ရေကောင်းရေသန့် ပိုမိုရရှိစေရေး အတွက် စက်ရေတွင်းများတူးဖော်ခြင်း၊ ရေပိုက်လိုင်းများလဲလှယ်သွယ်တန်း ခြင်းလုပ်ငန်းများကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ရေနှင့် သန့်ရှင်းရေးဌာနမှ အင်ဂျင်နီယာများ ရေပေးဝေရေးလုပ်သားများက စီမံ ဆောင်ရွက်လျက်ရှိသည်။

ရေကောင်းရေသန့် ပိုမိုပေးဝေ နိုင်ရေးအတွက် မဟာမြိုင်ရပ်ကွက် ၆၉ လမ်းနှင့် ၃၆ လမ်းအတွင်း အချင်း ရှစ်လက်မ၊ အနက် ပေ ၈၃၀ ရှိ စက် ရေတွင်းကို တူးဖော်၍တစ်ရက်လျှင် ရေဂါလန် ၁၂၀၀၀၀ ကျော်ကို ၆၉ လမ်းရှိ မိန်းပိုက်လိုင်းကြီးအတွင်း တိုက်ရိုက်ထည့်သွင်းမောင်းနှင်သော စနစ်ဖြင့် ရေပေးဝေလျက်ရှိကာ ယခင် ရှိပြီး အချင်းခြောက်လက်မ၊ အနက် ၇၆၀ ပေရှိ စက်ရေတွင်းကို ရေထွက် အားပိုမိုကောင်းမွန်စေရေးအတွက် ရေမြှုပ်ပန့်အသစ်များ အစားထိုး လဲလှယ်ခြင်းဆောင်ရွက်နိုင်မှုကြောင့် မဟာမြိုင် (၁)၊ (၂) ရပ်ကွက်အတွင်းရှိ ရပ်ကွက်များသို့ ရေပိုမိုပေးဝေနိုင်ပြီး ၄၁ လမ်းတစ်လျှောက်လမ်း (၆၀) မှ (၆၆) လမ်းအထိ ရေပိုက်လိုင်းသစ်များ အစားထိုးတပ်ဆင်ခြင်းလုပ်ငန်းများ ကိုလည်း ဆောင်ရွက်လျက်ရှိကြ သည်။

အဆိုပါ ရပ်ကွက်များသည် လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော် ကာလကမြေကွက်များ ဖော်ထုတ်ချ ထားပေးခဲ့ရာ ပြည်သူများလာရောက် နေထိုင်ပါက ရေအခက်အခဲမရှိစေ ရေးအတွက် အိမ်မျက်နှာစာခြံစည်းရိုး နှင့် သုံးပေ၊ လေးပေအကွာတွင် ရေပိုက်လိုင်းများသွယ်တန်း၍ ရေရရှိ ရေးအတွက် စီမံဆောင်ရွက်ပေးခဲ့ရာ ယခုအခါ လူဦးရေများပြားလာမှုနှင့် အတူ ရေသုံးစွဲမှုပမာဏများပြား လာသည့်အတွက် ယခင်သွယ်တန်း ထားသော ရေပိုက်များသည် ရေဆိုး ထုတ်မြောင်းအောက် ရောက်ရှိကာ ရေပိုက်လိုင်းများ ကြာလာသည်နှင့် အမျှ ဆွေးမြည့်ပေါက်ပြဲသောနေရာ များကို ရေဆိုးများစိမ့်ဝင်မှုရှိနေ သဖြင့် ယခင်ရေပိုက်လိုင်းဟောင်းများ ကို အသုံးမပြုတော့ဘဲ ရေပိုက်လိုင်း အသစ်များ လဲလှယ်သွယ်တန်းခြင်းနှင့် ရေကောင်းရေသန့် ပိုမိုရရှိစေရေး အတွက် မန်းစည်ပင်က ဆောင်ရွက် ပေးလျက်ရှိသည်ကို တွေ့ရသည်။

တင်မောင်(မန်းကိုယ်ပွား)

ဆိပ်ဖြူမြို့ ရွှေမင်းဝန်စေတီတော်မြတ်ကြီး ထီးတော်တင်လှူရန် အလှူငွေလှူဒါန်း

ဆိပ်ဖြူ ဩဂုတ် ၁၁

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့ ရွှေမင်းဝန်စေတီတော်မြတ်ကြီး ထီးတော် သစ်တင်လှူပူဇော်ရန်အတွက် နှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီမိသားစုက ငွေကျပ် ၄၇ သိန်း လှူဒါန်းခြင်းအခမ်းအနားကို ရွှေမင်းဝန်စေတီတော်ဝင်း ရွှေသာ လျောင်း ဂန္ဓကုဋီတိုက်၌ မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အခမ်းအနားတွင် နှင်းသဇင် ဆောက်လုပ်ရေးမိသားစု အုပ်ချုပ်ရေးတာဝန်ခံ ဦးတင့်ဝေက ရွှေထီးတော်တင်လှူပူဇော်ပွဲဦးစီးကော်မတီဥက္ကဋ္ဌ ဦးခင်အောင်ထံသို့ လှူဒါန်းငွေကျပ် ၄၇ သိန်းကိုလှူဒါန်းရာ ရွှေထီးတော်တင်လှူပူဇော်ရေးဦးစီး ကော်မတီနာယက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်မြင့်က နှင်းသဇင်ဆောက်လုပ် ရေးကုမ္ပဏီမှ အုပ်ချုပ်ရေးတာဝန်ခံသို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ် သည်။

(မြို့နယ် ပြန်/ဆက်)

မန္တလေး ကလေးဆေးရုံ၌ ပန်းနာရင်ကျပ်ဆေးခန်းဖွင့်

မန္တလေး ဩဂုတ် ၁၁

မန္တလေး ခုတင် (၅၅၀) ဆံ့ကလေးဆေးရုံကြီး ပြင်ပလူနာဌာနတွင် ကလေး ပန်းနာရင်ကျပ်ဆေးခန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လဆန်းပိုင်းက ကျင်းပရာ ကလေးဆေးရုံအုပ်ကြီး ဒေါက်တာဦးစိန်ဟန်၊ ကလေးအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာဦးတင်မြင့်နှင့် ပါမောက္ခဒေါက်တာဒေါ်သီတာတို့က အမှာ စကားပြောကြားကြသည်။

အဆိုပါဆေးခန်းဖွင့်လှစ်ရန် Glaxo Smith Kline ဆေးကုမ္ပဏီက ကူညီ ပံ့ပိုးပေးပြီး ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးက ဆေးခန်းဖွင့်လှစ်ရန် ကူညီပံ့ပိုးပေးရ သည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ကလေးပန်းနာရင်ကျပ်အထူးကု ဆေးခန်းကို အပတ်စဉ် အင်္ဂါနေ့ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီထိ ဖွင့်လှစ် မည်ဖြစ်ကြောင်း သိရသည်။

အေးမြ

မန္တလေးခရိုင်အတွင်း လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေး ဓာတ်အားခွဲရုံတည်ဆောက်

မန္တလေး ဩဂုတ် ၁၁

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်အတွင်း အများပြည်သူများသို့ လျှပ်စစ် ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရေးအတွက် ထပ်ဆင့်ဓာတ်အားခွဲရုံများ တိုးချဲ့ တည်ဆောက်လျက်ရှိသည်။ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်အတွင်း ရှိ ၃၃/၁၁ ကေဗွီ (၁၀)အမ်ဗွီအေသင်ပန်းကုန်းထပ်ဆင့်ဓာတ်အားခွဲရုံသို့ တိုင်း ဒေသကြီး စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်ကြူနှင့်တာဝန်ရှိသူ များ ရောက်ရှိကြပြီး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရုံးခွဲပစ္စည်းများကို အရည်အသွေးကောင်းမွန်ပြီး သတ်မှတ်စံချိန်စံညွှန်းပြည့်မီ သည့်ပစ္စည်းများကိုသာ အသုံးပြုရေး၊ ခွဲရုံပစ္စည်းများရောက်ရှိပါကလည်း တပ်ဆင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးတပ်ဆင်ပြီးစီးရေးဆောင်ရွက်သွားရန် နှင့် ပြည်သူ့ထံသို့ ဓာတ်အားအမြန်ဆုံးဖြန့်ဖြူးပေးနိုင်ရေးအတွက် ကြိုးစားဆောင် ရွက်ပေးကြရန် မှာကြားခဲ့သည်။

တင်မောင်(မန္တလေးကိုယ်ပွား)

ပုလဲမြို့နယ်တွင် ကျေးရွာချင်းဆက် ဂျင်းလမ်းဖောက်လုပ်ပြီးစီး

ပုလဲ ဩဂုတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ခေါ်သန္တိ- ငှက်ပျောတော ကျေးရွာချင်း ဆက်လမ်းကို အရှည် ၂ မိုင်၊ အကျယ် ၁၂ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေး အဖွဲ့၏ခွင့်ပြုရန်ပုံငွေကျပ် ၅၃ သိန်းနှင့် ကျေးရွာပြည်သူများ လုပ်အားဒါန ထည့်ဝင်မှုဖြင့် ဖောက်လုပ်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းခွင်သို့ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစန်းအောင် သည် ဩဂုတ် ၂ ရက်က လာရောက်ကြည့်ရှုစစ်ဆေးရာ မြို့နယ် စည်ပင်သာယာ ရေးအဖွဲ့ အမှုဆောင်အရာရှိဦးစိုးခိုင်နှင့်အဖွဲ့က ရှင်းလင်းပြောကြားခဲ့သည်။

ပုလဲမြို့နယ် ခေါ်သန္တိကျေးရွာမှ ဦးစံအောင်က “ကျွန်တော်တို့ ကျေးရွာက ရွာသူ ရွာသားတွေစုပေါင်းပြီးတော့ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး အတွက် ခေါ်သန္တိ-ငှက်ပျောတောကျေးရွာချင်းဆက် မြေသားလမ်းနှစ်မိုင်ကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄) မှ စက်ယန္တရားကူညီမှုနဲ့ ငွေကျပ် ၃၅ သိန်း အကုန်အကျခံကာ ဖောက်လုပ်ခဲ့ပါတယ်။ အခု မြို့နယ်စည်ပင်က ဂျင်းလမ်းအဆင့်ထိ ဆောင်ရွက်ပေးတော့ ကျွန်တော်တို့ ကျေးရွာအပါအဝင် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာနေပြည်သူများအတွက် ဒေသထွက်ကုန်များ တင်ပို့ ရောင်းချမှုနဲ့ ပညာရေး၊ ကျန်းမာရေးအတွက်ပါ ရာသီမရွေးသွားလာနိုင်တော့မှာ ဖြစ်လို့ဝမ်းသာမိတယ်ဗျာ၊ ကျေးလက်နေပြည်သူများရဲ့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင်ဆောင်ရွက်ပေးတဲ့ တာဝန်ရှိ ဌာနဝန်ထမ်းများကိုလည်း ရွာသူ ရွာသားများရဲ့ကိုယ်စားကျေးဇူးတင်ရှိပါတယ်”ဟု ပြောကြားသည်။

မြင့်သိန်းစိုး(ပုံတောင်မြေ)

သစ်တောကြိုးဝိုင်းဧရိယာမှ ပယ်ဖျက်နိုင်ရေး ကွင်းဆင်းစာရင်းကောက်ယူလျက်ရှိ

ကသာ ဩဂုတ် ၁၁

ကသာမြို့ အရှေ့ဘက်ကမ်း ယင်းခဲသစ်တောကြိုးဝိုင်း ၆၇၁၂၇ ဧက အတွင်းရှိ အနေကြာကျေးရွာများ၊ ကျူးကျော်လယ်မြေများကို ကြိုးဝိုင်းဧရိယာ အဖြစ်မှ ပယ်ဖျက်ပလပ်၍ တရားဝင်နေထိုင်လုပ်ကိုင်ခွင့်ရရှိရေးဆောင်ရွက်နိုင် ရန်အတွက် သက်ဆိုင်ရာသစ်တောဝန်ထမ်းများက ကွင်းဆင်းစာရင်းကောက်ယူ လျက်ရှိကြောင်း သိရသည်။

အလေးထားဆောင်ရွက်

မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဝင်းထွန်း၊ တောအုပ်ကြီး ဦးကျော်ဦး၊ တောအုပ်ဦးအောင်နိုင်စိုးနှင့် သစ်တောဝန်ထမ်းများ ပါဝင်သောအဖွဲ့သည် ဇူလိုင်လအတွင်းက ယင်းခဲသစ်တောကြိုးဝိုင်းအတွင်းရှိ ကျောက်ထုံးကြီးကျေးရွာ၊ နွယ်နီကျေးရွာ၊ လှော်ကဆင်းကျေးရွာ၊ ပုလွေရွှေကျေးရွာများ၏ အိမ်မြေ၊ အများ ပိုင်မြေ၊ ကျူးကျော်လယ်မြေ စုစုပေါင်း ဧက ၄၀၀ ခန့်ကွင်းဆင်းတိုင်းတာခဲ့ ကြပြီး ဩဂုတ် ၇ ရက်မှ စတင်၍ ရေနီကွင်းကျေးရွာ၊ အင်းကြီးကွင်းကျေးရွာ၊ ရွှေပြည်သာကျေးရွာများသို့ သွားရောက်ကာ ကွင်းဆင်းတိုင်းတာမှုများ ဆက်လက် ပြုလုပ်လျက်ရှိသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာနအနေဖြင့် အမျိုးသားသစ်တောကဏ္ဍနှစ် ၃၀ စီမံကိန်းရည်မှန်းချက်များ နှင့်အညီ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝနယ်မြေများကို ပြင်ဆင် တိုးချဲ့ဖွဲ့စည်းသည့်အခါ ကျေးရွာမြေ၊ လယ်၊ ယာ၊ သီးနှံစိုက်ပျိုးမြေ၊ အများ ပိုင်မြေနှင့်သာသနာမြေများကို ထည့်သွင်းခြင်းမပြုဘဲ ချန်လှပ်ထားခြင်းဖြင့် ဒေသခံပြည်သူများ၏ အခွင့်အရေးများ မနစ်နာစေရေး၊ မလိုလားအပ်သော ပြဿနာများ မဖြစ်ပေါ်စေရေးတို့အတွက် အလေးထားဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

စမ်းဦး(ကသာ)

ကျောင်းများတွင် ရေသိုလှောင်ရန် ကျောက်ရေကန်နှင့် စဥ့်အိုးများ လှူဒါန်း

စစ်ကိုင်း ဩဂုတ် ၁၁

သောက်သုံးရေ ရှားပါးသော ကျေးရွာ အခြေခံပညာမူလတန်း ကျောင်းသို့ ရေသိုလှောင်ထားရန် ကျောက်ရေကန်များနှင့်စဥ့်အိုးများ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၈ ရက် နံနက် ၈ နာရီက စစ်ကိုင်းမြို့နယ် ရွာသာယာကျေးရွာ အခြေခံပညာ မူလတန်းကျောင်း စာသင်ဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (မြို့မိမြို့ဖ) ဥက္ကဋ္ဌ ဦးဇော်ဝင်းက သောက်သုံးရေ ရှားပါးသော ရွာသာယာကျေးရွာ ပြည်သူများကို ရေဂါလန် ၂၈၀၀ ကို ရေသယ်ယာဉ်သုံးစီးဖြင့် ရေလာ ရောက်လှူဒါန်းခြင်းကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးကြီးကြပ် မှုအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်မောင်က ရေရှား ပါးသော ကျေးရွာများတွင် မိုးရေကို သိုလှောင်ပြီး စနစ်တကျသုံးစွဲရေးနှင့် ပတ်သက်၍ ပညာပေးဆွေးနွေးပြီး ဆောက်လုပ်ပြီးစီးသွားသော ရွာသာ ယာကျေးရွာ အခြေခံပညာမူလတန်း ကျောင်းသစ်တွင် သောက်သုံးရေသို လှောင်အသုံးပြုရန်အတွက် မိုးရေ သွယ် တန်းနှင့်ရေတံလျှောက် ငါးခုကို မြို့မိမြို့ဖအဖွဲ့က လည်းကောင်း သိုလှောင်ရေ၊ ကျောက်ရေကန်ကြီး သုံးလုံးကို အလှူရှင် ဦးဇော်ဝင်းဥက္ကဋ္ဌ၊ မြို့မိမြို့ဖ ဒေါက်တာ ဒေါ်နှင်းနှင်းစိန်၊ ဦးညွန့်လှိုင်- ဒေါ်ခင်ဆွေဝင်းနှင့် ဒေါက်တာမြင့်မြင့်စိန်(မန္တလေး) တို့က လည်းကောင်း၊ ကျောက်ရေကန် အသေးနှစ်လုံးကို ဦးဇော်ဝင်းအောင် (သုခကာရီဥက္ကဋ္ဌ)နှင့် ဦးစိုးဝင်း (ပုညရှင် ဥက္ကဋ္ဌ)တို့ကလည်းကောင်း၊ ရေထည့်စဥ့်အိုးငါးလုံးကို အလှူရှင် များကလည်းကောင်း ပေးအပ်လှူဒါန်း ကြသည်။

(၁၃၇)

အသက်အာမခံကြေး သက်ဆိုင်ရာမိသားစုသို့ လွှဲပြောင်းပေး

ရန်ကုန် ဩဂုတ် ၁၁

မလေးရှားနိုင်ငံ Tan Chong Motor Assemblies Sdn.Bhd. စက်ရုံတွင် အလုပ်လုပ်ကိုင်လျက်ရှိသော အလုပ်သမား ဦးကျော်စိုး နိုင်ငံကူးလက်မှတ်အမှတ်(M 740520)သည် ၁၀-၂-၂၀၁၃ နေ့တွင် ကွယ်လွန်သွားသဖြင့် စက်ရုံမှ လှူဒါန်းငွေ၊ အလုပ်သမားများနှင့် TTS ကုမ္ပဏီတို့မှ စုပေါင်းလှူဒါန်းငွေ ၁၇၂၀၀၀၀ ကျပ်ကို မိသားစုထံ လွှဲပြောင်းပေးခဲ့ပြီးဖြစ်သည်။ ထို့ပြင် ဦးကျော်စိုး၏ အသက်အာမခံကြေး ၃၂၄၅၁၀၉ ကျပ် Tan Chong Motor Assembiles Sdn.Bhd. စက်ရုံမှ ညှိနှိုင်းဆောင်ရွက်ပေးမှုဖြင့် မလေးရှားနိုင်ငံ May Bank မှတစ်ဆင့် မြန်မာနိုင်ငံရှိ ကမ္ဘောဇဘဏ်သို့ ပေးပို့ခဲ့ရာ Today Top Star Co., Ltd. တာဝန်ရှိသူမှ ၄င်း၏ ဇနီးအား ဇူလိုင် ၂၄ ရက်က ပေးအပ် ခဲ့ကြောင်း သိရသည်။

မောင်ငြိမ်း

ကလေး-ဂန့်ဂေါရထားလမ်းပိုင်း ကြံ့ခိုင်ရေး ချုံနွယ်များ ရှင်းလင်းဆောင်ရွက်

ကလေး ဩဂုတ် ၁၁

ကလေး-ဂန့်ဂေါရထားလမ်းပိုင်းရှိ သံလမ်းများ ကြံ့ခိုင်ကောင်းမွန်ရေးနှင့် ရထားလမ်းဘေးဝဲယာ ချုံနွယ်များ ရှင်းလင်းခြင်းကို ဩဂုတ် ၈ ရက်က အငယ်တန်းအင်ဂျင်နီယာ(၁) သံလမ်း (ကလေး) နှင့် အငယ်တန်းအင်ဂျင် နီယာ (၂) သံလမ်း(ဂန့်ဂေါ)တို့ ပူးပေါင်းကာ အမြဲတမ်းလုပ်သား ၄၀ဖြင့် ဆောင်ရွက်ခဲ့ကြသည်။ **(အောက်ပုံ)**

ထိုကဲ့သို့ ဆောင်ရွက်ခဲ့ကြရာတွင် နှမ်းခါးနှင့် မွှေ့လယ် ဘူတာကြား၊ ဂန့်ဂေါနှင့်မြင်းဇာဘူတာကြား၊ မြင်းဇာ နှင့် ကံ့ဘူတာကြားတို့ကို ဆောင်ရွက် ခဲ့ကြရာ လုပ်ငန်းလုပ်ဆောင်နေမှုကို လက်ထောက်အင်ဂျင်နီယာ (ကလေး) ဦးသောင်းညွှန့်ကိုယ်တိုင် ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

ကလေး-ဂန့်ဂေါ ရထားလမ်းပိုင်း ကို ၁၉၉၆ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်က ဖွင့်လှစ်ပေးခဲ့ပြီး ကလေးမှ ဂန့်ဂေါအထိ ဘူတာပေါင်း ၂၀ကျော်ရှိ ရာ ရထားလမ်းအရှည်မှာ ၈၂ မိုင်ရှိ ကြောင်း၊ ရထားမောင်းချိန်အနေဖြင့် ၇ နာရီကျော်ကြာကြောင်း သိရသည်။

ကလေး-ဂန့်ဂေါရထားလမ်းပိုင်း ဆင်ခြေလျှောဖြေခြင်းများကို ယခု ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၂၂၃၉ သိန်းအကုန်အကျခံပြီး ဆောင်ရွက် မည်ဖြစ်ရာ လွှတ်တော်တွင်လည်း တင်ပြပြီးဖြစ်သည်ဟု ကလေးမြို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်လှိုင်က ပြောကြားသည်။

သျှင်နေမင်း

အလွတ်သတင်းထောက်များ လျှောက်ထားနိုင်

မြန်မာ့အလင်းသတင်းစာတိုက်သို့ အမြို့မြို့အနယ်နယ်မှ ပေးပို့လျက်ရှိသော အချို့သတင်းများသည် သတင်းရေးသား တင်ပြရာတွင် အချက်အလက်များပြည့်စုံပြီး ချောမွေ့ပြေပြစ်မှုများရှိပါသည်။ သို့ရာတွင် သတင်းခိုင်မာမှု ရှိ မရှိ အတည်ပြုနိုင်ရေး၊ သတင်းတာဝန်ယူမှုရှိရေးစသည်တို့အတွက် သတင်းထောက်များအဖြစ် ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါသည်။ သို့ပါ၍ သတင်းကောင်းများစာမျက်နှာပေါ်တွင် ဖော်ပြနိုင်ရေးအတွက် မြန်မာ့အလင်းသတင်းစာ၏အလွတ် သတင်းထောက်များအဖြစ် ဆက်သွယ်လျှောက်ထားပြီး သတင်းပေးပို့ပါရန် ဖိတ်ခေါ်အပ်ပါသည်။ **စာတည်းအဖွဲ့**

အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအား ထိရောက်စွာ ကြီးကြပ်ကွပ်ကဲနိုင်ရေး အရေးကြီး

နေပြည်တော် ဩဂုတ် ၁၁

အသေးစားပုဂ္ဂလိကငွေစုငွေချေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီ၏ (၄/၂၀၁၃) ကြိမ်မြောက် အစည်းအဝေးကို ဩဂုတ် ၉ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အသေးစား ပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီအစည်းအဝေးများမှ ၂၀၁၃ ခုနှစ် ဇူလိုင်လကုန်အထိ အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ခွင့်ပြုပြီးသည့် အဖွဲ့အစည်းများမှာ INGO ခြောက်ဖွဲ့၊ NGO ၁၂ဖွဲ့၊ သမဝါယမအဖွဲ့အစည်း ၇၂ဖွဲ့၊ ပြည်တွင်းကုမ္ပဏီ ၆၁ ဖွဲ့၊ ပြည်ပကုမ္ပဏီသုံးဖွဲ့ စုစုပေါင်း ၁၅၄ ဖွဲ့အား လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်များ ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးပြီးသည့် အဖွဲ့အစည်းအရေအတွက် တဖြည်းဖြည်းတိုးတက်များပြားလာသော်လည်း ကြီးကြပ်ကွပ်ကဲမှုကို တာဝန်ယူဆောင်ရွက်ရမည့် ဝန်ထမ်းအရေအတွက်သည် အကန့်အသတ်ဖြင့်ရှိနေသည့်အတွက် အလေးထားကြီးကြပ်ကွပ်ကဲရမည့် အဖွဲ့အစည်းအမျိုးအစားခွဲခြားဆောင်ရွက်သင့်ကြောင်း။

ကြီးကြပ်ကွပ်ကဲမှုများဆောင်ရွက်ရာတွင် အပ်ငွေလက်ခံသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ မတည်ငွေရင်းပမာဏများပြားသော ပြည်တွင်းကုမ္ပဏီများ၊ ပြည်ပမှလာရောက်ရင်းနှီးမြှုပ်နှံသော ကုမ္ပဏီများအား အလေးထားကြီးကြပ်ကွပ်ကဲမှု ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများအား ထိရောက်စွာကြီးကြပ်ကွပ်ကဲနိုင်ရေး၊ နိုင်ငံတကာကျင့်သုံးဆောင်ရွက်ချက်များနှင့်အညီ ဖြစ်စေရန် အလွန်အရေးကြီးကြောင်း။

နိုင်ငံတကာအဖွဲ့အစည်းများက နည်းပညာ အကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်နေသဖြင့် အမှန်တကယ်ထိရောက်မှုရှိအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ယခုအစည်းအဝေးတွင် တင်ပြလာသော လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်လျှောက်ထားသော NGO တစ်ဖွဲ့၊ ပြည်တွင်းကုမ္ပဏီခြောက်ဖွဲ့၊ ပြည်ပကုမ္ပဏီနှစ်ဖွဲ့၊ သမဝါယမအဖွဲ့အစည်းသုံးဖွဲ့နှင့် မတည်ငွေရင်းတိုးမြှင့်ခြင်းနှင့် နယ်မြေတိုးချဲ့ခြင်း ဆောင်ရွက်သော အသေးစားငွေရေးကြေးရေးအဖွဲ့ ၁၂ ဖွဲ့တို့၏ တင်ပြချက်များကို ဝိုင်းဝန်းစိစစ်ဆွေးနွေးကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

တက်ရောက်

အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအဖွဲ့ဝင်များနှင့် မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းမှ တာဝန်ခံအရာရှိများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ဗန်ပါစီ၏ ဂိုးများဖြင့် မန်ယူ ကွန်မြူနတီဒိုင်း ဆွတ်ခူး

ကောင်းမြတ်သူ ➢ ရေးသည်

လန်ဒန် ဩဂုတ် ၁၁

ပရီမီယာလိဂ်ချန်ပီယံ မန်ယူနှင့်အက်ဖ်အေချန်ပီယံဝီဂန်အသင်းတို့ ဩဂုတ် ၁၁ ရက် ညနေပိုင်းက ဝင်ဘလေကွင်းကြီး၌ ကွန်မြူနတီဒိုင်းလုပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြရာ ပထမပိုင်းပွဲစပြီး ၆ မိနစ်အကြာ တိုက်စစ်မှူး ဗန်ပါစီက မန်ယူအတွက် ခေါင်းတိုက်ဂိုးဖြင့် အဖွင့်ဂိုး သွင်းယူပေးလိုက်သည်။

တိုက်စစ်မှူးဗန်ပါစီသည် ဝဲတောင်ပံမှ အီဗရာဖြတ်တင်ပေးလိုက်သောဘောလုံးကို လှလှပပခေါင်းတိုက်ဂိုး သွင်းယူလိုက်သည်။ သို့ရာတွင် နည်းပြဒေးဗစ်မိုယက်စ်က ယင်းပြိုင်ပွဲတွင် မန်ယူ၏ ပုံမှန်ကစားသမားနှင့် စတင်ပွဲထွက်ခဲ့သည်။ တိုက်စစ်မှူး ရွန်းနေမှာ ပခုံးဒဏ်ရာရထားသဖြင့် ပြိုင်ပွဲတွင် မပါဝင်ခဲ့ပေ။ ဗန်ပါစီနှင့်အတူ ဝဲလ်ဘက်၊ ဒီဂီယာ၊ ဖီးလ်ဂျုံး၊ ကာရစ်ဂစ်နှင့် ဗီဒစ်စသော မန်ယူ၏ ဝါရင့်ကစားသမားများနှင့် ပွဲထွက်ကစားခဲ့သည်။

မန်ယူနည်းပြသစ် ဒေးဗစ်မိုယက်စ်နှင့် အသင်းသားများ ကွန်မြူနတီဒိုင်း ကိုင်မြှောက်အောင်ပွဲခံစဉ်။

ဒုတိယပိုင်း ပြန်စသည်နှင့်ဝီဂန်တို့ ပြန်လည်ချေပဂိုးသွင်းယူရန် အကြိတ်အနယ် ကြိုးစားခဲ့သည်။ သို့သော်လည်းမန်ယူကတိုက်စစ်အရှိန် မြှင့်တင်ပြီးကစားခဲ့ရာ ပွဲချိန် ၅၉ မိနစ်တွင် ကလီဗာလေနှင့်ဝဲလ်ဘက်တို့ ဖန်တီးပေးလိုက်သော ဘောလုံးမှ တစ်ဆင့် ပထမပိုင်းဂိုးသွင်းခဲ့သူ ဗန်ပါစီကပင် အနီးကပ်ဂိုးသွင်းယူပေးခဲ့သည်။ မန်ယူတို့ ယင်းဂိုးသွင်းယူပြီးနောက် ဝီဂန်အသင်းကိုခြေစွမ်းပြကစား၍ ပြိုင်ပွဲကို အဆုံးသတ်ခဲ့သည်။ ယင်းဆုဖလားသည် နည်းပြဒေးဗစ်မိုယက်စ်၏ ပထမဆုံးသော မန်ယူနှင့် ရယူခဲ့သောဖလားဖြစ်သည်။ **ဘီဘီစီ**

ပြည်တွင်းသတင်း

အမြှာညီအစ်မမြို့ပွဲတော်ကျင်းပရေးကြိုတင်ညှိနှိုင်း

မူဆယ် ဩဂုတ် ၁၁

မြန်မာနိုင်ငံ၏ အရှေ့မြောက်ဒေသ နယ်စပ်အထူးထွက်ပေါက်ဖြစ်သော မူဆယ်မြို့နှင့်တစ်ဆက်တစ်စပ်တည်းဖြစ်သည့် တရုတ်နိုင်ငံမှ ရွှေလီမြို့တို့သည် နှစ်နိုင်ငံညီအစ်မမြို့ဟု သတ်မှတ်ထားသည့် (၁၃) ကြိမ်မြောက် ချစ်ကြည်ရေးဆွေမျိုးပေါက်ဖော်ပွဲတော်ကို လာမည့် အောက်တိုဘာ ၁ ရက်မှ ၃ ရက်အထိ ရွှေလီမြို့ဘက်ခြမ်း၌ စည်ကားသိုက်မြိုက်စွာ အလှည့်ကျကျင်းပမည်ဖြစ်သည်။

ချစ်ကြည်ရေးပွဲတော်ဖြစ်မြောက်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၉ရက် မွန်းလွဲ ၁နာရီက မူဆယ်မြို့ ခရိုင်အုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ကျင်းပရာ ရွှေလီမြို့တော်ဝန်နှင့်တာဝန်ရှိသူများ၊ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံဦးနှင့် တာဝန်ရှိသူတို့အား တွေ့ဆုံဆွေးနွေးသည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်နိုင်ငံအမြှာညီအစ်မမြို့ ချစ်ကြည်ရေးပွဲတော်တွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကမျိုးစုံပြိုင်ပွဲ၊ နိုင်ငံတကာအဆင့်ကုန်စည်ပြပွဲ၊ ကျောက်မျက်ရတနာပြပွဲ၊ ဈေးရောင်းပွဲတော်၊ ရိုးရာအားကစားပြိုင်ပွဲမျိုးစုံဖြင့် စည်ကားသိုက်မြိုက်စွာ နိုင်ငံတကာအဆင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အယ်လ်စိုး(iprd)

ဟားခါးမြို့၌ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းဆင်း

ဟားခါး ဩဂုတ် ၁၁

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးသင်တန်းအမှတ်စဉ် (၅၂/၂၀၁၃) သင်တန်းဆင်းပွဲကို ဩဂုတ် ၉ ရက် နံနက် ၉ နာရီက အဆိုပါ သင်တန်းကျောင်းခန်းမ၌ကျင်းပသည်။ ရှေးဦးစွာ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းဦးက အမှာစကားပြောကြားပြီးနောက် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၃၅/၂၀၁၃) သင်တန်းသူထူးချွန်ဆုရ မသော့ခ်ဆုန်နှင့် အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ် (၅၂/၂၀၁၃) သင်တန်းသူထူးချွန်ဆုရ မနိုင်လှခင်းတို့အား ထူးချွန်ဆုများချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ဖလမ်း၌ အိမ်တွင်းမှု သက်မွေးလုပ်ငန်းသင်တန်းဆင်း

ဖလမ်း ဩဂုတ် ၁၁

ချင်းပြည်နယ် ဖလမ်းမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၂၉)၊ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၃၂)သင်တန်းဆင်းပွဲကို ဩဂုတ် ၉ ရက် နံနက် ၉ နာရီက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ ဖလမ်းခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို ဖလမ်းခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။ **(ခရိုင် ပြန်/ဆက်)**

မောင်တောမြို့၌ အိမ်တွင်းမှုသက်မွေးလုပ်ငန်း သင်တန်းဆင်း

မောင်တော ဩဂုတ် ၁၁

မောင်တောမြို့နယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းအခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၃၈)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၃၄) သင်တန်းဆင်းပွဲကို ဩဂုတ် ၉ ရက် နံနက် ၈ နာရီခွဲက အဆိုပါကျောင်းခန်းမ၌ကျင်းပသည်။ အခမ်းအနားတွင် မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်စိုးက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာကြည်က သင်တန်းကျောင်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အဆိုပါသင်တန်းတွင် ဆုရကျောင်းသူများအား အပ်ချုပ်စက်တစ်လုံးစီဆုချီးမြှင့်ခဲ့ပြီး ကျန်သင်တန်းသူများအား အပ်ချုပ်စက်တစ်လုံးကို အရစ်ကျငွေပေးချေမှုစနစ်ဖြင့်ထောက်ပံ့ခဲ့ပြီး သင်တန်းအောင်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

❀ *ကျောဖုံးမှ*

အနေဖြင့် တူးဖော်ပေးလျက်ရှိပြီး ဆက်လက်၍ ကျွဲကူးရေတံခါး၊ ဇင်းဘောင်ရေတံခါး၊ ဘန့်ဒွေးရေတံခါး၊ ကမာအောင်ရေတံခါးများ၏ အထွက်မြောင်းများကိုလည်း ယခုနှစ်မိုးရာသီအပြီး ဆောင်ရွက်ရန် လျာထားပြီးဖြစ်ကြောင်း၊ ၎င်းလုပ်ငန်းများပြီးစီးပါက မြောင်းကွန်ရက်စနစ် ပိုမိုချိတ်ဆက်လာနိုင်ကာ လိုအပ်သောမြေနှင့် ရေစီမံခန့်ခွဲမှု (Soiland Water Management) ကောင်းစွာဖွံ့ဖြိုးလာမှာဖြစ်ပြီး အကျိုးပြုလယ်ယာမြေဧရိယာ ၂၅၁၃၈ ဧကခန့်ကို လည်း ရေကြီးနစ်မြုပ်မှု၊ ရေငန်ဝင်ရောက်မှုမှ လျော့ပါးသက်သာစေမည့်အပြင် သီးနှံများကောင်းစွာစိုက်ပျိုးလာနိုင်တော့မှာဖြစ်သည်ဟု ဦးကျော်ဇေယျာတင့် (ဦးစီးအရာရှိ-မြို့ပြ)က ထပ်လောင်းသုံးသပ်ပြောကြားကြောင်း သိရသည်။

ထို့ပြင် ဒေသတွင်းရှိ ကျေးရွာများ၏ ရေလမ်းဆက်သွယ်မှု ချောမွေ့စေပြီး ပိုမိုကောင်းမွန်သည့် စိုက်ပျိုးရေရရှိခြင်းဖြင့် လယ်ယာကဏ္ဍကို အထောက်အကူပြုစေနိုင်မည့်အပြင် ဒေသ၏ စီးပွားရေး၊ လူမှုရေးတိုးတက်မှုများ ရရှိစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျွန်းများနှင့်ဆက်စပ်လျက်ဖျာပုံခရိုင်အတွင်း ထပ်မံတူးဖော်ဆောင်ရွက်ရန် လိုအပ်နေသေးသည့် ချောင်းများ၊ မြောင်းများကိုလည်း ယခုနှစ်ပွင့်လင်းရာသီတွင် ဆောင်ရွက်ခွင့်နှင့်ရန်ပုံငွေရရှိမှုတို့အပေါ် ဒေသအတွက် ဦးစားပေးအလိုက် အဓိကလိုအပ်သည့် အခြေအနေပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လိုအပ်သည့် ရေထိန်းတံခါး ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ ရေနုတ်တားတာများပြုပြင်ခြင်း၊ တည်ဆောက်ခြင်းစသည့် လုပ်ငန်းများကိုလည်း ဒေသခံပြည်သူများအကျိုးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရန် ရည်ရွယ်၍ နိုင်ငံတော်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

အယူတော်ခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူတော်ခံတရားပြိုင်သို့

ကြားသိစေသည့် အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

၂၀၁၃ခုနှစ် တရားမ ပထမအယူခံမှုအမှတ်-၂၂၆

ဦးမောင်ရွှေ နှင့် ဦးမျိုးသူရဝင်း (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်ခင်စန္ဒာလင်း) အမှတ် ၉၃၂(က)၊ ဇီဇဝါ(၁)လမ်း၊ ၂၅ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။

အယူခံတရားလို **အယူခံတရားပြိုင်**

၂၀၁၃ခုနှစ် မေ ၂ရက် နေ့စွဲပါ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၀၀၅/၂၀၁၁၏ စီရင်ချက်နှင့် ဒီကရီကို အယူတော်ခံမှု။

အထက်အမည်ပါအမှုမှ အယူခံတရားပြိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်က ချမှတ်ပေးသည့် ဒီကရီအယူခံတရားလိုက အယူတော်ခံရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ ဤအယူခံမှုကို ၂၀၁၃ခုနှစ် ဩဂုတ် ၃၀ရက် (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၉ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ အယူခံမှုတွင် သင့်အတွက် ရှက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးသို့ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်၏မျက်ကွယ်တွင် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းဆိုထားသောအချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်တွင် အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၁၃ခုနှစ် ဩဂုတ် ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အမိန့်အရ-
(ကျော်စွာငြိမ်း)
ဒုတိယညွှန်ကြားရေးမှူး
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

အယူတော်ခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူတော်ခံတရားပြိုင်သို့

ကြားသိစေသည့် အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

၂၀၁၃ခုနှစ် တရားမ ပထမအယူခံမှုအမှတ်-၂၂၇

ဦးမောင်ရွှေ နှင့် ဦးမျိုးသူရဝင်း (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်ခင်စန္ဒာလင်း) အမှတ် ၉၃၂(က)၊ ဇီဇဝါ(၁)လမ်း၊ ၂၅ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။

အယူခံတရားလို **အယူခံတရားပြိုင်**

၂၀၁၃ခုနှစ် မေ ၂ရက် နေ့စွဲပါ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၀၇၁/၂၀၁၁၏ စီရင်ချက်နှင့် ဒီကရီကို အယူတော်ခံမှု။

အထက်အမည်ပါအမှုမှ အယူခံတရားပြိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်က ချမှတ်ပေးသည့်ဒီကရီကို အယူခံတရားလိုက အယူတော်ခံရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ ဤအယူခံမှုကို ၂၀၁၃ခုနှစ် ဩဂုတ် ၃၀ရက် (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၉ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ အယူခံမှုတွင် သင့်အတွက် ရှက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ ဤရုံးသို့ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်၏မျက်ကွယ်တွင် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းဆိုထားသောအချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်ကြောင်း ဤအယူခံရုံးတော်တွင် အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၁၃ခုနှစ် ဩဂုတ် ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အမိန့်အရ-
(ကျော်စွာငြိမ်း)
ဒုတိယညွှန်ကြားရေးမှူး
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

ပြည်တွင်းသတင်း

ကျေးရွာအဝင်လမ်း ကျောက်ချောလမ်းခင်း

ရန်ကုန် ဩဂုတ် ၁၁

နယ်စပ်ရေးရာဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အမှတ်(၂)လမ်းမကြီးနှင့် ဝါးရုံစွန်းကျေးရွာအဝင်လမ်း (၂/၀)မိုင်အား ခွင့်ပြုရန်ပုံငွေ ၂၁၉ ဒသမ ၃ သန်းကျပ်ဖြင့် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို KOL Global ကုမ္ပဏီကို တာဝန်ပေး ဆောင်ရွက်စေခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး (ရန်ကုန်မြို့တော်ဝန်)တို့၏ ကြီးကြပ်မှုဖြင့် ယခုအခါ လမ်းလုပ်ငန်း စံချိန်စံညွှန်းနှင့်အညီ အောင်မြင်ပြီးစီးသွားပြီဖြစ်သည်။ ဝါးရုံစွန်းကျေးရွာအနေဖြင့် ယခင်က ခြောက်သွေ့ပွင့်လင်းရာသီမှသာ မော်တော်ကား၊ လှည်းများ၊ မော်တော်ဆိုင်ကယ်များ သွားလာနိုင်သော်လည်း ယခုအခါ ရာသီမရွေး ကျေးရွာ၏ အဓိကထွက်ကုန်ဖြစ်သော ဆန်စပါးများကို ဝါးရုံစွန်းရွာအတွင်းမှ အမှတ်(၂)လမ်းမကြီးသို့ ကားများဖြင့် တိုက်ရိုက်တင်ပို့နိုင်သဖြင့် ကုန်ကျစရိတ်သက်သာခြင်း၊ ကျန်းမာရေးနှင့် လူမှုရေးကိစ္စများ ဆောင်ရွက်နိုင်ခြင်း၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ လွယ်ကူစွာသွားလာနိုင်ခြင်း စသည်ဖြင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့နေပြီဖြစ်သည်။

ထို့အပြင် လှည်းကူးမြို့နယ် ဝါးရုံစွန်းရွာနှင့်စွယ်လပ်၊ ဖဲခမဲ ကျေးရွာချင်းဆက် မြေသားလမ်း (၂/၅) မိုင်ကို ၂၀၁၂-၂၀၁၃ ခွင့်ပြုရန်ပုံငွေ ၂၈ ဒသမ ၅၃၄ သန်းဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရနှင့် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး (မြို့တော်ဝန်)တို့၏ ကြီးကြပ်မှုဖြင့် KOL Global ကုမ္ပဏီမှ ဆောင် ရွက်ခဲ့ရာ စံချိန်စံညွှန်းနှင့်အညီ ပြီးစီးသွားပြီဖြစ်သည်။ နောက်နှစ်များတွင် အခွင့်အလမ်းရှိပါက မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် လည်းကောင်း၊ ကျောက်ချောလမ်းကို ကတ္တရာလမ်းအဖြစ် လည်းကောင်း၊ ကျေး လက်ဆေးပေးခန်း တစ်ခုကို လည်းကောင်း နိုင်ငံတော်က ဆောင်ရွက်ပေးနိုင်ပါက ဆောင်ရွက်ပေးစေလိုကြောင်း ကျေးရွာနေပြည်သူများက မျှော်လင့်နေကြောင်း သိရသည်။ **ဝါးရုံစွန်းသား**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၁၁-၈-၂၀၁၃

ရွှေဈေး

(အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ဈေး	တစ်ကျပ်သား	၆၉၀၀၀၀-၆၄၉၄၀၀
မန္တလေးဈေး	တစ်ကျပ်သား	၆၉၀၀၀၀-၆၄၉၆၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး

(ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၆၈ - ၉၇၈	ကျပ်
ဥရောပ	တစ်ယူရို	၁၂၉၄ - ၁၃၁၂	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၆ - ၇၇၈	ကျပ်
ထိုင်း	တစ်ဘတ်	၃၁ - ၃၁. ၃	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅-၁၅. ၃၅	ကျပ်
တရုတ်	တစ်ယွမ်	၁၅၀ - ၁၅၅	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၄ - ၂၉၉	ကျပ်

စက်သုံးဆီဈေးနှုန်းများ

(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း

(သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၂၀၀ - ၅၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၀၀၀ - ၃၂၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၀၀၀ - ၅၇၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၅၀၀၀ - ၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀ - ၆၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀ - ၂၇၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၈၀၀ - ၁၂၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀ - ၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀ - ၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၁၀၀၀ - ၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

တောင်တွင်းကြီးမြို့နယ်တွင် နှမ်းခင်းများရိတ်သိမ်း

တောင်တွင်းကြီး ဩဂုတ် ၁၁

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ နှမ်းစိုက်တောင်သူများ ယခုနှစ် မိုးရေလုံလောက်စွာရရှိမှုကြောင့် နှမ်းစိုက်တောင်သူများ၏ နှမ်းခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ဟု ဒေသခံတောင်သူများထံမှ သိရသည်။ ဒီနှစ် ကျွန်တော်တို့ တောင်တွင်းကြီးက နှမ်းစိုက်တောင်သူတွေရဲ့ နှမ်းခင်းတွေ အောင်မြင်ဖြစ်ထွန်းကြပြီး ဩဂုတ်လဆန်းမှစ၍ နှမ်းများ စတင်ရိတ်သိမ်းလျက်ရှိရာ မနှစ်ကထက် နှမ်းထွက်နှုန်း ထက်ဝက်ပိုနိုင်တယ်ဟု ပုဂံကုန်းကျေးရွာမှ ဒေသခံတောင်သူ ဦးအောင်သော်၏ ပြောကြားချက်အရ သိရသည်။

တောင်တွင်းကြီးမြို့နယ်၌ ယခုနှစ် မိုးဦး မိုးလယ် မိုးရွာသွန်းမှုမှာ နှမ်းဖြစ်ထွန်းမှုအနေအထားတွင် ရွာသွန်းခဲ့ခြင်းကြောင့် ယခင်နှစ်ကထက် နှမ်းခင်းများ အောင်မြင်ဖြစ်ထွန်းခဲ့ပြီး အထွက်နှုန်းလည်း များစွာပိုမိုထွက်ရှိနိုင်ကြောင်း ဒေသခံတောင်သူများ၏ ပြောကြားချက်အရ သိရသည်။

မနှစ်က နှမ်းတင်း ၈၀ တောင်ထွက်တယ်။ ဒီနှစ် တင်း ၁၅၀ ကျော်ထွက်ရှိနိုင်သော်လည်း နှမ်းဈေးမှာ စမုံနက်တစ်တင်း ငွေကျပ် ၄၀၀၀၀၊ နှမ်းဖြူတစ်တင်း ငွေကျပ် ၃၆၀၀၀၊ နှမ်းစိုတစ်တင်း ငွေကျပ် ၃၂၀၀၀ခန့် သာရောင်းချရသဖြင့် တောင်သူတွေ နှမ်းအထွက်နှုန်းပိုသော်လည်း ဝမ်းမသာနိုင်ဘူးဖြစ်နေတယ်။ ပြီးခဲ့တဲ့ သုံးလက နှမ်းဈေးကောင်းတယ်ဟု နှမ်းရောင်းချရာမှပြန်လာသူ တောင်သူတစ်ဦးက ရှင်းပြခဲ့သည်။ **နိုင်ဝင်း**

ငါးရစ်၊ ငါးသန်
ဘေးမဲ့ချန်
ပုံမှန်စားသုံး
မျိုးမသုဉ်း

အယူတော်ခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူတော်ခံတရားပြိုင်များသို့

ကြားသိစေသည့် အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

၂၀၁၃ခုနှစ် တရားမ ပထမအယူခံမှုအမှတ်-၂၂၄

ဦးမောင်ရွှေ နှင့် ၁။ ဦးမျိုးသူရဝင်း
(၎င်း၏ကိုယ်စားလှယ်စာရသူဒေါ်ခင်စန္ဒာလင်း)
အမှတ် ၉၃၂(က)၊ ဇီဇဝါ(၁)လမ်း၊
၂၅ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်
ရန်ကုန်မြို့။
၂။ ဦးမြင့်လွင်
အမှတ် ၁၀၅၀/ဘီ၊ ဗြဟ္မစိုရ်လမ်း၊
၇ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
၃။ ဦးနိုင်ဝင်း
အမှတ် ၃၂/၃၃၄၊ ဦးဖိုးသင်းလမ်းနှင့်
ချမ်းမြေ့သာယာလမ်းထောင့်၊
၃၂ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

အယူခံတရားလို **အယူခံတရားပြိုင်များ**

၂၀၁၃ခုနှစ် မေ ၂ရက်နေ့စွဲပါ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၉၈၇/၂၀၁၁၏ စီရင်ချက်နှင့် ဒီကရီကို အယူတော်ခံမှု။

အထက်အမည်ပါအမှုမှ အယူခံတရားပြိုင်များ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်ကချမှတ်ပေးသည့် ဒီကရီအယူခံတရားလိုက အယူတော်ခံရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ ဤအယူခံမှုကို ၂၀၁၃ခုနှစ် ဩဂုတ် ၃၀ရက် (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၉ရက်)တွင်ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့ရှေ့နေဖြစ်စေ၊ အယူခံမှုတွင် သင်တို့အတွက် ရွက်ဆောင်ရန် တရားဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးသို့ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်တို့၏မျက်ကွယ်တွင် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်တို့က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်တို့က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်တွင် အကြောင်းကြား အစီရင်ခံစာ တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဩဂုတ် ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်အရ
(ကျော်စွာငြိမ်း)
ဒုတိယညွှန်ကြားရေးမှူး
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်



အမည်ပြောင်း

ဦးငွေးလှ၏သမီး ချောက်မြို့၊ စလေ အထက တတိယတန်းမှ မမြသဥ္ဇာငွေးအား မမြတ်သဥ္ဇာငွေးဟု ပြောင်းလဲခေါ်ဆိုပါရန်။

မမြတ်သဥ္ဇာငွေး

‘ကံကောင်း’

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်

သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ(၃)၊ (၂)၊ (၁)
အောင်ချမ်းသာတိုးချဲ့၊ V.I.P အကွက်များ၊ လုံးချင်းတိုက်များ
သန်လျင်၊ ကျောက်တန်းမြေကွက်များရောင်းဝယ်ရန်ရှိသည်။
(သန်လျင်၊ ကျောက်တန်း၊ သီလဝါသီးသန့်)
ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉၊ ၀၉-၄၂၀၁၈၅၅၇၇
၀၉-၄၄၀၀၀၅၀၁၈၊ ၀၉-၇၃၂၂၇၅၅၆

First National Insurance
Solution to Better Living
FIRST NATIONAL INSURANCE
GRAND OPENING
12-8-2013
ပထမအမျိုးသား အာမခံ
အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်
First National Insurance Public Co., Ltd.
မှလုပ်ငန်းများစတင်ဝန်ဆောင်မှုပေးနေပြီ
ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
အသက်အာမခံ
မီးအာမခံ
အလုံးစုံမော်တော်ယာဉ်အာမခံ
ငွေသားလုံခြုံမှုအာမခံ
ငွေပို့ငွေသယ်အာမခံ
သမာဓိအာမခံ
www.fnipublic.com
First National Insurance
Public Company Limited.
No.400-406, Merchant Street,
Botahtaung Township, Yangon, Myanmar.
Tel: 01-8610661-5, Fax: 01-8610675-6
E-mail: customerservices@fnipublic.com

ပြည်တွင်းသတင်း

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၁၁

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် အောင်စည်သာ ပရိယတ္တိစာသင်တိုက်၌ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၁၁ ရက် နံနက် ၆ နာရီက ကျင်းပရာ ဘဒ္ဒန္တဝိစက္ခဏ(နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်သာသနဓဇဓမ္မာစရိယ ဂန္ထဝါစကပဏ္ဍိတ)ဆရာတော် အမှူးပြုသော သံဃာတော်များအား ရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းနှင့် အရာရှိကြီးများ၊ တပ်ဖွဲ့ဝင်မိသားစုများ တက်ရောက် ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **ဇော်မျိုးနိုင်**

ဘုရင့်နောင်လမ်းမကြီးဘေး ရပ်နားယာဉ်များအရေးယူ

ရန်ကုန် ဩဂုတ် ၁၁

ဘုရင့်နောင်လမ်းမကြီး ဘေးတစ်ဖက်တစ်ချက်တွင် ရပ်နားထားသော ယာဉ်မျိုးစုံကို မြို့တော်စည်ပင်သာယာရေး စည်းကမ်းထိန်းသိမ်းရေးတပ်ဖွဲ့က ဩဂုတ် ၇ ရက် မွန်းတည့် ၁၂ နာရီဝန်းကျင်တွင် အရေးယူနေကြောင်း ယင်းနေရာတွင် အရေးယူခံရသော ခြောက်ဘီးကုန်တင်ယာဉ်မောင်းများက ဆိုသည်။

ယင်းသို့ စည်ပင်မှ အရေးယူရာတွင် သက်ဆိုင်ရာ စည်ပင်တရားရုံးတွင် ဒဏ်ငွေပေးဆောင်ရမည်ဖြစ်ကြောင်း၊ အချိန်ကာလအားဖြင့် ဩဂုတ် ၂၂ ရက်အထိ အချိန်သတ်မှတ်ထားသည်ဖြစ်ရာ ယင်းချလန်ဖြင့် ရက်သတ္တနှစ်ပတ် လမ်းဘေးတွင်ရပ်နားနိုင်မည်ဟု အဖမ်းခံယာဉ်မောင်းက ဆိုသည်။

ဖြူ-နီကျားလမ်းဘေးယာဉ်ရပ်မှုနှင့်ပတ်သက်၍ မြန်မာ့အလင်းသတင်းစာတွင် ယခုအပတ်အတွင်း သတင်းဓာတ်ပုံ ဆောင်းပါး ဖော်ပြလာပြီးနောက် ယခုကဲ့သို့ အရေးယူလာခြင်းဖြစ်နိုင်ကြောင်း၊ လမ်းဘေးဖြူ-နီကျားများတွင် ယာဉ်များရပ်နားမှုကို ထိရောက်စွာ အရေးယူမှသာ ရန်ကုန်မြို့တွင်း ယာဉ်ပိတ်ဆို့မှု အထိုက်အလျောက်လျော့ကျနိုင်ကြောင်း၊ သို့သော် အဓိကကျသော ရန်ကုန်ကမ်းနားလမ်းမဟောင်းတွင် ဟုမ်းလမ်းမှ ဗိုလ်တထောင်အထိ ကုန်တင်ယာဉ်ကြီးများ မဝင်ရ၊ မရပ်နားရ၊ ကုန်သေတ္တာတင်ယာဉ်များ တွေ့ရှိပါက ဒဏ်ငွေသိန်းချီပေးဆောင်ရသည်ဟု ကုန်သေတ္တာတင်ယာဉ်ပိုင်ရှင်တစ်ဦးက ဆိုသော်လည်း နေ့စဉ်နောက်တွဲယာဉ်များ၊ ကုန်သေတ္တာတင်ယာဉ်များ အပါအဝင် ကုန်တင်ယာဉ်မျိုးစုံသည် အိမ်စီးကားများ ရပ်နားရန်ပြုလုပ်ထားသော ကမ်းနားလမ်းဟောင်းဘေးတွင် အစီအရီတန်းစီရပ်ထားကြကြောင်း၊ ထိရောက်သော အရေးယူမှု မရှိ၍ နေ့စဉ်ရပ်နားနေခြင်းသာဖြစ်ကြောင်း၊ အဆိုပါယာဉ်ကြီးများ ရပ်နားမှုကြောင့် ယာဉ်ငယ်များ ရပ်နားရန် အခက်အခဲဖြစ်နေကြောင်း ယာဉ်မောင်းတစ်ဦးက ဆိုသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးအတွက် အရေးယူမည့်အဖွဲ့အစည်းများအနေဖြင့် ထိရောက်စွာအရေးယူရန်လိုအပ်ကြောင်း၊ ယနေ့အရေးယူသည့် ဆင့်ခေါ်စာအရ ၁၄ ရက်ခွာချိန်းထားရာ လမ်းဘေး ယာဉ်ရပ်နားမှုများ ပပျောက်မှုမရှိနိုင်ကြောင်း၊ ဩဂုတ် ၆ ရက်တွင်မူ ချလန်မဖြတ်ဘဲ ကားတစ်စီးလျှင် ဒဏ်ငွေ ကျပ်၅၀၀၀ ပေးခဲ့ရသည်ဟု ခရေလမ်းရှိ မန္တလေးဂိတ်တွင် ကုန်တင်ရန် ဘုရင့်နောင်လမ်း ငါးလုပ်ငန်းဦးစီးရှေ့ လမ်းဘေးတွင် ရပ်နားနေသော ယာဉ်မောင်းတစ်ဦးက ဆိုသည်။

ခင်ဆိုင်

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ကျောင်းကျန်းမာရေးဆောင်ရွက်

လေရှီး ဩဂုတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့တွင် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုပညာပေးဟောပြောပွဲကို ဩဂုတ် ၂ ရက်က အောင်မင်္ဂလာရပ်ကွက် အမကကျောင်း၌ ကျင်းပရာ မြို့နယ်ပြည်သူ့ဆေးရုံမှ တာဝန်ရှိသူများက ကျန်းမာရေးနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောပြီး ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုများ စစ်ဆေးပေးခြင်းတို့ဆောင်ရွက်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အားကစားအထူးအချပ်ပို ကြော်ငြာထည့်နိုင်

အားကစားဝတ်စုံ၊ အားကစားပစ္စည်း၊ ဆုတံဆိပ်၊ ဆေးဝါးစသည့် ကြော်ငြာများကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ဝေသည့် မြန်မာ့အလင်း အားကစားကဏ္ဍ အထူးရောင်စုံအချပ်ပိုတွင် ထည့်သွင်းခြင်းဖြင့် အောင်မြင်မှု ရယူပါ။

နယ်သတင်းအတို / အထွာ

အခြေခံ အိမ်တွင်းမှုသင်တန်းဆင်း

မြိုင် ဩဂုတ် ၁၁

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၂၃)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၁၉)ဆင်းပွဲကို အဆိုပါ သင်တန်းကျောင်းခန်းမ၌ ဩဂုတ် ၉ ရက်က ကျင်းပရာ အဆင့်မြင့်စက်ချုပ်သင်တန်းဆုရ မငြိမ်းငြိမ်းအိကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်ကလည်းကောင်း၊ သင်တန်းဆင်းအောင်လက်မှတ်နှင့် အခြေခံဆုရသင်တန်းသူသုံးဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းသန္တာအောင်ကလည်းကောင်း ဆုများပေးအပ်သည်။ **စိန်မြိုင်(မြိုင်)**

ခင်ဦးမြို့နယ်၌ အထောက်အကူပြုအဖွဲ့များတွေ့ဆုံ

ခင်ဦး ဩဂုတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အထောက်အကူပြုအဖွဲ့များနှင့် ကျေးရွာအထောက်အကူပြုအဖွဲ့များ တွေ့ဆုံပွဲအခမ်းအနားကို ဩဂုတ် ၉ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာဇာအေးက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဝင်းကယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ရှင်းလင်းပြောကြားကြောင်း သိရသည်။ **စိုးဝေ**

ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်

ပဲခူး ဩဂုတ် ၁၁

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် ဩဂုတ် ၇ ရက်က သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးအတွက် ပဲခူးမြို့ ဈေးကြီးကုန်စိမ်းဈေးရှိ သားငါးဒိုင်များတွင် ခြင်ဆေးဖျန်းခြင်းကို ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကျန်းမာရေးမှူး ဦးသက်လွင်၊ ဈေးတာဝန်ခံများနှင့်ဈေးသူဈေးသားများ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သန့်စင်**

သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ ဟောပြော

နေပြည်တော် ဩဂုတ် ၁၁

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ရတနာဒီပရပ်ကွက်ရှိ ရပ်ကွက်လုံးဆိုင်ရာ ဓမ္မာရုံ၌ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ ဟောပြောပွဲကို ဩဂုတ် ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလင်းကျော်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်သိမ့်သိမ့်မျိုးနှင့် မြို့နယ်လဝက ဒုတိယ ကြီးကြပ်ရေးမှူး ဦးလွင်မင်းထွန်းတို့က သန်းခေါင်စာရင်းကောက်ယူမှုနှင့် ပတ်သက်သည့် အကြောင်းများကို ပြောကြားခဲ့သည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

လူကုန်ကူးမှုနှင့်သန်းခေါင်စာရင်းကောက်ယူမှုဟောပြော

စဉ့်ကိုင် ဩဂုတ် ၁၁

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဟောပြောပွဲများနှင့် သန်းခေါင်စာရင်းကောက်ယူမှု အသိပညာပေးလုပ်ငန်းများကို မြို့နယ်အတွင်း ကျေးရွာများအထိ ကွင်းဆင်းပြီး ကျင်းပလျက်ရှိရာ ဩဂုတ် ၇ ရက်က သပြေပင်ကျေးရွာနှင့် ညဏ်ကွေ့ကျေးရွာတို့တွင် ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် စဉ့်ကိုင်မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်တင်တင်ထွေးက လူကုန်ကူးမှုတားဆီးကာကွယ်ရေးသည် အသိပညာနှင့် ဗဟုသုတဖွံ့ဖြိုးမှုအပေါ် တည်ရှိသောကြောင့် လူကုန်ကူးမှုအသိပညာပေးဟောပြောပွဲများကို ကျင်းပရခြင်းဖြစ်ကြောင်းနှင့် လူကုန်ကူးမှုဆိုင်ရာ ဖြစ်ရပ်မှန်များကို ရှင်းလင်းပြောကြားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် ပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁	ဘိလပ်မြေ	၁၅၅၀ တန်
၂	သံချောင်းရှယ်စုံ	၁၅၅ တန်

တင်ဒါလျှောက်လွှာပိတ်ရက် - ၂၀-၈-၂၀၁၃ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ညနေ ၅:၀၀နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို ဂန့်ဂေါခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ ၁၂-၈-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၆၂-၅၀၀၂၈

ဥတုရာသီ တောကိုမှီ၏

ပျောက်ဆုံးကြောင်း

ဦးအောင်သန့်ဇော် ၁၂/ကတန(နိုင်) ၀၇၉၁၉၃ ၏ ပတ်စပို့စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးကြပါရန်။

ဖုန်း-၀၉-၃၁၀၅၅၆၆၀

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၂၆/က (၃အေ-၁)၊ မြေကွက်တည်နေရာအမှတ် ၁၇၂၊ ၅၈ လမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဒေါ်ကြည်ကြည်အောင်၊ ဒေါ်သန်းစိန်၊ ဒေါ်စိန်ရွှေအမည်ပေါက် ဘိုးမြေပိုင်မြေအား အမည်ပေါက် ဒေါ်ကြည်ကြည်အောင် ၁၂/လမန(နိုင်)၀၄၉၅၂၄၊ ဒေါ်စိန်ရွှေ ၁၂/လမန(နိုင်)၀၄၈၈၉၅ နှင့် ဒေါ်သန်းစိန် ၁၂/လမန(နိုင်)၀၄၉၅၀၇ တို့က မြေစာရင်းမှတ်ချက်ရှိ အရောင်းမြေပုံကူးခြင်းနှင့်ပတ်သက်၍ ၁၃-၆-၂၀၁၂ ရက်တွင် ထုတ်ယူခဲ့ပြီး ၎င်းမြေပုံမြေရာဇဝင်သည် ၎င်းတို့၏ လက်ဝယ်တွင် အရောင်းအဝယ်မပြုလုပ်သေးဘဲ အထားအသို မှားယွင်း၍ ပျောက်ဆုံးသွားခဲ့ကြောင်း ကျမ်းကျိန်လွှာ အမှတ် ၃၅၀/၁-၈-၂၀၁၃ တင်ပြ၍ အိမ်ဆောက်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နှစ်စဉ်ကျင်းပသည့် တောင်ပြုံးပွဲတော်

ပုဂံခေတ် အနော်ရထာမင်းကြီးနှင့်မျုးမတ်များ၊ ရဲမက်ဗိုလ်ပါများစုပေါင်းတည်ထားကိုးကွယ်ခဲ့သည့် အုတ်နှစ်ချပ်လပ်ဘုရားခေါ် တောင်ပြုံးဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်ဝါခေါင်လဆန်း ၈ ရက်မှ လပြည့်အထိ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပခဲ့သည်မှာ ရာစုနှစ်ပေါင်းများစွာပင်ရှိခဲ့ပြီဖြစ်သည်။

အဆိုပါပွဲတော်သည် မူလက ဗုဒ္ဓပူဇနိယပွဲတော်အဖြစ်ဆင်ယင်ကျင်းပခဲ့သော်လည်း ရိုးရာနတ်ကိုးကွယ်မှုနှင့်အတူ ထင်ရှားကျော်ကြားလှသည့် ရွှေဖျင်းကြီး၊ ရွှေဖျင်းလေးခေါ် တောင်ပြုံးမင်းညီနောင်တို့အား ပူဇော်ပသပွဲအဖြစ် တစ်စတစ်စဖြင့် အသွင် ကူးပြောင်းလာခဲ့ပြီ ဖြစ်သည်။ အဆိုပါ တောင်ပြုံးပွဲတော်သည် မြန်မာပြည်အထက်ပိုင်းတွင် အကြီးမားဆုံးသော ရိုးရာပွဲတော်တစ်ခုဖြစ်သလို အနယ်နယ်အရပ်ရပ်မှပွဲတော်လာပရိသတ်များကလည်း တစ်နှစ်ထက်တစ်နှစ်ပိုမိုစည်ကားလှသည်ကို တွေ့ရှိရပေသည်။ ဇာတ်သဘင်ဖျော်ဖြေပွဲများ၊ လယ်ယာသုံးကိရိယာများ၊တောင်း-ဖျာ-ယိုင်-စဉ့်ထည် စသည့်အညာဒေသထွက်ပစ္စည်းများ၊ အနယ်နယ်အရပ်ရပ်မှ လာရောက်ရောင်းချသော ကုန်စည်များနှင့်အတူ အညာရနံ့သင်းသည့် မြန်မာ့ရိုးရာပွဲတော်တစ်ခုလည်း ဖြစ်သည်။

နတ်တော် စစ်ထွက်၊ တပေါင်း စစ်ပြန်၊ ဝါခေါင်ပွဲကြီးဟု တစ်နှစ်လျှင် သုံးကြိမ်သုံးခါ ကျင်းပလေ့ရှိရာတွင် ယခုဝါခေါင်လပွဲတော်သည် အစည်ကားဆုံးပွဲတော်ကြီး ဖြစ်ပေသည်။ ပွဲတော်ကို ဝါခေါင်လဆန်း ၈ ရက်နေ့တွင် စတင်ကျင်းပသော်လည်း လဆန်း ၁၀ ရက်အထိ ဗုဒ္ဓပူဇနိယ ပွဲတော်သက်သက်ကိုသာ ကျင်းပပြီး လဆန်း ၁၁ ရက်ကျမှ တောင်ပြုံးမင်းနှစ်ပါး၏ချိုးတော်ရေသုံးပွဲနှင့်အတူ ရိုးရာနတ်ကိုးကွယ်မှု ပွဲတော်ကိုစတင် ဆင်ယင်ကျင်းပလေသည်။ ထို့နောက် ယုန်ထိုးပွဲ၊ ထိန်ခုတ်ပွဲစသည့် နတ်ကိုးကွယ်မှုဆိုင်ရာပွဲများကို သက်ဆိုင်ရာနေ့ရက်အလိုက် ကျင်းပကြပြီး ဝါခေါင်လပြည့်နေ့တွင် သံယာတော်များအား ဆွမ်းကြီးလောင်းလှူပွဲကြီးကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပကာ ပွဲတော်ကို ပိတ်သိမ်းလေ့ ရှိပါသည်။

ပွဲတော်ကာလအတွင်းလာရောက်သူများသည် မန္တလေး-မတ္တရာ-တောင်ပြုံးလမ်းတစ်လျှောက် မော်တော်ယာဉ်များပေါ်မှ ရိုးရာယုံကြည်မှုအရ ရွှေလမ်းငွေလမ်းခင်းသည်ဟုဆိုကာ ငွေစက္ကူများ ကြဲချလေ့ရှိရာအနီးဝန်းကျင်ရွာများမှ ကလေး၊ လူကြီးများ၏ ပိုက်ဆံကြဲပါဗျို့ ဟူသော ညံစာစာအသံလေးများသည် သာယာနာပျော်ဖွယ်ကောင်းလှသော်လည်း တစ်ဦးနှင့်တစ်ဦး တွန်းထိုးကာ ရှေ့ကား နောက်ကားကို မကြည့်ရှုဘဲ အလုအယက်ကောက်ကြသည်မှာ ယာဉ်အန္တရာယ်အတွက် အထူးစိုးရိမ်ရသည်မို့ ရွှေလမ်းငွေလမ်းခင်းသည့် အလှူရှင်များအနေဖြင့် မိမိတို့၏စေတနာမှ ဝေဒနာမဖြစ်စေဖို့လည်း ဂရုပြုရန် လိုအပ်လှပေသည်။

မည်သို့ပင်ဆိုစေကာမူ နှစ်စဉ်နှစ်တိုင်း စည်ကားမပျက်ဆင်ယင်ကျင်းပလျက်ရှိသော တောင်ပြုံးပွဲတော်ကြီးကား ပွဲတော်စရန်ရက်များစွာလိုသေးသည့်တိုင် ဝါဆိုလကွယ်နေ့မှပင် စတင်ကာ အနယ်နယ်အရပ်ရပ်မှ ဧည့်သည်များဖြင့် စတင်စည်ကားနေပြီဖြစ်ရာ နိုင်ငံကျော်တေးသံရှင် ဒေါ်မာမာအေး၏ မန္တလေးမြို့မတူရိယာ အသင်းကြီးနှင့်တွဲဖက်သီဆိုထားသည့် "အို့ . . တောင်ပြုံးခေါ် ပွဲတော်ကြီးနီးလာပြီလာ့ . . ကိုမြို့မ ကျွန်မနဲ့တွဲသွားရအောင်"ဟူသည့် ရွှေတောင်ပြုံးတေးသီချင်းအား သက်ဝင်ဖန်တီးထားသည့်အသွင်ပင် ဖြစ်ပါကြောင်း မှတ်တမ်းပြုရေးသားလိုက်ရပါသည်။ **မောင်ယဉ်ကျေး**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ပဲခူးဈေးများတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်

ပဲခူး ဩဂုတ် ၁၁

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် ဩဂုတ် ၇ ရက်က သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးအတွက် ပဲခူးမြို့ဈေးကြီး ကုန်းစိမ်းဈေးရှိ သားငါးဒိုင်များတွင် ခြင်ဆေးဖျန်းခြင်းကို ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကျန်းမာရေးမှူး ဦးသက်လွင်၊ ဈေးတာဝန်ခံများနှင့် ဈေးသူဈေးသားများ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၁၈၃)**

ဩဂုတ် ၄ ရက်က အနောက်ပိုင်းခရိုင် သာသနနုဂ္ဂဟအသင်းက ကြီးမှူးကျင်းပသော တတိယအကြိမ်မြောက် ဓမ္မစကြာနှင့်အနတ္တလက္ခဏသုတ် ဓမ္မဒေသနာရွတ်ဖတ်ပူဇော်ပွဲကို ဗဟန်းမြို့နယ် မင်္ဂလာဈေး ဓမ္မာရုံ၌ကျင်းပရာ တိုင်းသာသန နုဂ္ဂဟဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ သီရိသုဓမ္မမဏိဇောတဓရ ဦးကျော်ခင်မြင့်၊ ခရိုင်သာသန နုဂ္ဂဟ ဒုတိယဥက္ကဋ္ဌ သမားတော်ကြီး ဒေါက်တာဦးကျော်စိန်၊ ဒုတိယဥက္ကဋ္ဌ ရဲသူရဦးသန်းလှိုင်၊ ဒုတိယဥက္ကဋ္ဌဦးစိုးနိုင်ထွန်း၊ တွဲဖက်အတွင်းရေးမှူး ဒေါ်သန်းသန်းညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ မီးမီး(လှိုင်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်
အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းများအတွက်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် အောက်ဖော်ပြပါ အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် လုပ်ငန်းရှင်များ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	လုပ်ငန်းအမည်	မှတ်ချက်
၂။	(၁) ဌာနများ မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း	(၈) လုံး
	(၂) ဆရာ/ဆရာမများအဆောင်မွမ်းမံခြင်း	(၂) လုံး
	(၃) စာသင်ခန်းမ Theatre (၉၅' ×၈၇' ×၂၇')နှင့် ပါရဂူစာတ်ခွဲခန်း (၁၂၀' ×၄၃' ×၁၄') အမိုးထုတ်၊ ယောက်၊ ဒိုင်း၊ မျှား၊ မျက်နှာကြက်မွမ်းမံခြင်း	(၂) လုံး (၁) လုံး

၂။ **တင်ဒါပိတ်မည့်ရက်နှင့် အချိန်မှာ** ၁၀-၉-၂၀၁၃ရက် ၁၆း၀၀နာရီဖြစ်ပါသည်။
၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၉-၄၉၂၀၁၀၅၁သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့

သတ္တုတွင်းဝန်ကြီးဌာန
အမှတ်(၁) သတ္တုတွင်းလုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းအတွက် အောက်ဖော်ပြပါပစ္စည်းများကို နေပြည်တော်ဂိုဒေါင်အရောက်တန်ဖိုး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူ/လုပ်ငန်းအပ်နှံလိုပါ၍ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က)	Computer & Accessories	၆ စုံ
(ခ)	Colour Printer	၂ ခု
(ဂ)	Wire Binding Machine	၁ ခု
(ဃ)	Cash Counting Machine	၁ ခု
(င)	IT materials for E-Government sector	၄ မျိုး
(စ)	Tyres & Tubes	၉ မျိုး
(ဆ)	Battery	၂ မျိုး
(ဇ)	စာရေးကိရိယာနှင့် လုပ်ငန်းသုံးပစ္စည်းများ	၄၃ မျိုး
(ဈ)	အမျိုးသား/အမျိုးသမီး ဌာနဆိုင်ရာတူညီဝတ်စုံ	၁၄၀ စုံ

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်**မှာ ၁၀-၉-၂၀၁၃ရက် ၁၆း၀၀နာရီ ဖြစ်ပါသည်။
၃။ တင်ဒါပုံစံနှင့် စည်းကမ်းချက်အသေးစိတ်အချက်အလက်များကို အမှတ်(၁) သတ္တုတွင်းလုပ်ငန်း၊ ပစ္စည်းဝယ်ယူရေးနှင့် ရောင်းချရေးဌာနခွဲ၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၃၈၃ သို့ ဆက်သွယ်ရယူနိုင်ပါသည်။

ကြမ်းခင်းဈေးတွက်ချက်ရေးနှင့် တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အမှတ်(၁) သတ္တုတွင်းလုပ်ငန်း

တနင်္သာရီတိုင်းဒေသကြီး နယ်စပ်ဒေသဖွံ့ဖြိုးရေး
ဒေသဆိုင်ရာလုပ်ငန်းကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီး မြို့နယ်(၁၀)မြို့နယ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာနဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် သံကူကွန်ကရစ်တံတား(၂၅)စင်း၊ ကွန်ကရစ်ရေပြွန်(၁၂)ခု၊ မူလတန်းကျောင်း(၁၈)ကျောင်း၊ အလယ်တန်းကျောင်း(၂)ကျောင်း၊ အထက်တန်းကျောင်း(၁)ကျောင်း၊ ဆေးပေးခန်း(၁)ခု၊ ကျေးလက်ကျန်းမာရေးဌာန(၁)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၅)ခု၊ လယ်မြေဖော်ထုတ်ခြင်း(၂၀၀)ဧက၊ သောက်သုံးရေရရှိရေး (၃)ရွာ၊ စိုက်ပျိုးရေသွယ်ယူခြင်း(၃)ခု၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ(၇)ရုံ၊ စာကြည့်တိုက် (၂)လုံး၊ ဘုန်းကြီးကျောင်း(၂)ကျောင်း၊ ဓမ္မာရုံ(၁)ရုံ၊ (၂)ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၁၀)လုံးတို့အား ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း ခေါ်ယူမည်ဖြစ်ပါသဖြင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်	-	၉-၈-၂၀၁၃ရက်(သောကြာနေ့)မှစတင်၍ ရုံးချိန်အတွင်း
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန်	-	၅-၉-၂၀၁၃ရက်(ကြာသပတေးနေ့) ၁၆း၀၀နာရီ
အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ	-	တနင်္သာရီတိုင်းဒေသကြီး ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး လမ်းသစ်လမ်း၊ ဆန်းချီရပ်ကွက်၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၂၁၂၆၊ ၀၅၉-၂၃၉၃၄၊ ၀၉-၈၇၆၂၃၆၄
အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်နှင့်အချိန်	-	၁၂-၉-၂၀၁၃ရက်(ကြာသပတေးနေ့) ၁၀း၀၀နာရီ
အိတ်ဖွင့်တင်ဒါဖွင့်မည့်နေရာ	-	မြို့တော်ခန်းမ၊ ထားဝယ်မြို့

အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ

ဘဏ္ဍာရေးဝန်ကြီးဌာန
ပင်စင်ဦးစီးဌာန

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ ပင်စင်ဦးစီးဌာန၊ ဝန်ထမ်းအိမ်ရာ အဆောက်အအုံဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၆-၈-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ပင်စင်ဦးစီးဌာနတွင် လာရောက်ထုတ်ယူပြီး ၂၉-၈-၂၀၁၃ရက် ၁၅း၀၀နာရီ နောက်ဆုံးထား၍တင်ဒါများ တင်သွင်းရမည်။
၃။ အသေးစိတ်အချက်အလက်များကိုပင်စင်ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး ဖုန်း-၀၇၄-၂၂၁၆၄တွင် စုံစမ်းနိုင်ပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

လေလံကြော်ငြာ

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ထိန်းသိမ်းထားရှိသော ရက်ပေါင်း(၆၀)ကျော်လေလံစာရင်းဝင် ငါးဖမ်းလုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ယာဉ်/စက် ဆက်စပ်ပစ္စည်းများအား လက်ရှိ မျက်မြင်အခြေအနေအတိုင်း ၂၉-၈-၂၀၁၃ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် ဈေးပြိုင် လေလံစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်။
၂။ လေလံတင် ထုခွဲရောင်းချခြင်းဆိုင်ရာ စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း(ဗိုလ်တထောင်ဘုရား၊ အနောက်ဘက်/ကွန်ကရစ်လမ်း၊ Toll Gate အနီး)ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့တွင် ၁၃-၈-၂၀၁၃ရက်မှ ၂၇-၈-၂၀၁၃ရက်အထိ ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါသည်။

လေလံတင်ထုခွဲရောင်းချရေးအဖွဲ့

ဘဏ္ဍာရေးဝန်ကြီးဌာန
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ရုံးအဆောက်အအုံဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၆-၈-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် လာရောက်ထုတ်ယူပြီး ၂၉-၈-၂၀၁၃ရက် ၁၅း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။
၃။ အသေးစိတ်အချက်အလက်များကို ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ဖုန်း-၀၇၄-၂၉၄၂၄၊ ၀၇၄-၂၉၄၄၂တို့တွင် စုံစမ်းနိုင်ပါသည်။

ကချင်ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

ဘဏ္ဍာရေးဝန်ကြီးဌာန
မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း၊ ပြည်နယ်ရုံးအဆောက်အအုံဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၆-၈-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ပြည်နယ်ရုံးတွင် လာရောက်ထုတ်ယူပြီး ၂၉-၈-၂၀၁၃ရက် ၁၅း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။
၃။ အသေးစိတ်အချက်အလက်များကို မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း ပြည်နယ်ရုံး ဖုန်း-၀၇၄-၂၉၁၄၃၊ ၀၇၄-၂၄၂၁၃တို့တွင် စုံစမ်းနိုင်ပါသည်။

မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း
ကချင်ပြည်နယ်ရုံး

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

တံတားဖြူ ရေထိန်းတံခါးတောင်ဘက် အရေးပေါ်ရေလွှဲမြောင်းတစ်လျှောက်တွင် အခိုင်အမာ စိုက်ပျိုးတည်ဆောက်ထားသည့်အရာများ ဖယ်ရှားပေးရန်လို

မန္တလေး ဩဂုတ် ၁၁

မန္တလေး အမရပူရမြို့နယ် ပန်းချီကျေးရွာအုပ်စု စစ်ကိုင်း-မန္တလေးသွား ကားလမ်းနှင့် မန္တလေး-မြစ်ကြီးနားသွား မီးရထားသံလမ်း နှစ်ခုအကြား တံတားဖြူရေထိန်းတံခါးတောင်ဘက်ရှိ အရေးပေါ်ရေလွှဲမြောင်းတစ်လျှောက်တွင် လူနေအိမ်များ၊ မွေးမြူရေးခြံများနှင့် စိုက်ပျိုးရေးအပင်များကို အခိုင်အမာ တည်ဆောက်စိုက်ပျိုးထားလျက်ရှိရာ ယခုအချိန်သည် မိုးတွင်းကာလ ဖြစ်သည်နှင့်အညီ ရေများမှာ တစ်ရှိန်ထိုးမြင့်တက်ဝင်ရောက်လျက်ရှိသဖြင့် ယင်းနေရာသည်အချိန်မရွေး ရေဘေးအန္တရာယ်နှင့် ကြုံတွေ့နိုင်ကြောင်း တွေ့ရသည်။

အမြန်ဆုံးဖယ်ရှား

"၂၀၀၄ ခုနှစ် ဩဂုတ်လ တုန်းက ဒုဋ္ဌဝတီခေါ် မြစ်ငယ်မြစ်နှင့်ဆည်တော်ကြီးတို့မှ ရေများမှာ မိုးရွာသွန်းမှု များပြားခဲ့ခြင်းကြောင့် ရေများ ထိန်းသိမ်းနိုင်ခြင်း မရှိနိုင်တော့ဘဲ ရေပိုများကို လွှဲချခဲ့တယ်။ အဲဒီလိုလွှဲချခဲ့လို့ မန္တလေး (မြို့သစ်၊ ကျွဲဆည်ကန်)၊ စဉ့်ကိုင်၊ ကျောက်ဆည်၊ တံတားဦးနှင့် အမရပူရ အောက်ကျင်းပိုင်းအားလုံး ရေဝင်နစ်မြုပ်ခဲ့တယ်။ ရေမြုပ်လို့ ကုန်လှောင်ရုံအမျိုးမျိုး၊ စပါးကျီ၊ ဆန်ဂိုဒေါင်၊ မြေဩဇာဂိုဒေါင်နှင့် စိုက်ပျိုးပြီးတဲ့ သီးနှံမျိုးစုံနဲ့ လူနေအဆောက်အအုံအားလုံးရေမြုပ်ပြီး ပျက်စီးဆုံးရှုံးခဲ့ပါတယ်။ ပျက်စီးဆုံးရှုံးမှုတန်ဖိုးကလည်း ငွေကျပ်သိန်းထောင်နဲ့ချီခဲ့ပါတယ်။ ဒီလိုဖြစ်ခဲ့ရတဲ့ အဓိကအကြောင်းရင်းကတော့ အရေးပေါ် ရေလွှဲမြောင်း တစ်လျှောက်မှာ ပိတ်ဆို့မှုတွေ ရှိနေလို့ပါပဲ။ အခုလည်း တံတားဖြူရေထိန်းတံခါးတောင် ဘက်မှာရှိတဲ့ အရေးပေါ် ရေလွှဲမြောင်း တစ်လျှောက်မှာအခိုင်အမာတည်ဆောက်တာတွေကို တွေ့နေရပါတယ်။ အဲဒီနေရာက အရေးပေါ် ရေလွှဲလမ်းဖြစ်တဲ့အတွက် ယခုအချိန်မှာ ဘာမှမဖြစ်ပေမယ့် ရေဝင်လာရင် ဒုက္ခရောက်နိုင်ပါတယ်။ ဒါကြောင့် အဲဒီနေရာမှာ ပိတ်ဆို့နေတာတွေကို တာဝန်ရှိသူတွေကအမြန်ဆုံး ဖယ်ရှားပေးသင့်ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

တံတားဖြူ ရေထိန်းတံခါးသည် မန္တလေးမြို့တွင်း၊ ဆည်တော်ကြီး၊ ဆည်တော်လေးရေလွှဲနှင့် တောင်သမန်အင်း ရေထွက်ပေါက်နှစ်ခုတို့မှ စီးဆင်းလာသည့်ရေများကို ထိန်းသိမ်းသောတံခါးဖြစ်ပြီး ရေထိန်းတံခါးတွင် ရေထွက်တံခါးပေါက်ငါးခုနှင့်ဘေးတစ်ဖက်စီတွင် အရေးပေါ်ရေလွှဲရန်အတွက် ရေထွက်ပေါက်တစ်ခုစီပါရှိကာ ယင်းမှတစ်ဆင့် ဧရာဝတီမြစ်အတွင်းသို့ တိုးလျှိုပေါက် စီးဆင်းသွားသည်။

ယခုအခါ၌ ရေထိန်းတံခါး၏ မြောက်ဘက်တွင်ရှိသော အရေးပေါ်ရေလွှဲရန် ရေထွက်ပေါက်တည်ရှိရာ မြောင်းတစ်လျှောက် ရေစီးဆင်းရန် လွယ်ကူသော်လည်း တောင်ဘက်တွင်ရှိသောအရေးပေါ်ရေလွှဲရန် ရေထွက်ပေါက် မြောင်းတစ်လျှောက်တွင် ခွင့်ပြုချက်မရှိဘဲ ပြုလုပ်ထားသည့် လေးပေခန့် အမြင့်ရှိ မြေသားတာပေါင်နှစ်ခု၊ လူနေအဆောက်အအုံများ **(အပေါ်ပုံ)**၊ မွေးမြူရေးခြံများ၊ သီးနှံစိုက်ပျိုးပင်များနှင့် ခြံဝင်းသဖွယ် ကာရံထားသော သံဆန်ခါများရှိသဖြင့်အရေးပေါ်ရေများစီးဆင်းရန် လွယ်ကူနိုင်တော့မည် မဟုတ်ပေ။ ရေကြီး၊ ရေလျှံမှုများ ဖြစ်ပွားချိန်တွင် အရေးပေါ် ရေထွက်ပေါက်ဖြစ်သည့်အတွက် အဆိုပါနေရာရှိ အဆောက်အအုံများနှင့် အခြားအရာများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ဖယ်ရှား ရှင်းလင်းပေးရန် ဒေသခံပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

(ဝ၄ဝ)

ဩဂုတ်လ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

မိုးအခြေအနေနှင့် မိုးရွာရက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊တနင်္သာရီတိုင်းဒေသကြီး၊ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုမြဲထက်ပိုပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် ရွာသွန်းမှုမြဲအောက်လျော့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမှုမြဲခန့်ရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇ ရက်မှ ၉ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ၄ ရက်မှ ၆ ရက်ခန့်ရွာသွန်းနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၄ ပေမှ ၆ ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ၃ ပေမှ ၅ ပေခန့်နှင့် ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁ ပေမှ ၃ ပေခန့် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့်ဟုမ္မလင်းမြို့တို့တွင် ၅ ပေမှ ၇ ပေခန့်၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၄ ပေမှ ၆ ပေခန့် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(မိုး/ဇလ)**

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အစိုးရနည်းပညာအထက်တန်းကျောင်း(နေပြည်တော်)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း(နေပြည်တော်)အတွက် အောက်ဖော်ပြပါပရိဘောဂ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ဗီရို (Leeco) (3' × 1' × 6')	၁၀
၂။	သစ်သားဗီရို(ကျွန်း)(၆'×၃'×၁'၆")	၆
၃။	ဓာတ်ခွဲခန်းသုံးစားပွဲ (၈'×၄'×၃'၆")	၉
၄။	ဖိုင်တင်စင် (၆'×၄'×၁'၆")	၈
၅။	အရာရှိစားပွဲ (၆'×၄' × ၂'၆")	၄
၆။	Computer Table	၁၆
၇။	Aluminium Ladder (14 feets, 2 way Combination)	၃
၈။	စကားပြောစင်မြင့်	၁

၂။ အိတ်ဖွင့်တင်ဒါပုံစံများနှင့် စည်းကမ်းချက်များကို ကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာအထက်တန်းကျောင်း(နေပြည်တော်)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၃၁-၈-၂၀၁၃ ရက် ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ အစိုးရနည်းပညာအထက်တန်းကျောင်း(နေပြည်တော်)သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
အစိုးရနည်းပညာအထက်တန်းကျောင်း(နေပြည်တော်)
ဖုန်း-၀၆၇-၄၀၁၄၂၅၊ ၄၀၁၄၂၆

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါပစ္စည်းများကို နိုင်ငံခြားသုံးငွေ/ပြည်တွင်းသုံးကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းတစ်မျိုးချင်းစီအတွက် ဈေးနှုန်းကမ်းလှမ်းလွှာများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) နိုင်ငံခြားသုံးငွေဖြင့် ဝယ်ယူမည့်ပစ္စည်းများ

1. Marine Engine for "M.S.T Mann Aung"
2. Electrical Spare for Vessels
3. Spare Parts for Dredge Pump & Propulsion Unit of "M.V RAMANYA"
4. Spare Parts for Propulsion Unit of "M.V THIHADIPA" & "YADANAR THEINKHA"
5. Spare Parts for Main Engine & Pump Engine of Suction Dredger
6. Spare Parts for Main Engine of Buoy Vessel "SIN PYAUNG"

တင်ဒါပိတ်ရက်နှင့်အချိန် - ၁၂-၉-၂၀၁၃ ရက် မွန်းလွဲ ၁း၀၀နာရီ

(ခ) ပြည်တွင်းသုံးကျပ်ငွေဖြင့် ဝယ်ယူမည့်ပစ္စည်းများ

7. Mild Steel Plates, Angles, Channels, R.S.J (I-Beam), Flats

တင်ဒါပိတ်ရက်နှင့်အချိန် - ၂၇-၈-၂၀၁၃ ရက် ၁၃း၀၀နာရီ

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း၊ (ဗိုလ်တထောင်ဘုရားအနောက်ဘက်/ကွန်ကရစ်လမ်း Toll Gate အနီး)ဆိပ်ကမ်းမြို့နယ်တွင် ၁၂-၈-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပြီး သိရှိလိုသောအချက်များရှိပါက ဖုန်း-၀၁-၈၆၁၀၂၂၉နှင့် ၀၁-၈၆၁၀၃၂၂တို့သို့ စုံစမ်းနိုင်ပါသည်။

ပစ္စည်းထိန်းချုပ်
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ၂၀၁၄ခုနှစ်အတွက် ပညာပေးပြက္ခဒိန်၊ အလှပြက္ခဒိန်နှင့် စားပွဲတင်ပြက္ခဒိန်သုံးမျိုးအား ပုံနှိပ်ထုတ်ဝေမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၂-၈-၂၀၁၃ရက် ဖြစ်ပါသည်။

၃။ **တင်ဒါပိတ်ရက်နှင့်အချိန်မှာ** - ၁၁-၉-၂၀၁၃ရက် မွန်းတည့် ၁၂နာရီ ဖြစ်ပါသည်။

၄။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို ပြည်ထောင်စုဝန်ကြီးရုံး၊ အဖွဲ့ခွဲ(၃)၊ ရုံးအမှတ်(၁၅)တွင် အမျိုးအစားတစ်ခု ကျပ် ၃၀၀၀/-ဖြင့် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ပြက္ခဒိန်အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရုံးအမှတ်(၁၅)၊ ဖုန်း-၀၆၇-၄၁၀၀၉၄

ကရင်ပြည်နယ်အစိုးရအဖွဲ့
နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ
စက်မှုလက်မှုပညာသင်တန်းကျောင်း(ဘားအံ)
တည်ဆောက်ရေးလုပ်ငန်းများအတွက်
တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်၊ ဘားအံမြို့နယ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၌ ဆောင်ရွက်မည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းအတွက် အောက်ဖော်ပြပါ အဆောက်အအုံများတည်ဆောက်ရန်ရှိပါသည်-

(က) အုပ်ချုပ်မှုရုံး(၅၀'×၂၄')
(ခ) တစ်ထပ်ခန်းမဆောင်(၆၀'×၃၆')
(ဂ) အလုပ်ရုံနှင့်စာသင်ခန်းမ(၉၀'×၃၀')
(ဃ) စားရိပ်သာ(မီးဖိုတွဲလျက်)(၆၀'×၃၆')(၂၀'×၃၆')
(င) တစ်ထပ်အိပ်ဆောင်(၉၀'×၃၀') (၂)လုံး
(စ) ရေချိုးခန်းနှင့်(၆)ခန်းတွဲအိမ်သာ (၂၄'×၂၀') (၂)လုံး
(ဆ) (၆)ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၁၂၀'×၃၀')
(ဇ) ဂါလန်(၅၀၀၀)ဆံ့ ရေလှောင်ကန်၊ ဂါလန်(၁၆၀၀)ဆံ့ သစ်သားရေစင်၊ ရေသွယ်တန်းခြင်း
(ဈ) ကျောင်းတွင်းလုံခြုံရေးမီးတိုင်သွယ်တန်းခြင်း
(ည) (၄"×၄") ကွန်ကရစ်တိုင်ဖြင့် သွပ်ဆူးကြိုး(၁၂)တန်း ကာရံခြင်း
(ဋ) ကျောင်းဝင်းအတွင်း ကျောက်ချောလမ်းခင်းခြင်း

၂။ အဆိုပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လိုသော မြန်မာနိုင်ငံသား လုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ အဖွဲ့အစည်းများမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၂-၈-၂၀၁၃ရက်တွင် စတင်ရောင်းချမည်ဖြစ်ပြီး ၁၂-၉-၂၀၁၃ရက် ၁၆း၀၀နာရီ နောက်ဆုံးထားတင်သွင်းရန်နှင့် တင်ဒါပုံစံဝယ်ယူခြင်း၊ တင်သွင်းခြင်းအတွက် လိပ်စာမှာ ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ဘားအံ)ဖြစ်ပါသည်။

၃။ တင်ဒါရွေးချယ်ခြင်းကို ၁၃-၉-၂၀၁၃ရက် ၀၉း၀၀နာရီတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းထားသော လုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ အဖွဲ့အစည်းများမှ မပျက်မကွက်တက်ရောက်ကြပါရန် အသိပေးအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်းအမှတ်-၀၅၈-၂၂၅၂၃၊ ၀၉-၄၉၇၇၀၂၁၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့တွင် သင်တန်းသားအိပ်ဆောင်ပေ (၉၀×၂၀) သုံးလုံးအား ၂၈-ဂိတ်သွပ်ဖြင့် သွပ်မိုးလဲလှယ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၉-၉-၂၀၁၃ ရက် မွန်းလွဲ ၁ နာရီ။

၃။ တင်ဒါပုံစံများကို ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့တွင် သတင်းစာပါ ကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဌာနမှူး ဖုန်း-၀၆၄-၂၄၅၄၆၊ ဌာနခွဲမှူး(ထောက်)ဖုန်း-၀၆၄-၂၃၅၈၁၊ ၀၉-၄၀၂၇၃၉၈၀၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ထားဝယ်တက္ကသိုလ်
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ထားဝယ်တက္ကသိုလ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းအား ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

လုပ်ငန်းအမည်

ဆရာမ (၂၀)ဦးဆံ့ နှစ်ထပ်အိပ်ဆောင် (၆) (၁၁၄'×၃၀') RCC သွပ်မိုး တည်ဆောက်ခြင်းလုပ်ငန်း (ရေ၊ မီးအပါအဝင်)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၅-၈-၂၀၁၃ ရက်တွင် စတင်ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၆-၉-၂၀၁၃ရက် ၁၆း၃၀နာရီ နောက်ဆုံးထားပြီးတင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါပေးသွင်းသူသည် လုပ်ငန်းအတွက် သတ်မှတ်ထားသော တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံဖြင့် တင်သွင်းရမည်။

အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လိပ်စာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ထားဝယ်တက္ကသိုလ်၊ ထားဝယ်မြို့။
(ခ) မြိတ်တက္ကသိုလ်၊ မြိတ်မြို့။

၄။ အသေးစိတ်သိရှိလိုသော အချက်များကို ထားဝယ်တက္ကသိုလ်နှင့် မြိတ်တက္ကသိုလ်တွင် လည်းကောင်း၊ ဖုန်း-၀၉-၄၂၅၀၀၉၂၁၃နှင့် ၀၉-၇၃၀၈၄၃၈၄တွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ထားဝယ်တက္ကသိုလ်

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင်ဇေညီညီမြင့် ၆/တသရ(နိုင်)၀၃၀၄၅၃သည် မိဘတို့၏ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုခဲ့သည့်အပြင် မိဘတို့၏ ဂုဏ်သိက္ခာညှိုးနွမ်းအောင် ပြုလုပ်ခဲ့ပါသဖြင့် ကြေညာသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

အဘ-ဦးမြင့်သန်း ၆/ကစန(နိုင်)၀၄၃၀၆၅
အမိ-ဒေါ်တင်တင်ဝေ ၆/ကစန(နိုင်)၀၄၃၀၆၆

စွန့်ပစ်အမှိုက်များမှ စွမ်းအင်ထုတ်မည့်လုပ်ငန်း နှစ်ဆန်းပိုင်းတွင် စတင်နိုင်မည်ဟုခန့်မှန်း

သတင်း-ကြူတိုင်းအောင်
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက နောက်ဆုံးစွန့်ပစ်အမှိုက်ပုံနေရာ နှစ်နေရာမှ စွမ်းအင်ထုတ်လုပ်ရန် တင်ဒါခေါ်ယူခဲ့ရာ လာမည့် နှစ်ဆန်းပိုင်းတွင် လုပ်ငန်းများ စတင်လည်ပတ်လုပ်ဆောင်သွားနိုင်လိမ့်မည်ဟု ခန့်မှန်းထားကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကျွန်တော်တို့ ဌာနအနေနဲ့ စွန့်ပစ်အမှိုက်များကို အသုံးပြုပြီး စွမ်းအင်ထုတ်လုပ်သွားဖို့ တင်ဒါခေါ်ယူခဲ့ရာမှာ ပဏာမရွေးချယ်ထားတဲ့ ကုမ္ပဏီများက ဩဂုတ် ၇ ရက်မှာ Full Proposal တင်ကြပါတယ်။ ရွေးချယ်ခံရတဲ့ကုမ္ပဏီအနေနဲ့ B.O.T စနစ်ဖြင့် ဆောင်ရွက်သွားမှာဖြစ်ပြီး လုပ်ငန်းများကိုတော့ လာမယ့် ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှာ စတင်နိုင်မယ်လို့ ခန့်မှန်းထားပါတယ်"ဟု ဌာနမှူး ဦးသန်းလွင်ဦးက မကြာမီက သတင်းထောက်များနှင့်တွေ့ဆုံရာတွင် ပြောကြားသည်။

ရန်ကုန်မြို့တွင် အဓိကနောက်ဆုံးအမှိုက်စွန့်ပစ်နေရာ နှစ်ခုမှာ လှိုင်သာယာရှိ ထိန်ပင်နှင့်ဒဂုံမြောက်ပိုင်းရှိ ထားဝယ်ချောင်(**ယာပုံ**)တို့ဖြစ်သည်။ ရန်ကုန်မြို့မှ နေ့စဉ်ထွက်ရှိသော အမှိုက်များကို အဆိုပါ နေရာနှစ်ခုသို့ စွန့်ပစ်လျက်ရှိရာ ယခုအခါ စွန့်ပစ်အမှိုက်များလာပြီဖြစ်၍ အမှိုက်များကို အသုံးပြုပြီး စွမ်းအင်များထုတ်လုပ်သွားရန် စီစဉ်ရခြင်းဖြစ်ကြောင်း သိရသည်။

လှိုင်သာယာရှိ ထိန်ပင်အမှိုက်စွန့်ပစ်နေရာသို့ နေ့စဉ် အမှိုက်တန်ချိန် ၈၀၀ စွန့်ပစ်လျက်ရှိပြီး ဒဂုံမြောက် ထားဝယ်ချောင်တွင် နေ့စဉ်တန်ချိန်၆၀၀စွန့်ပစ်လျက်ရှိကြောင်း သိရသည်။ ထိန်ပင်အမှိုက်ပုံမှ မီသိန်းဓာတ်ငွေ့ထုတ်ပြီး CNG အဖြစ် ပြောင်းလဲထုတ်လုပ်သွားရန် စီစဉ်ထားသည်။ ထားဝယ်ချောင်အမှိုက်ပုံတွင် စွန့်ပစ်အမှိုက်များကို မီးရှို့စက်

အသုံးပြုပြီးလျှပ်စစ်စွမ်းအင်ထုတ်လုပ်သွားမည်ဖြစ်သည်။ ထိန်ပင်အမှိုက်ပုံအတွက် ကုမ္ပဏီငါးခုနှင့် ထားဝယ်ချောင်အတွက် ကုမ္ပဏီခြောက်ခု ပဏာမရွေးချယ်ထားကြောင်း သိရသည်။ ယင်းတို့အနက်မှ တင်ဒါအောင်သော ကုမ္ပဏီများအနေဖြင့် လာမည့် ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းမှစပြီး လုပ်ငန်းများ လည်ပတ်ကာ CNG နှင့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်သွားရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ဒလမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရပစ္စည်းများ ထောက်ပံ့

ဒလ ဩဂုတ် ၁၁

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကဦးစီး၍ ဩဂုတ် ၈ ရက် နံနက် ၁၀ နာရီက ကိုယ်ဝန်ဆောင်မိခင်နှင့်မွေးဖွားပြီးမိခင်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့်ဆေးဝါးအာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ကမာကသွယ်ရပ်ကွက်ရှိ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းပိုင်သားဖွားခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်လက်ထောက်ဆရာဝန် ဒေါက်တာ မိုင်အက်စတာတင်က ကိုယ်ဝန်ဆောင်စဉ်နှင့် မွေးဖွားပြီးမိခင်များ ကျန်းမာရေး ပြုစုမှုဆိုင်ရာသိကောင်းစရာများကို ပညာပေးဟောပြောပြီး ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးဖွားပြီးမိခင်များအား ကျန်းမာရေး ကြည့်ရှုစမ်းသပ်စောင့်ရှောက်မှုပေးခဲ့သည်။ ထို့နောက် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးသန္တာကျော်(**အောက်ပုံ**)က ကိုယ်ဝန်ဆောင်မိခင် ၃၀ နှင့် မွေးဖွားပြီးစမိခင်နှစ်ဦးအား လိုအပ်သောဆေးဝါးများနှင့်အာဟာရပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သန်းငွေး(ဒလ)

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ဟောပြော

နမ့်ခမ်း ဩဂုတ် ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးဟောပြောပွဲ အခမ်းအနားကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သီရိရွှေရည်ခန်းမ၌ ဩဂုတ် ၇ ရက် နံနက် ၁၀နာရီက ကျင်းပသည်။ အဆိုပါ အခမ်းအနားတွင် နမ့်ခမ်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ခင်ထွေးကအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း၊ မြို့နယ်ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန်ဒေါက်တာနန်းချောစုထွေးက သွေးလွန်တုပ်ကွေးရောဂါအကြောင်း၊ သူနာပြုဆရာမကြီး ဒေါ်မာမာအေးက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အကြောင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာအေးက မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးအကြောင်းတို့ကို ဟောပြောခဲ့သည်။ ထို့နောက် တက်ရောက်လာသော ကျောင်းသား ကျောင်းသူများအား ဉာဏ်စမ်းမေးခွန်းများ မေးမြန်းခဲ့ပြီး ဆုများချီးမြှင့်ပေးခဲ့ကြပြီးနောက် အထက(၁) ကျောင်းရန်ပုံငွေအတွက် အလှူငွေကျပ် ၅၀၀၀၀ကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာအေးက ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြူကြူညွန့်က လက်ခံခဲ့ကြောင်း သိရသည်။

ဉာဏ်မင်း(နမ့်ခမ်း)

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်ပြင်ဆင်ချက်

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ရေးဝန်ကြီးဌာန မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့ (B.V.Sc) ခြောက်နှစ်သင်တန်း တက်ရောက်ပညာသင်ကြားခွင့်ရရှိရန် ပထမနှစ်သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်းကို ၁၆-၇-၂၀၁၃ ရက်နှင့် ၁၇-၇-၂၀၁၃ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့၌ အသီးသီးကြေညာခဲ့ပါသည်။

၂။ ၎င်းကြေညာချက်ပါအပိုဒ်(၆)နှင့် ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ် စာမျက်နှာ(၃၆)ပါ အပိုဒ်(၄) အပိုဒ်ခွဲ(င)ပါ ပထမနှစ်ဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲ သတ်မှတ်ချက်များကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည် -

ပထမနှစ်ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအပြင် ဇီဝဗေဒဘာသာတွင် အမှတ်(၂၀)တန် မွေးမြူရေးဗဟုသုတ ထည့်သွင်းမေးမည်

၃။ မွေးမြူရေးဗဟုသုတဖတ်ရှုလေ့လာရန် ပြဋ္ဌာန်းစာအုပ်နှင့်ပတ်သက်၍ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ရေဆင်း၊ နေပြည်တော်စာစစ်ဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ အင်းစိန်၊ ရန်ကုန်စာစစ်ဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဦးစီးမှူးရုံးများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

စက်မှုဝန်ကြီးဌာန
အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း
စက်ချွတ်ယွင်းမှုများပြုပြင်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ် (၂၃)အကြီးစားစက်ရုံ (ညောင်ခြေထောက်)ရှိ ချွတ်ယွင်းနေသော အောက်ဖော်ပြပါစက်များကို မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံပြုပြင်ခြင်း ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

(က) ကြေးရည်ကျို ကြေးချောင်းထုတ်လုပ်မှုအလုပ်ရုံရှိစက် ၃ လုံး
(ဂ) မာရှိန်ပြောင်းအလုပ်ရုံရှိစက် ၁ လုံး
(င) Transformer အလုပ်ရုံရှိ စက် ၃ လုံး
(ခ) PVC wire ကြိုး ထုတ်လုပ်မှုအလုပ်ရုံရှိစက် ၃ လုံး
(ဃ) Machine Tools Shop နှင့် Die Making Shop ရှိစက် ၄ လုံး

၂။ **တင်ဒါတင်သွင်းရမည့်ရက်** - ၁၃-၈-၂၀၁၃ ရက်မှ ၂၇-၈-၂၀၁၃ ရက်အထိ
တင်ဒါစိစစ်ရွေးချယ်မည့်ရက်/အချိန် - ၂၉-၈-၂၀၁၃ ရက် ၁၀:၀၀ နာရီ
တင်ဒါစိစစ်မည့်နေရာ - အမှတ် (၂၃) အကြီးစားစက်ရုံ(ညောင်ခြေထောက်)

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အမှတ် (၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်)တွင် ၁၃-၈-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၃-၄၂၂၁၃၊ ၀၅၃-၄၂၂၁၄၊ ၀၉-၄၉၅၀၁၂၉၁ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့၊ အမှတ် (၂၃) အကြီးစားစက်ရုံ(ညောင်ခြေထောက်)

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ရေဆင်း၊ နေပြည်တော်တွင် အောက်ဖော်ပြပါ အသစ်ဆောက်လုပ်ခြင်းနှင့် မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်		လုပ်ငန်းအမည်	အရေအတွက်
(က)		**လုပ်ငန်းသစ်များ**	
	(၁)	၁၆၀'×၄၉' RC နှစ်ထပ်စာသင်ဆောင် (ရေ၊ မီး၊ သန့်စင်ခန်းအပါအဝင်)ဆောက်လုပ်ခြင်း	(၁) လုံး
	(၂)	၆၀'×၄၆' RC နှစ်ထပ်ကျောင်းသား/ကျောင်းသူများ နားနေဆောင်(ရေ၊မီး၊သန့်စင်ခန်းအပါအဝင်) ဆောက်လုပ်ခြင်း	(၁) လုံး
(ခ)		**မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများ**	
	(၁)	နှစ်ထပ်စာသင်ဆောင် အမိုးမွမ်းမံခြင်းလုပ်ငန်း	(၄၆၆၀) စ/ပေ
	(၂)	နှစ်ထပ်စာသင်ဆောင် ရေ/ဆီဆေး ဆေးသုတ်မွမ်းမံခြင်းလုပ်ငန်း	(၄၉၆၈၀) စ/ပေ
	(၃)	တစ်ထပ်စာသင်ဆောင် ငါးဆောင် ရေ/ဆီဆေး ဆေးသုတ်မွမ်းမံခြင်းလုပ်ငန်း	(၈၈၀၀၀) စ/ပေ
	(၄)	Theatre တွင် ရေ/ဆီဆေး ဆေးသုတ်မွမ်းမံခြင်းလုပ်ငန်း	(၂၁၀၀၀) စ/ပေ
	(၅)	လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း (၅" ထု)	(၁၀၀၀×၁၂) ပေ
	(၆)	ရွှေရတုခန်းမဆီဆေး ဆေးသုတ်မွမ်းမံခြင်းလုပ်ငန်း	(၄၂၀၀၀) စ/ပေ
	(၇)	ရွှေရတုခန်းမအတွင်း စင်မြင့်ရှေ့မျက်နှာစာ အထပ်သားနှင့် တိုင်ဖုံးများလဲလှယ်ခြင်း၊ ဆေးသုတ်မွမ်းမံခြင်းလုပ်ငန်း၊	(၁၈၀၀) စ/ပေ
	(၈)	ရွှေရတုခန်းမသန့်စင်ခန်းများ မွမ်းမံခြင်းလုပ်ငန်း	(၂၄) ခန်း
	(၉)	ရွှေရတုခန်းမအတွင်း ပျဉ်းကတိုး လျှာထိုးကြမ်းခင်းဆင့် မွမ်းမံခြင်းလုပ်ငန်း၊	(၇၂၀၀) စ/ပေ

၂။ (က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၉-၈-၂၀၁၃ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၆-၉-၂၀၁၃ ရက်၊ ၁၄:၀၀ နာရီ

ကန့်ကွက်နိုင်ပါကြောင်း

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃E ၁၊ မြေကွက်အမှတ် V ၁၆၆၊ မြေကွက်တည်နေရာ၅၄၊ သိပ္ပံလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ် ဦးသိန်းလွင် အမည်ပေါက် နှစ် ၉၀မြေငှားဂရန်မြေအား အမည်ပေါက် ဦးသိန်းလွင် ကွယ်လွန်သဖြင့် ၎င်း၏ဇနီး ဒေါ်မြင့် ၁၂/အလန(နိုင်)၀၂၆၅၁၆က ဂရန်မိတ္တူ၊ သေစာရင်း၊ မှတ်ပုံတင်မိတ္တူ၊ မြေခွန်ပြေစာမိတ္တူ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၁၊ မြေကွက်အမှတ် ၄၇၅၊ အမည်ပေါက် ဒေါ်မြမြကျင် ၁၂/ဥကတ(နိုင်)၀၆၃၉၉၂က မြေချပါမစ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း၊ အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ် မိတ္တူမှန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အမည်ပြောင်း

ဟုမ္မလင်းမြို့နယ်၊ အထက(ကက်သာ) တတိယတန်းမှ ကျောင်းဝင်အမှတ် ၇၃၈၈ ဖြစ်သူဦးထွန်းဆောင်၏သား မောင်သိန်းစိုးလှိုင်အား မောင်ဟိန်းထက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဟိန်းထက်အောင်**

တစ်ဦးတည်းဖြစ်ကြောင်း

ဦးခင်ထွန်း၏သား မောင်နဒီလွင် ၁၂/ကမတ(နိုင်)၀၇၃၄၅၂နှင့် မောင်နေသူလွင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မောင်နေသူလွင်(ခ)မောင်နဒီလွင်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂/ခ၊ မြေကွက်အမှတ် ၁၉/ခ၁ (၃-အေ)၊ ဧရိယာ ၀ ဒသမ ၁၅၁၈ဧက၊ မြေပိုင်မြေ ၃-ခအမျိုးအစားမြေပေါ်ရှိ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ဂန့်ကော်မြိုင်လမ်း၊ အမှတ် ၃/ဂ ဟုခေါ်တွင်သော မြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့၏ မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ရှင် ဦးစိုးသန်း ၁၂/ရကန(နိုင်)၀၂၉၇၈၃က တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့် ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းဦး **အထက်တန်းရှေ့နေ(စဉ်-၃၂၃၅)**
ဦးသန့်ဇော် **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**

အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အောက်ဖော်ပြပါ ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။
(၁) ဆေးရုံပင်မဆောင်ရှေ့ကားပါကင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း
(၂) ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုဌာနတွင် CT ခန်းနှင့် Imaging Complex အဖြစ် ပြုပြင်ခြင်းလုပ်ငန်း

၂။ တင်ဒါတင်သွင်းလွှာ အသေးစိတ်အချက်အလက်များကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ စုံစမ်းမေးမြန်းရယူနိုင်ပါသည်။

၃။ **တင်ဒါတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၇-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက် - ၆-၉-၂၀၁၃ရက် (သောကြာနေ့) ၁၆:၀၀နာရီ

ရန်ကုန်ပြည်သူ့ဆေးရုံကြီး

မှုခင်းသတင်းနှင့်ကြော်ငြာ

SURF မော်တော်ယာဉ်မှ မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းဖမ်းဆီးရမိ

တာချီလိတ် ဩဂုတ် ၁၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ဆန်ဆိုင်း(က)ရပ်ကွက် ခေတ္တာလမ်းသွယ်၌ အိုက်ကျွဲမောင်းနှင်လာသော ၄ဂ/. . . Surf အမျိုးအစား အနက်ရောင် မော်တော်ယာဉ်မှ အိုက်စ် ၁၂ ဂရမ်၊ ကဖင်းမှုန့် ဂရမ် ၉၀၀နှင့်မိန်းမကိုင်ပစ္စတိုသေနတ် တစ်လက်တို့ကို တာချီလိတ် (မူးယစ်)က ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ်၇ ရက် နံနက် ၆ နာရီက တာချီလိတ်(မူးယစ်)မှ ရဲအုပ်ဒေးလွင် ဦးစီးအဖွဲ့၊ ပြည်နယ်လုံခြုံရေးတပ်စုမှ ဒုရဲအုပ်အေးထွန်းသိန်းတို့ ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ဆန်ဆိုင်း(က)ရပ်ကွက် ခေတ္တာလမ်းသွယ် စိတ်တိုင်းကျသစ်စက်ရှေ့ လမ်းမပေါ် အိုက်ကျွဲမောင်းနှင်လာသော၄ဂ/. . SURF အမျိုးအစားအနက်ရောင် မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေခဲ့ရာ အိုက်ကျွဲဝတ်ဆင်ထားသည့် စိမ်း၊ ဝါကျားရောင် ဘောင်းဘီတို ယာဘက်အိတ်ကပ်အတွင်းအိုက်စ်အဖြူရောင် ပုံဆောင်ခဲ ၁၂ ဂရမ် ကျပ်၁၆၀၀၀ နှုန်းဖြင့် ကျပ် ၁၉၂၀၀၀ နှင့် CZECH နိုင်ငံလုပ် A 253952 နံပါတ်ပါ CZ92CAL 6.35 Browning အမျိုးအစား မိန်းမကိုင်ပစ္စတိုသေနတ်တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ကျည် ခုနစ်တောင့်တို့ကို လည်းကောင်း၊ ယာဉ်နောက်ခန်းထိုင်ခုံ ကူရှင်ပေါ်မှ ပလတ်စတစ်အိတ်ဖြင့်ထည့်လျက် ကဖင်းမှုန့် ဂရမ် ၉၀၀ ပါ တစ်ထုပ်၊ ကာလတန်ဖိုး ၁ ကီလိုလျှင် ကျပ် ၇၅၀၀၀ နှုန်းဖြင့် ကျပ် ၆၇၅၀၀ ကို လည်းကောင်း ရှာဖွေတွေ့ရှိသဖြင့် ရဲအုပ် ဒေးလွင်က သက်သေများရှေ့ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါး၊ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိတရားခံ အိုက်ကျွဲ (၄၀ နှစ်) အမှတ် ၂၁၅ ၅ လမ်း ဆန်ဆိုင်း(ခ)ရပ်ကွက် တာချီလိတ်မြို့နေသူအား အရေးယူပေးပါရန် ရဲအုပ်ဒေးလွင်က တရားလို ပြုလုပ်တိုင်တန်းရာ တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်ထားရှိပြီး အမှုစစ် ဒုရဲအုပ် အောင်ဆန်းဦးက လက်ခံစစ်ဆေးလျက်ရှိကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

လှိုင်သာယာမြို့နယ်အတွင်း ဆင်ဆာမဲ့နှင့်ညစ်ညမ်းခွေများသိမ်းဆည်းရမိ

ရန်ကုန် ဩဂုတ် ၁၁

ဩဂုတ် ၆ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ က လှိုင်သာယာမြို့နယ် သောင်ကြီးနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များသည်ဆင်ဆာမဲ့အခွေများရောင်းချနေကြောင်း သတင်းအရ သက်သေများနှင့်အတူ လှိုင်သာယာမြို့နယ်အတွင်း ပဒဲကျေးရွာ အနော်ရထာလမ်းဘေးရှိ ရွှေကမ်းသာယာဆိုင်ခန်းသို့ ဝင်ရောက်ရှာဖွေရာ ဆိုင်ရှေ့စားပွဲပေါ်တွင် သူရစိုး(ခ)စိုးသူရခိုင်ကို ဆင်ဆာမဲ့ မြန်မာသီချင်း ဒီဗွီဒီခွေ အချပ် ၃၀၀၊ နိုင်ငံခြား ဒီဗွီဒီခွေ အချပ် ၅၅၀ နှင့် အခွေရောင်းရငွေကျပ် ၂၁၀၀ တို့နှင့်အတူ တွေ့ရှိသိမ်းဆည်းရမိသဖြင့် သောင်ကြီးနယ်မြေရဲစခန်းက (ပ)၄၅၀/၂၀၁၃၊ ဗီဒီယို ဥပဒေပုဒ်မ ၃၂ (ခ)ဖြင့်လည်းကောင်း၊ ညစ်ညမ်းဒီဗွီဒီခွေ အချပ် ၂၃ ချပ် သိမ်းဆည်းရမိသဖြင့် (ပ) ၄၅၁/၂၀၁၃ ပုဒ်မ ၂၉၂ ဖြင့်လည်းကောင်း အရေးယူထားရှိကြောင်း သိရသည်။ အလားတူ ည ၇နာရီတွင် မြို့မ ရဲစခန်းမှတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ (၆)ရပ်ကွက် စကားဝါလမ်းမဘေးတွင် ဝေယံဖြိုး အင်းစိန်မြို့နယ်နေသူ၏အခွေအရောင်းဆိုင်ကို ထပ်မံရှာဖွေရာ ဆင်ဆာမဲ့မြန်မာသီချင်း ဒီဗွီဒီခွေ အချပ် ၃၁၀၊ ဆင်ဆာမဲ့မြန်မာအငြိမ့်ဒီဗွီဒီခွေ အချပ် ၈၀၊ ဆင်ဆာမဲ့ မြန်မာတရားဒီဗွီဒီခွေ အချပ် ၁၀၀၊ နိုင်ငံခြားဇာတ်လမ်း ဒီဗွီဒီခွေ အချပ် ၈၉၀၊ နိုင်ငံခြားသီချင်းဒီဗွီဒီခွေ ၁၈ ချပ်၊ အခွေရောင်းရငွေကျပ် ၁၆၀၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

စိုးဝင်း(SP)

တရားမဝင် ထိုးဆေးပုလင်းများ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၁

ဩဂုတ် ၄ ရက် နံနက် ၂ နာရီက ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မှန်စီရဲကင်းရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဘောဒုဖကယ်ဆယ်ရေးစခန်း တာဝန်ခံများနှင့်အတူ လှည့်ကင်းဆောင်ရွက်နေစဉ် ဘောဒုဖကယ်ဆယ်ရေးစခန်းအဆောင် ၃၁အနီးလမ်းမပေါ်တွင် လူတစ်ဦးကို အထုပ်နှစ်ထုပ်ဖြင့် မသင်္ကာဖွယ်တွေ့ရှိရ၍ ခေါ်ယူစစ်ဆေးခဲ့ရာ အဆောင် ၃၁၊ အခန်း ၅ နေ အာနုဝါ (၃၂ နှစ်)ဖြစ်ကြောင်းသိရှိရပြီး အထုပ်အတွင်းရှာဖွေရာ Sedil Injection Diazepam Bp 10 Mg Ampoule စာသားတစ်ဖက်၊ ဘင်္ဂလားဒေ့ရှ် စာသားတစ်ဖက်ပါ စက္ကူဘူးတစ်ဘူးလျှင် ထိုးဆေးပုလင်း ၁၀ ပုလင်းပါ စက္ကူဘူး ၈၂၀ စုစုပေါင်း ဆေးပုလင်း ၈၂၀၀ (တန်ဖိုးငွေကျပ် ၁၂၃၀၀၀၀) တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အာနုဝါအား ဆက်လက်စစ်ဆေးချက်အရ လွန်ခဲ့သော တစ်လခန့်က ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စက်လှေဖြင့် သွားရောက်ခဲ့ပြီး အဆိုပါ ထိုးဆေးများကို ငါးဖမ်းစက်လှေဖြင့် တင်ဆောင်လာကာ အုန်းတောကြီးရွာအနီး ပင်လယ်ကမ်းစပ်တွင် ဆိုက်ကပ်ချထားခဲ့ရာမှ ၎င်းနေထိုင်ရာ အခန်းသို့ သယ်ဆောင်လာခြင်းဖြစ်ကြောင်းသိရှိရ၍ စစ်တွေမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုကိုရှုပ

အရက်သောက်ရာမှ အချင်းများပြီး လူသတ်မှုဖြစ်

ဇလွန် ဩဂုတ် ၁၁

ဇလွန်မြို့နယ် အဗျင်းကျေးရွာအုပ်စု ဆင်ဖြူတော်ကျေးရွာ၌ ဇူလိုင် ၂၂ ရက် ည ၁၁ နာရီခွဲခန့်က ဆင်ဖြူတော်ကျေးရွာနေ သက်နိုင်(၄၃နှစ်)၏ နေအိမ်သို့ ကျုံပျော်မြို့နယ် ဒိုက်ပျက်ကျေးရွာနေသူ ဦးခင်ညို(၆၁နှစ်) အလည်ရောက်ရှိလာပြီး အရက်အတူတူသောက်စားစဉ် အိမ်ရှင်သက်နိုင်နှင့်ရန်ဖြစ်ကြောင်း သတင်းအရ အချင်းဖြစ်ပွားရာသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရဲတပ်ကြပ်ကြီးသန်းလွင်၊ ရဲတပ်ကြပ်စိန်ဝင်းမြင့်တို့နှင့်အတူ သွားရောက်စစ်ဆေးကြည့်ရှုရာ သက်နိုင်မှာ နေအိမ်ပေါ်၌ ပက်လက်အနေအထားဖြင့် ဒဏ်ရာများရရှိပြီး သေဆုံးနေသည်ကို တွေ့ရသဖြင့် ဦးခင်ညိုအား ဖမ်းဆီးအရေးယူထားရှိကြောင်း သိရသည်။

(၀၇၇)

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၇/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-061(2013-2014)	Spares for CAT D 3512 B Engine	(2) Items	US$
(၂)	IFB-062(2013-2014)	Spares for Kenworth Truck Engine	(2) Items	US$
(၃)	IFB-063(2013-2014)	Spares for High Clutch (Ex NAT 80 B Drawwork)	(2) Items	US$
(၄)	IFB-064(2013-2014)	Drill Collar Safety Clamp	(6) Items	US$
(၅)	IFB-065(2013-2014)	Transmission Pump Assy For Komatsu Dozer	(5) Nos	US$
(၆)	IFB-066(2013-2014)	4 1/2" Tri Cone Rock Bits	(2) Items	US$
(၇)	IFB-067(2013-2014)	Stand Line Gate Valves & Accessories	(7) Items	US$
(၈)	IFB-068(2013-2014)	Over Running Clutch & Spares For D3 T2 SR-I & II	(18) Items	US$
(၉)	DMP/L-029(2013-2014)	Heat Shrink Tube and Wire Cable For HDD Rig	(2) Items	Kyat
(၁၀)	DMP/L-030(2013-2014)	Electrical Spares for ZJ 70 L Drilling Rig	(4) Items	Kyat

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၁-၉-၂၀၁၃ရက် ၁၃:၀၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

သင်တန်းသားခေါ်ယူခြင်း

၁။ သမဝါယမဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်အောက်ရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ(မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့)တွင် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်၌ ဖွင့်လှစ်မည့် အောက်ပါသင်တန်းများသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်-

စဉ်		သင်တန်းအမည်	သင်တန်းသားဦးရေ
၁။	(က)	အထည်အလိပ်အတတ်ပညာ ဒီပလိုမာ(၁)နှစ်သင်တန်း Diploma in Textile Technology	၅၀ ဦး
	(ခ)	ရိုးရာလွန်းရာကျအချိတ်အခြေခံ(၃)လသင်တန်း	၁၅ ဦး
	(ဂ)	ရွှေချည်ထိုး၊ ငွေချည်ထိုး(၃)လသင်တန်း	၁၅ ဦး

၂။ လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ သင်တန်းဖွင့်မည့်ရက်တွင် အသက်(၁၆)နှစ်ပြည့်ပြီး (၂၅)နှစ်ထက် မကျော်ရ။ အိမ်ထောင်မရှိသူ အပျို၊ လူပျိုဖြစ်ရမည်။ အရပ်အမြင့် (ကျား) ၅ ပေ ၁လက်မ၊ (မ) ၄ ပေ ၁၁လက်မ ရှိရပါမည်။ ကိုယ်ရောစိတ်ပါ ကျန်းမာသန်စွမ်းရမည်။

၃။ အမှတ်စဉ်(က)အတွက် လျှောက်ထားသူသည် မည်သည့်ဘာသာတွဲဖြင့်မဆို တက္ကသိုလ်ဝင်တန်း အောင်မြင်ရမည်။ အမှတ်စဉ်(ခ)နှင့်(ဂ)အတွက် အခြေခံပညာမူလတန်းအောင်မြင်ရမည်။ သင်တန်းအားလုံးအတွက် ပညာသင်ထောက်ပံ့ကြေး တစ်ဦးလျှင် တစ်လ ၁၈၀၀၀ိ/-ချီးမြှင့်မည်ဖြစ်သည့်အပြင် သင်တန်းကာလအတွင်း အဆောင်အခမဲ့ နေထိုင်ခွင့်ပြုမည် ဖြစ်ပါသည်။

၄။ လျှောက်လွှာနှင့်အတူ အမှတ်စဉ်(က)အတွက် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်နှင့် အမှတ်စာရင်းမိတ္တူ(ရွေးချယ်ခြင်းခံရပါက မူရင်းတင်ပြရမည်။) အမှတ်စဉ်(ခ)၊ (ဂ)အတွက် ပညာအရည်အချင်းထောက်ခံချက်တင်ပြရမည်။ သင်တန်းအားလုံးအတွက် လျှောက်လွှာတွင် အမည်၊ အဖအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ မွေးသက္ကရာဇ်၊ ပညာအရည်အချင်း၊ အရပ်အမြင့်၊ နေရပ်လိပ်စာအပြည့်အစုံဖော်ပြ၍ သက်ဆိုင်ရာရဲစခန်းမှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာမိတ္တူပူးတွဲလျက် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ(သို့မဟုတ်) အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (ရုံးချုပ်) နေပြည်တော်သို့ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၃ ရက် နောက်ဆုံးထားပေးပို့ရမည်။

၅။ အသေးစိတ်သိရှိလိုပါက အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ် ၁၆၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၇၃နှင့် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၊ ဖုန်း-၀၂-၇၀၄၂၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇-င⁴၊ မြေကွက်အမှတ် ၃၂၉၊ မြေကွက်တည်နေရာအမှတ် ၂၂၊ သုခလမ်း၊ စမ်းချောင်းမြို့နယ် ဦးတင်အေးအမည်ပေါက် နှစ် ၆၀ဂရန် မြေအား အမည်ပေါက် ဦးတင်အေးနှင့်ဇနီးဒေါ်မြကြည်တို့ကွယ်လွန်သဖြင့် ဦးငွေစိုး ၁၂/စခန(နိုင်) ၀၀၉၀၄၈၊ ဦးခင်မောင်မြင့် ၁၂/စခန(နိုင်)၀၀၉၀၀၃၊ ဒေါ်ကြည်ကြည်ဝင်း ၁၂/စခန(နိုင်)၀၀၈၂၇၂၊ ဒေါ်သန်းသန်းညွန့် ၁၂/စခန(နိုင်) ၀၀၈၃၃၃ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စွန့်လွှတ်နှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/မြို့သစ်၊ မြေကွက်အမှတ် ၃၈၅၊ မြေကွက်တည်နေရာအမှတ် ၁၆၄၊ အောင်သီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးရေအေးအမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးရေအေး(ဖခင်)နှင့် ဒေါ်ကျင်စိန်(မိခင်)တို့ကွယ်လွန်သဖြင့် ဒေါ်စန်းရီ ၁၂/ဒပန(နိုင်)၀၁၇၈၉၄၊ ဒေါ်စန်းကြည် ၁၂/ဒပန(နိုင်)၀၀၂၅၂၆၊ ဒေါ်သန်းသန်းဝင်း ၁၂/ဒပန(နိုင်)၁၈၁၀၇၉၊ ဒေါ်သန်းစော ၁၂/ဒပန(နိုင်)၀၀၂၄၅၉၊ ဒေါ်ချိုချိုမာ ၁၂/ဒပန(နိုင်)၀၀၂၅၂၄တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မိဘအမည်မှန်

မြိတ်မြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်းမှ မစန္ဒာလင်း၏ မိဘအမည်မှန်မှာ ဦးရဲလင်းအောင်၊ ဒေါ်ဌေးချို ဖြစ်ပါကြောင်း။

ဦးရဲလင်းအောင်
၆/မအရ(နိုင်)၁၁၂၂၉၂
ဒေါ်ဌေးချို
၆/မအရ(နိုင်)၁၀၀၄၇၀

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁က/၉၈၄၅၊ တိုယိုတာ၊ ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းမိလော ၁၃/ဟပန(နိုင်)၀၂၀၉၃၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီးမြို့**

ခင်ပွန်းအဖြစ်မသက်ဆိုင်တော့ပါကြောင်း အသိပေးကြေညာခြင်း

ကျွန်မ မယဉ်မိုးဦး ၂/လကန(နိုင်)၀၆၁၁၆၅နှင့် ဦးလှမြင့်(ခ) ဦးစွစ်စောအောင် ၇/နတလ(နိုင်)၀၉၆၆၆၆တို့သည် ၂၇-၈-၂၀၁၂ရက်တွင် စဥ့်ဟယ်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် လက်ထပ်ထိမ်းမြားခဲ့သော်လည်း ယခုအခါတွင် ဦးစွစ်စောအောင်မှ လင့်ဝတ္တရားမကျေပွန်ခြင်း၊ စိတ်သဘောထားချင်းမတိုက်ဆိုင်တော့သဖြင့် ကျွန်မမှ ဆက်လက်ပေါင်းသင်းလိုသည့်ဆန္ဒမရှိတော့သည့်အတွက် ယနေ့မှစ၍ ခင်ပွန်းအဖြစ် မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်မယူပါ။

မယဉ်မိုးဦး ၂/လကန(နိုင်)၀၆၁၁၆၅

သတင်းနှင့် ဆောင်းပါး

မွန်ပြည်နယ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုဖွင့်

နေပြည်တော်   ဩဂုတ်   ၁၁

မွန်ပြည်နယ် ၂၀၁၃ခုနှစ်အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၆ ရက် နံနက် ၉ နာရီက မော်လမြိုင်မြို့ အထွေထွေရောဂါကု ဆေးရုံကြီး၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က အမှာစကားပြောကြားပြီး စာစီစာကုံးပြိုင်ပွဲ၊ မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲနှင့် သရုပ်ပြအချက်အပြုတ်ပြိုင်ပွဲများတွင် ဆုရသူများအားတာဝန်ရှိသူများနှင့် အတူ ဆုများပေးအပ်ချီးမြှင့်ကာ ကလေးများအား ဗီတာမင်အေဆေးလုံးများ တိုက်ကျွေး၍ ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားနှင့် ဗီတာမင် ဘီဝမ်းဆေးပြားများဝေငှသည်။ ထို့နောက် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘီးလင်း၌ မိုးစပါးရေကြီးနစ်မြုပ်မှု ကွင်းဆင်းဆောင်ရွက်

ဘီးလင်း   ဩဂုတ်   ၁၁

နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန (မြေအသုံးချရေး)မှ ညွှန်ကြားရေးမှူးဒေါက်တာကြည်မြင့် ဦးဆောင်၍ မွန်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန သထုံခရိုင်နှင့် ဘီးလင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၂ရက် ညနေ၄နာရီက ဘီးလင်းမြို့နယ်အနိုင်းပွန်ကျေးရွာအုပ်စုတွင် တောင်သူ၄၀တို့နှင့်တွေ့ဆုံကာ ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံအထွက်နှုန်း မထိခိုက်စေရေး၊ ပိုးမွှားကာကွယ်ရေး၊ အပင်နိုးထလာစေရေးအတွက် မြေသြဇာပြန်လည် ပက်ဖျန်းရေး စသည်တို့ကို ပညာပေးဆွေးနွေးခဲ့ပြီး သက်ငယ်စပါးမျိုးလိုအပ်ချက်များကို တောင်သူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်   ပြန်/ဆက်)

သတိပေးနှိုးဆော်ချက်

ယခုအခါ မိုးရာသီကာလ ရောက်ရှိနေပြီဖြစ်ပါ၍ ပင်လယ်ကမ်းရိုးတန်းများနှင့် မြစ်ချောင်းကမ်းဘေးများတွင် နေထိုင်သောပြည်သူများသည်ရုတ်တရက်ရေကြီးရေလျှံမှုကြောင့် ဘေးအန္တရာယ်များကြုံတွေ့နိုင်သည့်အပြင်ပင်လယ်၊ မြစ်ချောင်းများတွင် သွားလာနေသော ရေယာဉ်များသည်လည်း ရာသီဥတုကြောင့်လည်းကောင်း၊ မတော်တဆမှုကြောင့် လည်းကောင်း၊ တိမ်းမှောက်မှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ရေဘေးအန္တရာယ်ကြောင့် မိဘပြည်သူများ အသက်ဆုံးရှုံးမှု မရှိစေရန် အိမ်တိုင်း၊ ရေယာဉ်တိုင်းတွင် အသက်ကယ်ဝတ်စုံ (Life Jackets) များ ဆောင်ထားကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မီးသတ်ဦးစီးဌာန**

အရိုးရောဂါပညာအဖွဲ့ မွမ်းမံသင်တန်း ပို့ချမည်

ရန်ကုန်   ဩဂုတ်   ၁၁

မြန်မာနိုင်ငံဆရာဝန်အသင်း အရိုးရောဂါပညာအဖွဲ့ကကြီးမှူး၍ Updates on Hand Surgery မွမ်းမံသင်တန်းကို ၂၀၁၃ ခုနှစ် ဩဂုတ် ၂၄ ရက် (စနေနေ့) နံနက် ၉ နာရီတွင် မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်ရာ အရိုးအထူးကုဆရာဝန်များနှင့် အထွေထွေရောဂါကုဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၂၇)ကြိမ်မြောက် အရှေ့တောင် အာရှအားကစား ပြိုင်ပွဲအကြို အားကစားပြိုင်ပွဲများ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် အားကစား ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦး သောင်း ထိုက် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို အားကစားပြိုင်ပွဲများ ကျင်းပမည်

နေပြည်တော်   ဩဂုတ်   ၁၁

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်သည် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတည်ဆောက်ပြီးစီးမှုကို ဩဂုတ် ၈ ရက်နံနက် ၁၀နာရီက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို ဗိုဗီနမ်၊ AFF U-16 Championship 2013 ဘောလုံးပြိုင်ပွဲနှင့် ကရာတေးဒိုပြိုင်ပွဲများ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် ဦးဇော်ဝင်းတို့က အမှာစကားပြောကြားကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများက (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို ပြိုင်ပွဲများ ကျင်းပနိုင်ရေး ပြင်ဆင်ထားမှုနှင့် ပြိုင်ပွဲအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ကျင်းပ

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို ဗိုဗီနမ်ပြိုင်ပွဲကို ဩဂုတ် ၂၀ရက်မှ ၂၄ရက်အထိ၊ AFF U-16 Championship 2013 ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၂၀ ရက်မှ စက်တင်ဘာ ၂ ရက်အထိနှင့် ကရာတေးဒိုပြိုင်ပွဲကို ဩဂုတ် ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(ပင်လုံ)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ်(ပင်လုံ)မှ အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူ လိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	သစ်သားဗီရို(ကျွန်း)(၆ပေ×၃ပေ×၁ပေ၆လက်မ)	၅ လုံး
(ခ)	Aluminium Ladder(14 Feet,2 Way Combination)	၁ ခု
(ဂ)	ပလတ်စတစ်ထိုင်ခုံ(လက်တန်းမပါ)	၄၀ လုံး

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ
စတင်ရောင်းချမည့်ရက် -၁-၈-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် -၁၉-၈-၂၀၁၃ရက် မွန်းလွဲ ၂နာရီ

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
နည်းပညာတက္ကသိုလ်(ပင်လုံ)၊ လှိုင်လင်မြို့
ဖုန်း-၀၈၁-၃၀၄၅၂၊ ၀၈၁-၃၀၅၉၁

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်လုံ)
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန အစိုးရနည်းပညာအထက်တန်းကျောင်း (ပင်လုံ)မှ အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	သစ်သားဗီရို(ကျွန်း)၊ ၆ပေ×၃ပေ×၁ပေ၆လက်မ	၈ လုံး
(ခ)	ပလတ်စတစ်ထိုင်ခုံ(လက်တန်းမပါ)	၁၈ လုံး
(ဂ)	ပလတ်စတစ်ထိုင်ခုံ(လက်တန်းပါ)	၂၀ လုံး
(ဃ)	စကားပြောစင်မြင့်	၁ ခု
(င)	ဖိုင်တင်စင်(၆ပေ×၄ပေ×၁ပေ၆လက်မ)	၈ ခု
(စ)	Computer Table	၁၃ လုံး

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** ၁၂-၈-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် ၂၆-၈-၂၀၁၃ရက်၊ မွန်းလွဲ ၂ နာရီ

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်လုံ)၊ လှိုင်လင်မြို့၊
ဖုန်း-၀၉-၈၃၆၂၆၁၈

ဖခင်အမည်မှန်နှင့် အမည်ပြောင်းလဲခြင်း

TTC Grade V (F)မှ မောင်ကောင်းဆက်သွေးအား မောင်ကောင်းခန့်ဟိန်းဟု ခေါ်ဆိုပါရန်နှင့် ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဝင်း ၁၄/ဟသတ(နိုင်)၂၀၀၃၆၂ ဖြစ်ပါသည်။

ပျောက်ဆုံးခြင်း

ဦးကျင်စော၏သမီး မကြူကြူလွင် ၁၄/ဒဒရ(နိုင်)၀၈၆၂၂၉သည် နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၃၆၂၁၁၂

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ခ/၂၅၉၄ မစ်ဆူဘီရှီကန်တာ FE 335 E Light Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ အိုလံပစ်ကုမ္ပဏီလီမိတက်မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ရန်ကုန်မြို့

[illegible]

[illegible]

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ဃ/၇၅၃၇၉ Shayan 110 ယာဉ်လက်ဝယ်ရှိသူ ဦးတိုးဝေဝင်း ၈/မဘန(နိုင်)၁၅၃၁၆၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး၊ မိတ္ထီလာမြို့

အလုပ်အကိုင်အခွင့်အလမ်းကြော်ငြာ

ELITE TECH IT SERVICES CO., LTD.

No. (A 9/ A 10), Shwe Kabar Housing, Mindama Road, (2) Quarter, Mayangone Township, Yangon, Myanmar. Ph: 01-656945~46, 01-656988~93

ဝန်ထမ်းအလိုရှိသည် (မြန်မာနိုင်ငံသား/သားများ)

We are now seeking the candidates to fill the following positions.

1. Dy General Manager (Sales & Marketing) — Male — (2) Posts
   - Age Between 30 and 40 years
   - Any graduate with Sales & Marketing Diploma. (MBA is more preferable)
   - At least (5) years experience in relevant field and sound knowledge of retail chain management.
2. General Manager (Human Resources) — Male/Female — (1) Post
   - Age Between 35 and 45 years
   - Any graduate with Human Resources Diploma. (MBA is more preferable)
   - At least (8) years experience in Human Resources Management field.
3. Chief Auditor — Male/ Female — (1) Post
   - Age Between 35 and 45 years / B.Com(C.P.A)
   - At least (8) years experience in relevant audit experience.
   - Able to travel and can work overtime if necessary.
4. Distribution Manager (Sales & Marketing) — Male — (2) Posts
   - Age Between 30 and 40 years
   - Any graduate with Sales & Marketing Diploma. (MBA is more preferable)
   - At least (5) years experience in distribution field
   - Achieve and exceed the budget net sales & profit targets.
   - Able to travel and can work overtime if necessary.
5. Store / Warehouse Manager — Male/ Female — (2) Post
   - Age Between 30 and 40 years
   - Any graduate with ACCA (B.Com is more preferable)
   - At least (5) years experience in warehouse management.
   - Must know and use computerized accounting software(such as UBS / MYOB Accounting Software,etc.)
   - Ability to work under pressure. / If necessary can work overtime.
6. Manager (After Sales Services Department) — Male — (2) Posts
   - Age Between 28 and 35 year
   - At least (5) years experience in Mobile Service Management field.
   - Any graduate with Hardware & Software Diploma or Certificate.
   - Advance knowledge of Mobile Phone & Telecom Knowledge skills are required.
7. Marketing Manager — Male/ Female — (2) Posts
   - Age Between 28 and 35 years
   - Any graduate with Marketing Diploma (or) Certificate are more preferable
   - At least (3) years experience in Marketing Field
   - Background knowledge of Mobile Phone and Telecom
   - Able to travel and can work overtime if necessary.
8. Sales Manager — Male/ Female — (10) Posts
   - Age Between 28 and 35 years
   - Any graduate with Sales & Marketing Diploma or Certificate
   - At least (3) years experience in related field and sound knowledge of retail chain management
   - Able to travel and work outside of Yangon area
9. HR Officer — Female — (5) Posts
   - Age Between 23 and 30 years
   - Any graduate with Human Resources Diploma or Certificate
   - At least (1) years experience in Human Resources Management field.
   - Able to work under pressure.
   - Able to travel and work outside of Yangon area.
10. Sales Supervisor — Male/ Female — (15) Posts
    - Age Between 23 and 30 years.
    - Any graduate with Sales & Marketing Diploma or Certificate
    - At least (2) years experience in related field
    - Background knowledge of Mobile and Telecom
    - Able to travel and work outside of Yangon area
11. Sales Staff — Male/ Female — (50) Posts
    - Age between 20 and 28 years and any graduate
    - At least (1) years experience in related field.
    - Basic knowledge of Mobile Phone & Telecom Knowledge.
    - Able to travel and work outside of Yangon area.
12. Cashier — Female — (15) Posts
    - Age between 20 and 28 years
    - At least (1) years experience in related field.
    - Any graduate with LCCI Level (II) or majoring in Maths is preferable

Interested candidates are invited to submit an Elite Tech IT Services application form (available on our website), curriculum vitae with recent passport sized colour photo, copy of N.R.C, Recommendation letters, criminal clearance, copy of labor registration card, all accessories and supportive documents to ;

Human Resources Department. Or through hr@elitetechitservices.com .
Last date for submission of application : 31st Aug 2013
For more information on Elite Tech Head Office ,please visit our website: www.elitetech-group.com and www.facebook.com/EliteTechGroupOfCompanies .

ဝန်ထမ်းအလိုရှိသည်

ယာဉ်မောင်းလိုင်စင်နီ(၂)ဦး အလိုရှိသည်

ပြည်တော်မိုးကုမ္ပဏီ၊ အမှတ်(၈)၊ အေးသာယာလမ်း၊ ဘောက်ထော် တာမွေမြို့နယ်၊ ဖုန်း-၅၄၈၂၉၇၊ ၀၉-၇၃၁၅၀၁၁၄၊ ၀၉-၅၀၁၄၃၃၉

ဂရန်ပျောက်ဆုံးကြောင်းကြော်ငြာစာ

မြောင်းမြမြို့၊ ဘုရားချောင်းကျေးရွာအုပ်စု၊မြရတနာရပ်ကွက်၊မြေစာရင်းရပ်ကွက်အမှတ် ၂၇၅-ခ၊ဘုရားချောင်းအရှေ့၊ ဦးပိုင်အမှတ်၊ အထူးကွက်(က)၊ ဧရိယာ ၀ ဒသမ ၉၀၀ဧကရှိမြေအား၂၀-၉-၂၀၀၂မှ၁၉-၉-၂၀၃၂အထိ လည်းကောင်း၊ မြေစာရင်းရပ်ကွက်ကွင်းအမှတ်၂၇၅-ခ၊ ဘုရားချောင်းအရှေ့၊ ဦးပိုင်အမှတ်၊ အထူးကွက်(ခ)၊ ဧရိယာ ၀ဒသမ ၁၁၀ဧကရှိမြေအား ၂၀-၉-၂၀၀၂မှ၁၉-၉-၂၀၃၂အထိလည်းကောင်း၊ နှစ်၃၀ဂရန်အသီးသီး ရရှိထားပါသည်။ အဆိုပါ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း အမည်ပေါက်နှစ်၃၀ဂရန် စာချုပ်များမှာ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ GREEN LUCK TRADING COMPANY LIMITED ကုမ္ပဏီသို့ လွှဲပြောင်းပေးစဉ်ကပင် ဂရန်စာချုပ်လက်ဝယ်ရရှိထားခြင်းမရှိပါသဖြင့်အဆိုပါမြေအားဗိုလ်မှူးမြင့်မောင် (ငြိမ်း) (ဒါရိုက်တာ)၊ အေးရှားဝေါလ် GREEN LUCK TRADING COMPANY LIMITED ကုမ္ပဏီမှ ဂရန်သက်တမ်းတွင်းအမည်ပြောင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါကကြော်ငြာသည့်ရက်မှ၁၄ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းကြေညာအပ်ပါသည်။

ခရိုင်အုပ်ချုပ်ရေးမှူး
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
မြောင်းမြခရိုင်

ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါ ထပ်မံပေးသွင်းရန် ဖိတ်ခေါ်ခြင်း
သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက်

သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက်၏ ကုမ္ပဏီခွဲတစ်ခုဖြစ်သော သစ်တောဖက်စပ်စီးပွားရေးဗဟိုဌာန ကုမ္ပဏီလီမိတက်က ဆောက်လုပ်ထားသော အောက်ဖော်ပြပါ စီးပွားရေးအဆောက်အအုံတစ်ခုလုံး(Commercial Centre)ကို နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လိုအပ်သောနိုင်ငံတကာ စံချိန်စံညွှန်းညီသည့် ခေတ်မီတိုးတက်မှုလုပ်ငန်းများကို ပေါ်လွင်စေရေးကို ရည်ရွယ်၍လည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍လည်းကောင်း ပြည်တွင်းပုဂ္ဂလိက လုပ်ငန်းရှင်များအား နှစ်စဉ်စီမံခန့်ခွဲမှုသဘောတူညီချက်(Annual Management Service Agreement) စာချုပ်ဖြင့်(၁၅)နှစ် ငှားရမ်းလုပ်ကိုင်ရန်အတွက် ဒုတိယအကြိမ် ထပ်မံ၍ အိတ်ဖွင့်တင်ဒါ ဈေးနှုန်းပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၁။ ငှားရမ်းမည့်အဆောက်အအုံနှင့် တည်နေရာလိပ်စာ။
သစ်တောဖက်စပ်စီးပွားရေးဗဟိုဌာန(Forest Joint Venture Commercial Centre)
အမှတ် ၄၂၂၊ ၄၂၆၊ ဗိုလ်တထောင်ဘုရားလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များအား ၉-၈-၂၀၁၃ရက်မှ ၃၀-၈-၂၀၁၃ရက်အထိ အထက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း တန်ဖိုးငွေကျပ် ၁၀၀၀၀၀/- (ကျပ်တစ်သိန်းတိတိ)ဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်နှင့် တင်ဒါစည်းကမ်းချက်များကို အပိုဒ်(၁)ပါ လိပ်စာနှင့် ဖုန်း-၀၁-၂၀၁၈၃၉တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်

EVER TOP

UNIQUE MARINE TRAINING CENTER

အမည်ပြောင်း

ဦးကျော်သိန်း၏သမီး စစ်တွေမြို့၊ အထက (၄)၊ တက္ကသိုလ်ဝင်တန်း(D)မှ မမျိုးမြတ်သန္တာလင်းအား မဇင်မာနွယ်ဟု ပြောင်းလဲခေါ်ပါရန်။

မဇင်မာနွယ်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ခ/၈၉၇၆ နစ်ဆန်းဒီဇယ် CV 45 AY ထရပ်(၈×၄)(R) T/S ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင်စိုး ၈/မကန(နိုင်) ၀၀၂၀၇၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

ရန်ကုန်-နေပြည်တော် အမြန်လမ်းမပေါ်
Tel : 09 43157571, 09 421100996

Myanmar Professional Development Center (MPDC) နှင့် Assumption University of Thailand (ABAC) တို့ ပူးပေါင်း၍ MBA-Batch(8) အတွက် ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ Myanmar Professional Development Center နှင့် ABAC တို့ ပူးပေါင်း၍ MBA သင်တန်းများကို ရန်ကုန်မြို့တွင် ၂၀၁၀ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ရာ 2013 ခုနှစ် October Intake အတွက် တန်းခွဲ ၈၊ Batch 8 ကို ထပ်မံဖွင့်လှစ်သင်ကြားတော့မည်ဖြစ်ပါသည်။

၂။ ၎င်း MBA သင်တန်းကို တက်ရောက်ရန်အတွက် မည်သည့်တက္ကသိုလ်မှမဆို ဘွဲ့ရရှိထားပြီးသူများ လျှောက်ထားနိုင်ပါသည်။

၃။ သင်တန်းတက်ရောက်ခွင့်ရရှိရန်အတွက် ABAC ၏ English Placement Test ကို ဖြေဆိုရမည်ဖြစ်ပြီး IELTS (သို့မဟုတ်) TOFEL ဖြေဆိုထားပြီးသူများအတွက်မှာမူ ABAC ၏ English Placement Test ဖြေဆိုမှုကို ကင်းလွတ်ခွင့်ရမည် ဖြစ်ပါသည်။

၄။ သင်တန်းကြေးများကို အရစ်ကျစနစ်ဖြင့် ပေးသွင်းနိုင်မည်ဖြစ်ပြီး နိုင်ငံတကာအသိအမှတ်ပြု ABAC မှ ချီးမြှင့်သော စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ မဟာဘွဲ့ကို ပြည်တွင်း၌ အချိန်ကုန်၊ ငွေကုန်သက်သာစွာဖြင့် သင်ယူနိုင်မည့် အခွင့်အရေးကောင်းတစ်ခု ဖြစ်ပါသည်။

၅။ လူဦးရေကန့်သတ်ထားပါသဖြင့် စိတ်ပါဝင်စားသူများသည် အောက်ပါလိပ်စာ၊ ဖုန်းနံပါတ်များသို့ ဆက်သွယ်ကာ သင်တန်းလျှောက်လွှာများရယူ၍ ၂၀၁၃ စက်တင်ဘာ ၁၈ရက် နောက်ဆုံးထားပြီး လျှောက်ထားနိုင်ပါသည်။

Main Campus: အဆောင်(၄)၊ အခန်း(၁)၊ မြန်မာအင်ဖိုတက်ခ်၊ တက္ကသိုလ်များလှိုင်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၀၇၀၄၃၊ ၅၀၇၀၄၇၊ ၀၉-၅၀၂၈၄၈၉၊ ၀၉-၄၂၀၁၁၄၅၀၁၊ ၀၉-၄၃၁၉၂၃၆၀

YGN Campus 2 :တိုက် (B)၊ ၁၂လွှာ၊ အခန်း (၀၀၁)၊ ဒိုင်းမွန်းကွန်ဒို၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၁၂၂၀၇၁၉၊၀၉-၅၀၂၈၄၈၉

Email : paingthu@newklink.com, Khinmoephyu@a25ngv.com
sandra@newklink.com

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။	အုပ်ချုပ်ရေးမှူး(သို့မဟုတ်)လုပ်ငန်းကြီးကြပ်ရေးမှူး(ရန်ကုန်၊ မန္တလေး) လစာ-၁၀၀၀၀၀-၁၅၀၀၀၀	(ကျား/မ)	၄ ဦး
၂။	သွင်းကုန်ထုတ်ကုန်(MICB/MFTB)ဘဏ်လုပ်ငန်းကျွမ်းကျင်သူ (လစာ-၁၀၀၀၀၀-၁၂၀၀၀၀)	(မ)	၂ ဦး
၃။	(အရောင်း/စာရင်းကိုင်/စာရင်းစစ်)ဝန်ထမ်း (လစာ-၈၀၀၀၀-၁၀၀၀၀၀)	(ကျား/မ)	၁၀ ဦး
၄။	ယာဉ်မောင်း (လစာ-၁၅၀၀၀၀-၂၀၀၀၀၀)	(ကျား)	၅ ဦး
၅။	တာယာ၊ ဘက်ထရီ ဖြုတ်/တပ် ကျွမ်းကျင်သူ(လစာ-၈၀၀၀၀-၁၀၀၀၀၀)	(ကျား)	၁၀ ဦး
၆။	ညစောင့်(လစာ-၆၀၀၀၀-၈၀၀၀၀)	(ကျား)	၅ ဦး

- အမှတ်စဉ်(၂)အတွက် လျှောက်ထားသူများသည် ဘွဲ့ရပြီးသူဖြစ်ရမည်။ computer ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
  အသက်(၂၀)မှ (၂၅)နှစ်အတွင်း ဖြစ်ရမည်။ ဘဏ်လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၁)နှစ်ရှိရမည်
- ယာဉ်မောင်းလျှောက်ထားသူများသည် အနည်းဆုံးယာဉ်မောင်းသက်တမ်း(၂)နှစ်ရှိရမည်။
- အမှတ်စဉ်(၁၊ ၄)အတွက် အသက်(၃၀)မှ (၄၀)အတွင်း ဖြစ်ရမည်။
- အမှတ်စဉ်(၃၊ ၅)အတွက် အသက်(၂၀)မှ (၃၀)အတွင်း ဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

အမှတ်စဉ်အားလုံးအတွက် လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ လျှောက်ထားသူများသည် လုပ်ငန်းအတွေ့အကြုံပေါ်မူတည်၍ မျှော်မှန်းလစာကို ဖော်ပြနိုင်သည်။ အလုပ်သမားမှတ်ပုံတင်မူရင်း၊ အမျိုးသားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံနှစ်ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်များနှင့်အတူ လျှောက်ထားနိုင်သည်။

ဆက်သွယ်ရန် ॥ ॥ ဝင်းဘက်ထရီနှင့်တာယာရောင်းဝယ်ရေး
အမှတ်(၂၃၅)၊ အလယ်ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
(တော်ဝင်နှင်းဆီခြံအနီး)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဉပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
ပေါက်တောမြို့နယ်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၉

ဦးမောင်စိတ်(ခ)ဦးလှထွန်းစိန် **နှင့်** ဦးဦးလှစော (ဘ)ဦးကျော်ဇံလှ
မင်းဇာနည်ပုစွန်ဒိုင်ပိုင်ရှင် ကန်ချောင်းရွာ၊ ပေါက်တောမြို့နယ်။
ရပ်ကွက်(၃)၊ ပေါက်တောမြို့နယ်။
တရားလို **တရားပြိုင်**

ပေါက်တောမြို့နယ်၊ ကန်ချောင်းကျေးရွာ(ယခုနေရပ်လိပ်စာမသိ)နေ ဦးဦးလှစော (ဘ)ဦးကျော်ဇံလှ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေ ၃၅၀၀၀၀၀/- (ကျပ်သုံးဆယ့်ငါးသိန်းတိတိ) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဩဂုတ် ၂၃ရက် (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဩဂုတ် ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သက်ထွန်း)
မြို့နယ်တရားသူကြီး
ပေါက်တောမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၂၂၄၆အား ဦးမိုးဝင်းအမည်ဖြင့်လည်းကောင်း၊ မြေကွက်အမှတ် ၁၉၈၈ အား ဒေါ်ကြွေအမည်ဖြင့်လည်းကောင်း၊ မြေကွက်အမှတ် ၂၀၅၅အား ဒေါ်မာမာမြင့် အမည်တို့ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ချထားပေးသော မြေကွက်များဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူများမှ ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဦးဘိုဘိုဟန် ၉/ပမန(နိုင်)၁၈၈၂၃၂**

အောင်ဇမ္ဗူရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ ဖုန်း-၀၉-၈၃၀၁၈၂၇

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ဗိုလ်ထွန်းဇံ၊ မြေကွက်အမှတ် က/၇၇၊ မြေကွက်တည်နေရာအမှတ် ၂၂၊ ဗိုလ်ဆွန်ပက်လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးခင်ရွှေ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးခင်ရွှေ(ဖခင်)နှင့် ဒေါ်သိန်းကြည်(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးတင်ညွန့် ၁၂/ဒပန(နိုင်)၀၂၆၈၁၃၊ ဒေါ်လှဲ့လှဲ့ဝင်း ၁၂/ဒပန(နိုင်)၀၂၈၁၉၆၊ ဦးမြင့်ဇော် ၁၂/ဒပန(နိုင်)၀၃၇၄၉၂တို့က ကျမ်းကျိန်လွှာနှင့် သေစာရင်းများ၊ ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမည်ပြောင်း

အမှတ် ၇၇၊ B (ခုနစ်လွှာ)၊ ဗားဂရာလမ်း၊ အိုးဘိုရပ်ကွက်နေ ဦးသိန်းထိုက်၊ ဒေါ်ခင်မာထွေးတို့၏သား မောင်ဖုန်းမြင့်ထွန်းအား မောင်ဘုန်းမြင့်ထွန်း ၁၂/ကမတ(နိုင်)၀၈၃၂၇၃၁ဟု ပြောင်းလဲခေါ်ပါ။

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၉၊ မြေကွက်အမှတ် ၅စီ/၁စီ+၅စီ/၁ဘီ၊ မြေကွက်တည်နေရာအမှတ် ၃၅၊ အင်းစိန်လမ်း၊ ကမာရွတ်မြို့နယ် ဦးစိန်ဝှက် အမည်ပေါက် မြေပိုင်မြေမြေအား အမည်ပေါက် ဦးစိန်ဝှက် ၁၂/စခန(နိုင်)၀၅၄၄၇၃ ကွယ်လွန်သဖြင့် ဂေါ်ဖြတ်ဟာ(ခ)ဒေါ်နရင် ၁၂/စခန(နိုင်)၀၅၄၄၇၄ က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် အမည်ပေါက်ကိုယ်တိုင်မှ ကမရ/ပုံ/၂၃၄/၉၈(၁၃-၈-၉၈)ဖြင့် ထုတ်ယူခဲ့သော ဘဏ်ချေးမြေပုံမူရင်းမှာ ပျောက်ဆုံးသွားကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၃၊ မြေကွက်အမှတ် ၅၅၃/ခ၊ မြေကွက်တည်နေရာအမှတ် ၅၅၃/ခ၊ ၁၃၃ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဦးဆန်နီ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးဆန်နီထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်စန်းစန်းထွေး ၁၂/မဂတ(နိုင်)၀၀၈၉၅၀ က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ် ဂရန်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၃၊ မြေကွက်အမှတ် ၅၅၃၊ မြေကွက်တည်နေရာအမှတ် ၅၅၃၊ (၁၅၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးခင်အောင် ISN-၅၃၆၇၅၂ အမည်ပေါက် မြေချပါမစ်မြေအား အမည်ပေါက် ဦးခင်အောင်က မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်များတင်ပြပြီး ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၀၊ မြေကွက်အမှတ် ၆၄၆၊ မြေကွက်တည်နေရာအမှတ် ၆၄၆၊ ၁၅၀ ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒေါ်ခင်စန်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ခင်စန်း ၁၂/ပဇတ(နိုင်)၀၀၇၄၅၀ ကိုယ်တိုင်က မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ ဗိုလ်အောင်ကျော်အိမ်ရာ၊ လူနေဆိုင်ခန်းအမှတ်(၁)၊ အခန်းအမှတ်(၁)ကို ဒေါ်နော်နိုက်တင်ဂေး ၂/ဒမသ(နိုင်)၀၃၅၇၇၁ က ငွေအကျေပေးသွင်းပြီးဖြစ်ပါ၍ ဒေါ်နန့်ကျင်နွယ် ၁၂/အစန(နိုင်)၀၄၄၁၉၅ က တရားဝင်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပြီးဖြစ်ပါ၍ ပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်ပြုလုပ်ရန်အတွက် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အမည်မှန်

ဦးမျိုးမြင့်၏သမီး ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အထက(၅) တက္ကသိုလ်ဝင်တန်း(က)မှ မအိန္ဒြေမျိုးမြင့်၏ အမည်မှန်မှာ မဣန္ဒြေမျိုးမြင့် ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၀၇၊ မြေကွက်အမှတ် ၁၂၅(က)၊ အမည်ပေါက် ဦးမောင်ခင် ၁၂/သကတ(နိုင်)၀၆၀၈၇၁ ထံမှ ဝယ်ယူထားသူ ဦးလှဝင်း ၃/ဘအန(ပြု)၀၀၃၂၅၉ က ရုံးခွဲစာရင်းသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ရုံးခွဲမှတ်ပုံတင်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ဘောဂဝတီရပ်ကွက်၊ အကွက်အမှတ်၊ အမည် ၁၃/ပေါက်တောအကွက်၊ဦးပိုင်အမှတ် ၁၀၀-ခမှ ဧရိယာ ၀.၀၀၅ဧက၊ ဦးပိုင်အမှတ် ၁၁၁-ခ မှ ဧရိယာ ၀.၀၂၅ ဧကနှင့် ဦးပိုင်အမှတ် ၁၁၂-ခမှ ဧရိယာ ၀.၀၀၄ ဧက စုစုပေါင်း ဧရိယာ ၀.၀၃၄ ဧကရှိ မြေကွက်အား အမွေဆက်ခံပိုင်ဆိုင်သူ ဦးမြင့်ကြည်ပါ (၅)ဦးထံမှ အပြီးအပိုင် ဝယ်ယူခဲ့သူ ဦးခင်မောင်သန်း ၉/ကဆန(နိုင်)၀၅၆၇၆၁ က မြေငှားဂရန်အသစ်လျှောက်ထားလာရာ အကျိုးသက်ဆိုင်သူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရက်ကျော်လွန်ပါက မြေငှားဂရန်အသစ် ဆောင်ရွက်ခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးခင်မောင်သန်း
၉/ကဆန(နိုင်)၀၅၆၇၆၁

လူမှုရေးကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း
ဆကာကြီးအသင်း(ရန်ကုန်)နာယကကြီး ဦးအုန်း(ကန်တော့ခံ)
အသက်(၉၀)

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ၆၁၈ မကွေးလမ်း (၉)ရပ်ကွက်နေ (ဒေါ်သင်းကြည်)၏ ခင်ပွန်း ဦးအောင်မိုး-ဒေါ်ကေသွယ်ဝင်း(မိုးကျူရှင်)၏အဘိုး ဦးအုန်း(ဆကာကြီး)သည် ၇-၈-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါကြောင်း။

အမှုဆောင်ကော်မတီ-ဆကာကြီးအသင်း(ရန်ကုန်)

သံဝေဂဉာဏ်ပွားများကြောင်း
ဦးခေါဘွန်တန်(ခ)ဦးမောင်သန်း
အသက်(၈၂)နှစ်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး ဦးခေါဘွန်တန်(ခ)ဦးမောင်သန်းသည် ၆-၈-၂၀၁၃ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် သံဝေဂဉာဏ်ပွားများကြရပါသည်။ **ဦးခေါဘွန်တန်(ခ)ဦးမောင်သန်း ကောင်းရာသုဂတိလားရောက်နိုင်ပါစေ။**

ထေရဝါဒ ဗုဒ္ဓသာသနာ ပြန့်ပွားရေးအဖွဲ့
ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ
ရန်ကုန်

လွမ်းဆွတ်သတိရခြင်း
ဗိုလ်မှူးကျော်ညွန့်(ငြိမ်း) O.T.S (၄၀)
(၄) နှစ်ပြည့်
ဗိုလ်ကြီးအောင်ကျော်ဦး တေဇ(၂၁)-၁၃နှစ်ဖလပြည့်

ဘဝတစ်ကွေ့မှာ ခဏတွေ့ရပြီး အစောဆုံးထွက်ခွာသွားကြသော ခင်ပွန်းနှင့်သားကြီးအတွက် ရည်စူး၍ကောင်းမှုကုသိုလ်များပြုလုပ်ပေးလျက်ရှိပါတယ်။ မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ယူနိုင်ပါစေ။

ဇနီး	ဒေါ်ဟန်နွယ်မြင့်
သမီး	ဗိုလ်မှူးတင်အောင်ထွန်း(ငြိမ်း)
	ဒေါ်ပပကျော်(မန်နေဂျာ)
	မြန်မာ့စီးပွားရေးဘဏ်
သားငယ်	မောင်သူရကျော်-မဇင်ဝါဝါတင်
	(ခေတ္တစင်ကာပူ)

ချစ်မြေးများ သားသားကြီး၊ မီးမီးလေး၊ သားသားလေး

(၁)လပြည့် အလွမ်း
ဗိုလ်ကြီးသုရဲမာန်(ခ)ကိုသီဟဗလ
လေ-၃၂၉၆
D.S.T.A,BE,EP
(၁၂-၇-၂၀၁၃ မှ ၁၂-၈-၂၀၁၃)

ချစ်သော အမေ့သားလေး

မိသားစုအားလုံးကို ခွဲခွာသွားတာ(၁)လပြည့်ခဲ့ပေမယ့် တစ်နေ့မှ မေ့မရခဲ့ပါ။ ဝမ်းနည်းကြေကွဲခြင်းများစွာဖြင့် သားလေးအတွက် ရည်မှန်းပြီး သံဃာတော်များအား ဆွမ်း၊ ဝါဆိုသင်္ကန်း၊ ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသော ကောင်းမှုကုသိုလ်၊ ယနေ့ရည်မှန်း၍ ထပ်မံဆက်ကပ်သော ဆွမ်း၊ ဝါဆိုသင်္ကန်း၊ ဝတ္ထုငွေစသည်ဖြင့် ပြုလုပ်သော ကောင်းမှုကုသိုလ်၊ ပြုလုပ်ဆဲကုသိုလ်များနှင့်တကွ ပြုပြုသမျှသော ကောင်းမှုကုသိုလ်များကို အေးချမ်းမြင့်မြတ်သော ဘုံဘဝမှကြားနိုင်၊ မြင်နိုင်၊ သိရှိနိုင်ပြီး သာဓုခေါ်ဆိုနိုင်ပါစေ--

အမျှ...အမျှ...အမျှ

ချစ်စွာသော-အဘိုး၊ အမေ၊ အဒေါ်များ
ညီအစ်ကိုမောင်နှမများနှင့် တူ/တူမများ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၄၀/၁၊ မြေကွက်တည်နေရာ ဗိုလ်စောနောင်လမ်းနှင့် သခင်စံရွှေလမ်းထောင့် (၁၁)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် မြေအား ဆရာတော်ဘဒ္ဒန္တပညာဝံသမှ ရပ်ကွက်နှင့်မြို့နယ်သံဃနာယကအဖွဲ့ ထောက်ခံချက်များတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝါးတရာစက်မှုဇုန်၊ မြေကွက်အမှတ် (၁-I)၊ ဧရိယာ ၁ဒသမ၁၃ဧကေ အမည်ပေါက် ဦးကိုးညို ၅/စကန(နိုင်)၀၄၆၉၉၅ ထံမှ ဦးထွန်းဝင်း ၁၃/တကန(နိုင်)၁၂၃၅၀၀က စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ပြီး ၎င်းအမည်ဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ အမည်ပြောင်းလဲ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (စီမံကိန်းဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ**

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၁၊ မြေကွက်အမှတ်(၁၀၊ ၁၁) အမည်ပေါက် ဦးမောင်မောင်ခင် စီအိုင်-၀၃၄၂၆၈ ၏ မြေကွက်သည် နိုင်ငံတော်စီမံကိန်းတွင် ပါဝင်သွား၍ အစားပြန်ချပေးသော ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၁/၂)မြေကွက်အမှတ် (၃၀၇+၃၀၈)အား ရရှိခဲ့ပါသည်။ ဗိုလ်မှူးကြီးမင်းလှအောင်(ငြိမ်း) ၈/ခမန(နိုင်)၀၀၆၄၉၄ သည် အစားပြန်ချပေးသော ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၁/၂)မြေကွက်အမှတ် (၃၀၇+၃၀၈)၏မြေကွက်အား မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၀)၊ မြေကွက်အမှတ် ၂၂၁ မြေအမည်ပေါက် ဦးအောင်ခိုင် ၁၂/သကတ (နိုင်)၁၉၄၉၇၈ထံမှ ဝယ်ယူထားသူ ဦးသန်းရွှေ ၁၂/ဗတထ(နိုင်)၀၂၄၃၉၉၏ လက်ဝယ်ရှိမြေချပါမစ်မူရင်းသည် ပျောက်ဆုံးသွားပါသဖြင့် မြေချပါမစ်(မိတ္တူမှန်) ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မူရင်းအား ပယ်ဖျက်ပြီး မြေချပါမစ်မိတ္တူမှန် ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့် အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကျေးဇူးတင်လွှာ

၅-၈-၂၀၁၃ ရက် ည ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသော သာကေတမြို့နယ်၊ မုံရွာမြတမာကျောင်းတိုက်၊ သမ္မုဒ္ဒေကျောင်းတိုက်နှင့် မွေးရပ်မြေအရာတော်မြို့နယ်၊ တောင်မှာကျေးရွာ(ခ)အောင်မြို့သာကျေးရွာရှိ သာသနာ့ရွှေတောင်အုဌ်ကျောင်းများ၏ သာသနာ့အကျိုးတော်ဆောင်နှင့် မြတမာဆရာတော်၏ နောင်တော် ဦးသောင်းထွန်း အသက်(၆၀)၏ ဈာပနသို့ လိုက်ပါပို့ဆောင်ပေးကြပါသော သံဃာတော်များ၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဆွမ်းဒါယကာ ဒါယိကာမများ၊ ကိုယ်ပိုင်ယာဉ်များဖြင့် ပါဝင်ကူညီပို့ပေးကြပါသော မဠ္ဌူဆရာတော်နှင့် ရပ်ကွက်အသီးသီးမှ ယာဉ်ကြိုပို့ အလှူရှင်များ အားလုံးအားလုံးကို အထူး အထူး လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်လျက်။

မြတမာဆရာတော်နှင့် ကျန်ရစ်သူမိသားစု

ဦးချစ်ခင် (ကျိုက်လတ်-သပြုဆိပ်)
အသက်(၈၂)နှစ်

ကျိုက်လတ်မြို့နယ်၊ သပြုဆိပ်ကျေးရွာနေ (ဦးဘသော်-ဒေါ်မယ်တွန့်)တို့၏သား၊ အမှတ် ၁၆၊ မေတ္တာလမ်းသွယ်(၁)၊ ၁၄/၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်တင်ဥ၏ခင်ပွန်း၊ ဦးမြင့်ဇော်-ဒေါ်အမာစိန်၊ ဦးခင်မောင်ချို-ဒေါ်လှလှဝင်း၊ ဦးသောင်းဦး-ဒေါ်အေးအေးမူတို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၀-၈-၂၀၁၃ ရက် (စနေနေ့)နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၁၃ ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာညွန့်ဖေ(ပါမောက္ခချုပ်၊ပုသိမ်တက္ကသိုလ်) - သုဓမ္မသီဂီ ဒေါ်နန်းချစ်ဆွေတို့၏ မိခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဇရပ် ဒါယိကာမကြီး ဒေါ်ထွားစိန် (ကံချိုင်ရွာ) ငပုတောမြို့နယ် အသက် (၉၀) သည် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

ဒေါက်တာကျော်လင်း (ကထိက/ရူပဗေဒဌာန) မုံရွာတက္ကသိုလ်
ဒေါက်တာ ကြူကြူစန်း (ကထိက)မိတ္ထီလာတက္ကသိုလ်
ဒေါက်တာ အေးအေးသန့်
(ကျောင်းအုပ်ကြီး/အထက)ပင်ဖြစ်/ရပ်စောက်မြို့နယ်

မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာညွန့်ဖေ(ပါမောက္ခချုပ်၊ ပုသိမ်တက္ကသိုလ်)-သုဓမ္မသီဂီ ဒေါ်နန်းချစ်ဆွေတို့၏ မိခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဇရပ်ဒါယိကာမကြီး ဒေါ်ထွားစိန် (ကံချိုင်ရွာ) ငပုတောမြို့နယ် အသက် (၉၀)သည် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

ဦးသိန်းဝင်း-ဒေါ်စန်းစန်းနု
အဝေရာမိသားစု၊ ပုသိမ်မြို့

ဝမ်းနည်းကြေကွဲခြင်း
ဦးခင်မောင်မြင့်
ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း
အသက် (၆၇)နှစ်

မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးဌာန၌ ဒုတိယအထွေထွေမန်နေဂျာဖြင့် အငြိမ်းစားယူသွားသည့် ဦးခင်မောင်မြင့်သည် ၈-၈-၂၀၁၃ရက် နံနက်တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

သစ်ထုတ်ရေးဌာန
အငြိမ်းစားအရာထမ်းများ

ဝမ်းနည်းကြေကွဲခြင်း
ဦးခင်မောင်မြင့်
ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း
အသက် (၆၇)နှစ်

မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးဌာန၌ ဒုတိယအထွေထွေမန်နေဂျာဖြင့် အငြိမ်းစားယူသွားသည့် ဦးခင်မောင်မြင့်သည် ၈-၈-၂၀၁၃ရက် နံနက်တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

အထွေထွေမန်နေဂျာ၊ (သစ်ထုတ်ရေး)နှင့်ဝန်ထမ်းမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်မာဌေး

ဦးမျိုးအောင်-ဒေါ်တင်မာရီတို့၏ညီမ၊ ဒေါ်တင်မာဌေးသည် ၈-၈-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်ထူဝမ်းနည်းကြေကွဲရပါသည်။

(၁) ဦးအောင်ဇော်မြင့်-ဒေါ်တီတီ လေး၊ (၂)ဦးမင်းဒင်-ဒေါ်ဖြူဖြူဟန်၊ (၃)ဦးအေးဝင်း-ဒေါ်နွယ် နီတင်၊ (၄) ဦးစိုင်းနော်ခမ်း-ဒေါ်နန်းအွမ်၊ (၅)ဦးအောင်ကျော်-ဒေါ်သန်း သန်းအေး၊ (၆) ဦးဝင်းမြင့်-ဒေါ်ခင်မေလွင်၊ (၇)ဦးသိန်းနိုင်-ဒေါ်မိမိ၊ (၈) ဦးဝင်းဌေး-ဒေါ်အေးအေးသက်၊ (၉)ဦးမောင်မောင်ထွန်း-ဒေါ်သီတာ စိန်ညွန့်။

ကျေးဇူးအထူးတင်ရှိခြင်း

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ကြံသနွယ်ကျေးရွာအုပ်စု၊ မြောက်နန်ချွန်ကျေးရွာအနီးရှိ စိတ္တသုခကျောင်းတိုက်၏ ဩဝါဒါစရိယ ပဓာန နာယက ဆိတ်ဖူးတောင်တောရ၊ သက်တော်ရှည်ဆရာတော်ကြီးဘဒ္ဒန္တစိန္တာ၊ သိက္ခာတော် ၈၆ ဝါ၊ သက်တော် ၁၀၆နှစ် နာမကျန်းဖြစ်သည့်အချိန်မှစ၍ ခန္ဓာဝန်ချသွားသည့်အဆုံး စံကျောင်းတော်အတွင်း၌ ဂူပိတ်သည့်အထိ အစစအရာရာ လိုလေသေးမရှိ အလှူဒါနပြုတော်မူခဲ့ကြသော မွေးမြူရေးရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် ဇနီး ဒေါ်နုနုဆွေ မိသားစု၊ သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်နှင့် ဇနီးဒေါ်ကျင်ခိုင်မိသားစု၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အောင်ကျော်ဇောနှင့် ဇနီးဒေါ်မြတ်နိုးလွင် မိသားစုတို့အား အထူးကျေးဇူးတင်ရှိပါသည်။

ပထမအကြိမ် ဆေးကုသမှုကို အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)၌ တစ်ပတ်ခန့်ကုသမှုခံရာ လိုအပ်သမျှ အလှူဒါန ပြုခဲ့ကြပါသော ဆေးရုံတပ်မှူး ဗိုလ်မှူးချုပ်ကျော်မင်းဦး နှင့်ဇနီး ဒုတိယဗိုလ်မှူးကြီးဒေါ်ဆွေဆွေဦး၊ ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ဌာနမှ ဌာနမှူး ဗိုလ်မှူးအောင်သော်ဟိန်း၊ အခြားဌာနများမှ ပါရဂူများ၊ သူနာပြုဝန်ထမ်းများအားလုံးကိုလည်းကောင်း၊

ဒုတိယအကြိမ် ဆေးကုသမှုကို နေပြည်တော် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ ၄၅ ရက်ခန့် ကုသမှုခံယူရာ လိုအပ်သမျှအားလုံး အလှူဒါနပြုခဲ့ကြပါသော ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူးနှင့် ဇနီး၊ ဇမ္ဗူသီရိအထူးကုဆေးရုံအုပ်ကြီး ဒေါက်တာသောင်းတင်ထွန်း၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့် အခြားဝန်ထမ်းများအားလုံးကိုလည်းကောင်း၊ ဆေးကုသမှုခံယူစဉ်အတွင်း လိုအပ်သမျှ ဆွမ်း၊ ဘောဇဉ်၊ သင်္ကန်း၊ ဝတ္ထုငွေ၊ အသုံးအဆောင်ပစ္စည်းများ အဆက်မပြတ် လှူဒါန်းတော်မူခဲ့ကြပါသော ပျဉ်းမနားမြို့ ဒေါ်မြခင် သင်္ကန်းပရိက္ခရာဆိုင် ဦးသက်ဦးနှင့် ဇနီးဒေါ်မြင့်မြင့်အေး မိသားစုဝင်အားလုံးကိုလည်းကောင်း၊

ဆရာတော်ကြီးအားပါရမီအစဉ်သဖြင့် ဖြည့်ဆည်းပေးနေပါသော၊ အစစအရာရာလိုလေသေးမရှိ လှူဒါန်းပေးနေပါသော ရန်ကုန်မြို့နေ ဦးကြည်ဝင်းနှင့် ဇနီးဒေါ်ကြည်ကြည်ဝင်း မိသားစု၊ ဆရာကြီးရွှေခါးနှင့် ဇနီးဒေါ်ကေသွယ်မျိုးမိသားစုကိုလည်းကောင်း၊ ကေတုမတီမြို့သစ် (တောင်ငူ)နေ ဦးမြင့်(သစ်ခွပန်းငရုတ်ဆီစက်ရုံ)နှင့် တူ၊ တူမများကိုလည်းကောင်း။

အန္တိမစျာပနအတွက် အလှူငွေများနှင့် အခြားပစ္စည်းများ ရက်ရက်ရောရော လှူဒါန်းပေးကြပါသော ဆွေတော်မျိုးတော် ခုနစ်ရက်သားသမီးများ၊ လုပ်အားအလှူဖြင့် ကြည်ကြည်ဖြူဖြူလုပ်ကိုင်ဧည့်ခံကျွေးမွေးစောင့်ရှောက်ပေးကြပါသော ရွာပေါင်းစုံ၊ မြို့ပေါင်းစုံတို့မှ လုပ်အားအလှူရှင်များကိုလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

အကျိုးတော်ဆောင်အဖွဲ့၊ ဆိတ်ဖူးတောင်တောရ စိတ္တသုခကျောင်းတိုက်
ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြမြဌေး
အသက်(၇၂)နှစ်

ဦးအောင်အောင်[ဦးစီးအရာရှိ(စက်မှု)၊ စက်မှုတိုင်း(၄)၊ ဆည်မြောင်းဦးစီးဌာန၊ မိတ္ထီလာမြို့]၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်မြမြဌေး အသက်(၇၂)နှစ်သည် ၈-၈-၂၀၁၃ရက် နံနက် ၀၀း၁၅နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးနှင့်
ဝန်ထမ်းများ၊ စက်မှုတိုင်း(၄)၊ ဆည်မြောင်းဦးစီးဌာန၊ မန္တလေးမြို့

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြမြဌေး
အသက်(၇၂)နှစ်

ဦးအောင်အောင်[ဦးစီးအရာရှိ(စက်မှု)၊ စက်မှုတိုင်း(၄)၊ ဆည်မြောင်းဦးစီးဌာန၊ မိတ္ထီလာမြို့]၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်မြမြဌေး အသက်(၇၂)နှစ်သည် ၈-၈-၂၀၁၃ရက် နံနက် ၀၀း၁၅နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

လက်ထောက်ညွှန်ကြားရေးမှူး(၁)နှင့်
ဝန်ထမ်းများ၊ စက်မှုတိုင်း(၄)၊ ဆည်မြောင်းဦးစီးဌာန၊
မန္တလေးမြို့

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြမြဌေး
အသက်(၇၂)နှစ်

ဦးအောင်အောင်[ဦးစီးအရာရှိ(စက်မှု)၊ စက်မှုတိုင်း(၄)၊ ဆည်မြောင်းဦးစီးဌာန၊ မိတ္ထီလာမြို့]၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်မြမြဌေး အသက်(၇၂)နှစ်သည် ၈-၈-၂၀၁၃ရက် နံနက် ၀၀း၁၅နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

လက်ထောက်ညွှန်ကြားရေးမှူး(၂)နှင့်
ဝန်ထမ်းများ၊ စက်မှုတိုင်း(၄)၊ ဆည်မြောင်းဦးစီးဌာန၊
မိတ္ထီလာမြို့

ဝမ်းနည်းကြေကွဲခြင်း
ဦးစောမိုင်နာဖိုး(တ/၂၀၂၄)
မြို့နယ်တရားသူကြီး(ငြိမ်း)
အသက်(၆၀)

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၆/၁၂)ရပ်ကွက်၊ ဗထူးပန်းခြံလမ်း(ခ) စစ်ကိုင်းလမ်း၊ အမှတ်(၆/၂၃၇-က) နေအိမ်၌ ၈-၈-၂၀၁၃ရက် ညနေ ၆း၀၅ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားသူကြီးများ
တိုင်းဒေသကြီးတရားရေးဦးစီးမှူးနှင့် တိုင်းဒေသကြီးအတွင်းရှိ
တရားရေးအရာရှိ မိသားစုများ
(မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်)

ဒေါ်စမ်းစမ်းအေး
B.Sc (Chem)
ရုံးအုပ်(ငြိမ်း)၊ စီမံရေးဌာန
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင် ၁၃လမ်း၊ အမှတ် ၇၈၅နေ (ဦးချာလီ-ဒေါ်ခင်လှ)တို့၏ ဒုတိယသမီး၊ (ဦးမောင်မောင်မြင့်)- ဒေါ်လွင်လွင်နိုင် (ပို့ကုန်လိုင်စင်ဌာနစု၊ မြန်မာ့သစ်လုပ်ငန်း)တို့၏ညီမ၊ ကိုရဲထွန်း (KOBE. ဂျပန်)-နာကာမူရာယူမိကို၊ ဦးဝင်းဖေ(Alstom-Myanmar)-ဒေါ်ဒွါဘန်ဂျာမွန်း၊ (ဦးတင့်မော်)-ဒေါ်အေးအေးသက်၊ ဦးဇော်အောင်ထွေး(OSAKA-ဂျပန်)၊ ဦးတင်အောင်ထွေး(KOBE. ဂျပန်)-ဖုမိအဲတို့၏အစ်မ၊ ကိုဇာနည်လင်းအောင်(ခေတ္တ-စင်ကာပူ)၊ မခိုင်ယဉ်ထွန်း(ခေတ္တ-စင်ကာပူ)၊ နာကာမူရာမေရီ၊ နာကာမူရာရှူ့အဲရီ၊ မအိမ့်သဉ္ဇာသက်(ရန်ကုန်ပညာရေးတက္ကသိုလ်)၊ မအိဆက်မွန် (ထ-၂၊ တ/ဥ)၊ မအိမ်မှူးခင်(ထ-၂၊ တ/ဥ)၊ မောင်အောင်ကောင်းခန့်(တ/ဥ၊ မူကြို)တို့၏အဒေါ်သည် ၈-၈-၂၀၁၃ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၁၃ရက်(တနင်္လာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

စာရေးဆရာ၊ သတင်းစာဆရာ

ဦးစိုးသိမ်း(မောင်ဝံသ)

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်
အမျိုးသားသတင်းဆုကော်မတီဥက္ကဋ္ဌ
မြန်မာနိုင်ငံသတင်းစာဆရာအသင်း
(Myanmar Journalists Association -MJA) ဥက္ကဋ္ဌ
ဒေါ်ခင်းစာပေ၊ အတွေးအမြင်မဂ္ဂဇင်း၊ ပြည်သူ့ခေတ်ဂျာနယ်
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၀၀၊ မဟာဗန္ဓုလပန်းခြံလမ်း(အထက်)၊ ခြောက်လွှာ(အေ)နေ ဒေါ်မြင့်မြင့်(ဒေါ်ခင်းစာပေ၊ အတွေးအမြင်မဂ္ဂဇင်း)၏ ချစ်လှစွာသောခင်ပွန်း ဦးစိုးသိမ်း(မောင်ဝံသ) အသက်(၆၉)နှစ်သည် ၁၁-၈-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၆း၁၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် စာပေလောက အကျိုးအတွက် ကိုယ်ကျိုးစွန့်၍ သယ်ပိုးဆောင်ရွက်ခဲ့သော စာပေလုပ်ဖော်ကိုင်ဖက်တစ်ဦး ကြွေလွင့်ခဲ့ရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးပင်ဝမ်းနည်း ကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့်ဇနီး ဒေါ်သက်သက်ဆွေ
ဒုတိယဝန်ကြီးများနှင့်ဝန်ထမ်းများ
ပြန်ကြားရေးဝန်ကြီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

စာရေးဆရာ၊ သတင်းစာဆရာ

ဦးစိုးသိမ်း (မောင်ဝံသ)

အသက်(၆၉)နှစ်

မြန်မာနိုင်ငံ သတင်းစာဆရာအသင်းကြီး၏ဥက္ကဋ္ဌ စာရေးဆရာ၊ သတင်းစာဆရာ ဦးစိုးသိမ်း(ဆရာမောင်ဝံသ)သည် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း တည်ထောင်ခြင်း (၁)နှစ်တင်းတင်းပြည့်သည့် ၁၁-၈-၂၀၁၃ရက် နံနက်တွင် ကွယ်လွန်ကြောင်း ကြားသိရသဖြင့် ဆရာ၏မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲခြင်း ဖြစ်ရပါသည်။ မြန်မာနိုင်ငံ သတင်းစာဆရာအသင်းကြီးအား ပြန်လည်တည်ထောင်ခဲ့သူ ဆရာ၏ကျေးဇူးတရားများကို အသင်းကြီးက အမြဲ ထာဝရ အောက်မေ့နေမည်ဖြစ်ပါသည်။ ဆရာ ကောင်းရာသုဂတိလားပါစေ။

မြန်မာနိုင်ငံသတင်းစာဆရာအသင်း
(Myanmar Journalists Association-MJA)

အထူးဝမ်းနည်းကြေကွဲခြင်း

စာရေးဆရာ၊ သတင်းစာဆရာ

ဦးစိုးသိမ်း (မောင်ဝံသ)

အသက်(၆၉)နှစ်

စာရေးဆရာ၊ သတင်းစာဆရာ ဦးစိုးသိမ်း(ဆရာမောင်ဝံသ)သည် ၁၁-၈-၂၀၁၃ရက် နံနက်တွင် ကွယ်လွန်ကြောင်း ကြားသိရသဖြင့် မိသားစုနှင့်အတူ Asian Fame Media Group ကလည်း ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Asian Fame Media Group

ဒေါ်မြင့်မြင့်မူ အသက်(၈၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ ယုဇနေ၊ အမှတ် ၁၅/ဒီနေ (ဦးခင်မောင်ဇင်)၏ဇနီး၊ ဦးဇော်ဦး-ဒေါ်ရင်ရင်သန်းတို့၏မိခင်၊ မမြတ်သန့်ဇင်၊ မခိုင်ဝတ်ရည်တို့၏အဘွားသည် ၉-၈-၂၀၁၃ ရက် (သောကြာနေ့) နံနက် ၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၁၃ရက် (တနင်္ဂနွေနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီမရဟီမာဘီဘီခါနာမ်(ခ)ဒေါ်မရီ

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရှိုးကုန်းရပ်ကွက်၊ ဒေါ်ဘွင့်လမ်း၊ အမှတ် ၃၀၊ ၃၂၊ ၃၄နေ (ဦးအယွတ်ခန်း-ဒေါ်နု)တို့၏သမီးငယ်၊ (ဦးအာမင်းခန်း-ဒေါ်အေလာဟီခါနာမ်)တို့၏သမီးချွေးမ၊ (အလ်ဟာဂျ်၊ မော်လာနာ၊ ဟာဖိဇ်ဖဇ်လ္လရ်ရာဟ်မန်းခန်း၊ ဆွာဟိဗ်အိုလမာအစ္စလာမ်သာသနာ့ပညာရှင်များအဖွဲ့ချုပ်ဥက္ကဋ္ဌ)၏ဇနီး၊ (ဟာဂျီ မိုဟာမွဒ်ဆူရ်သာန်းခန်း-ဟာဂျီမ ယာကွသ်ဂျန်း)၊ (ဟာဂျီအွဝ်မန်းခန်း)-ဒေါ်နုရ်ဘီဘီ၊ (ဦးဂွလ်စသာန်းခန်း)-ဟာဂျီမခါသွန်ဘီဘီခါနာမ်တို့၏ညီမ၊ သားသမီး ရှစ်ယောက်တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၉-၈-၂၀၁၃ရက် (ဂျုမ္မာအီးဒ်နေ့) ညနေ ၃း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၀-၈-၂၀၁၃ရက် (စနေနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်မှယူဆောင်ပြီး ရေဝေးစွန္နီ မွတ်စလင်ကဗရ်စတန်ဥယျာဉ်တော်၌ ဂျနာဇာနမာဇ်ဝတ်ပြု၍ ဒါဖနာပြီးစီးပါကြောင်း သိစေအပ်ပါသည်။ မဂ်ဖိရသ်အတွက် ဒိုအာပြုပေးပါကြပါရန်။ ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

မိုဟာမက်အီစွတ်အချား(ခ) ဦးအုန်းမောင်

(ကြီးကြပ်ရေးမှူး၊ ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)
အသက်(၇၀)

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၄၆၁ (ရှစ်လွှာ)နေ (ဦးဒါဝတ်အချား - ဒေါ်အေးစိန်)တို့၏သား၊ (ဦးမိုရာတ် - ဒေါ်ကြည်)တို့၏သားသမက်၊ ဒေါ်ဇဗေဒါဘီဘီ(ခ)ဒေါ်လှလှဝင်း၏ခင်ပွန်း၊ ဦးအောင်နိုင်ထွန်း၊ ဦးမြသောင်း(ခေတ္တ-မလေးရှား) - ဒေါ်ခင်စန္ဒာဝင်း၊ ဒေါ်မေသန္တာဝင်း (သရုပ်ပြ၊ ရက္ခဗေဒဌာန၊ ပုသိမ်တက္ကသိုလ်)၊ ဒေါ်သီတာဝင်း (တီချယ်သီတာ)တို့၏ဖခင်၊ မဇွန်ပွင့်ဦး၊ မောင်ဝေယံထွန်း၊ မသွဲ့နှင်းဝေတို့၏အဘိုးသည် ၁၀-၈-၂၀၁၃ရက် ညနေ ၄း၃၀နာရီတွင်အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၁၁-၈-၂၀၁၃ ရက် နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်မှယူဆောင်ပြီး ရေဝေးစွန္နီကဗရ်စတန်ဥယျာဉ်တော်သို့ ပို့ဆောင်ဒါဖနာပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးထွေးပို (ရွှေဘို)

ST'JOHN SHIPMANAGEMENT PTE, KTD.
သင်္ဘောသားမှတ်ပုံတင်အမှတ်
(CDC No. ၁၄၃၁၃)
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊ဟံသာရိပ်မွန်အိမ်ရာ၊ ကွန်းခြံ ၁လမ်း၊ တိုက်အမှတ် ၁၈၀-၁၈၄၊ အခန်းအမှတ် ၃၀၃ (တတိယလွှာ)နေ(ဦးရှန်-ဒေါ်အေးတော်)တို့၏သား၊ (ဦးမောင်ကျော်-ဒေါ်ကျင်နု)တို့၏သားသမက်၊ ဒေါ်အမူ၏ခင်ပွန်း၊ မောင်သီဟထွေး-မမာမာဝေ၊ မနှင်းဖြူဖြူထွေး(ခေတ္တ-စင်ကာပူ)၊ မနှင်းမူမူထွေးတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၁-၈-၂၀၁၃ရက် မွန်းလွဲ ၁း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၁၃ရက် (အင်္ဂါနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

စာရေးဆရာ၊ သတင်းစာဆရာ

ဦးစိုးသိမ်း(မောင်ဝံသ)

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်
အမျိုးသားသတင်းဆုကော်မတီဥက္ကဋ္ဌ
မြန်မာနိုင်ငံသတင်းစာဆရာအသင်း
(Myanmar Journalists Association -MJA) ဥက္ကဋ္ဌ
ဒေါ်ခင်းစာပေ၊ အတွေးအမြင် မဂ္ဂဇင်း၊ ပြည်သူ့ခေတ်ဂျာနယ်
အသက်(၆၉)နှစ်

ပဲခူးမြို့၊ အမှတ် ၅၆၀၊ လိပ်ပြာကန်ရပ်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်းနေ (ဦးမောင်ခင်-ဒေါ်မြစိန်)တို့၏သား၊ အမှတ်(၂)၊ မင်းလမ်း၊ ပဲခူးမြို့နေ (ဦးကျော်လှိုင်)-ဒေါ်ခင်နုတို့၏သားသမက်၊ အမှတ် ၃၀၀၊ မဟာဗန္ဓုလပန်းခြံလမ်း(အထက်)၊ ခြောက်လွှာ(အေ)နေ ဒေါ်မြင့်မြင့်(ဒေါ်ခင်းစာပေ၊ အတွေးအမြင်မဂ္ဂဇင်း)၏ချစ်လှစွာသောခင်ပွန်း၊(ဦးမြသန်း-ဒေါ်မြကြည်)၊ဦးသိန်းဟန်-ဒေါ်တင်ကြည်၊ဦးသန်းဝေ-(ဒေါ်စိန်အေး)၊ (ဦးကြီးရှန်)-ဒေါ်တင်လှ၊ (ဦးသိန်းမြင့်)-ဒေါ်ကြည်ကြည်အေး၊ ဦးအုန်းမြင့်-(ဒေါ်ခင်သီနွယ်)၊ ဦးကြင်စိုး-ဒေါ်ခင်သန်းဝင်းတို့၏ညီ/မောင်၊ ဦးလှတင်-(ဒေါ်သန်းစိန်)၊ ဦးလှမြင့်-ဒေါ်ခင်ဝင်း၊ ဦးရဲမြင့်-ဒေါ်ခင်မျိုးမြတ် (နန်းအိအိဇာ) (သရဖူနှင့် Wellness မဂ္ဂဇင်း)တို့၏အစ်ကို၊ ကိုတင်ထွန်းကျော် (Senior Site Purchaser, Gammon Pte.,Ltd. Singapore)-မထိုက်ထိုက်စိုး (ထိုက်)(Asst, Operation Manager,Buildersmart Pte.,Ltd,Singapore)၊ ဦးစောခိုင် [လ/ထညွှန်ကြားရေးမှူး၊ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)]-မလတ်လတ်စိုး(လွတ်လပ်စိုး)၊မောင်နောင်နောင်စိုး(Draftsman,Gammon Pte.,Ltd,Singapore)၊ ဒေါက်တာချမ်းသာစိုး-ဒေါက်တာအိပြည့်ဖြိုးဟန်တို့၏ချစ်လှစွာသောဖခင်၊ မောင်ရဲပြည့်ထိုက်၊ မလီလီစိုးတို့၏ချစ်လှစွာသော အဘိုးသည် ၁၁-၈-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၆း၁၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

စာရေးဆရာ မောင်ဝံသ

အသက်(၆၉)နှစ်

သတင်းစာဆရာကြီး ဆရာမောင်ဝံသသည် ၁၁-၈-၂၀၁၃ရက်တွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်ကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် Myanmar Peace Center မှ
အဖွဲ့သားများ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ဖြူ(ခ)ဒေါ်ဖြူဖြူချို(ခ) Rosy (ညောင်တုန်းမြို့)

(စိန့်ဖီလိုမီနာကျောင်းသူဟောင်း)
ပြည်သူ့လွှတ်တော် စာကြည့်တိုက်(ငြိမ်း)
ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီရုံး(ငြိမ်း)
အသက်(၈၄)နှစ်

ရန်ကုန်မြို့နေ (ဦးအေးချို-ဒေါ်ညွန့်တင်)တို့၏သမီးကြီး၊ ညောင်တုန်းမြို့နေ (ဦးဖိုးဦး-ဒေါ်ရှင်)တို့၏ချွေးမ၊ (ချိုတေးဆက် ဦးအောင်ကိုး-ဂီတမှူး)၏ဇနီး၊ [ဒေါ်တင်မျိုးဆွေ(ခ)ဒေါ်မော်လီ-ဗိုလ်မှူးမျိုးတင်(ငြိမ်း)]တို့၏အစ်မ၊ ဒေါ်ခင်မမ (မကူး)-(ဦးရန်အောင်)၊ ဒေါ်အေးအေးအောင်(ခ)တူးတူး(Australia)၊ ဒေါ်နွယ်နီအောင်(ခ)ဂျူဂျူး(တရားရေးဝန်ထမ်း၊ လုပ်ငန်းဝင်သင်တန်းအမှတ်စဉ်-၄၊ တရားလွှတ်တော်ရှေ့နေ)-ဦးအောင်ကျော်စီ(လ/ထတိုင်းဦးစီး၊ထွေ/အုပ်ဦးစီးဌာန၊ငြိမ်း)၊ ဒေါ်နှင်းနှင်းအောင်(ခ)ထူးထူး - ဦးခင်သိန်းတင် (Chief Officer Uniteam Marine)၊ ဒေါ်သင်းသင်းအောင်(ခ)ဇူဇူး-ဦးကြည်ဟုန်(ခ)ဦးမင်းသိန်း၊ ဒေါ်နွယ်မျိုးအောင်(ခ)ကုကျူ-ဦးကြည်မောင်ထွန်း(2nd Mate, F.G)တို့၏မိခင်သည် ၁၀-၈-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၁၃ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [တိုင် ၇၊ အခန်း ၃၊ ရန်ကင်းလမ်းသွယ်-၅၊ (၁)ရပ်ကွက်၊ အရှေ့ရန်ကင်းနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ကြည်း-၁၂၈၁၇ ဗိုလ်မှူးလှမြင့်(ငြိမ်း) (တဗ-၁)

အသက်(၆၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နေ(ဦးလှရွှေ-ဒေါ်စောလှ)တို့၏သားကြီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အနောက်ရန်ကင်း၊ တိုက် ၃၃၂၊ အခန်း ၂၁နေ ဒေါ်မြယဉ်ဦး၏ခင်ပွန်း၊ Mr. Sazaki -ဒေါ်အိရွှေစင်ထက်၊ ဦးဝင်းကြည်-ဒေါ်ခင်အိအိခိုင်၊ (ဦးကျော်ရဲထွဋ်)-ဒေါ်ပပလင်း၊ ဦးသူရဖြိုးမင်း-ဒေါ်တင်မိုးဝေတို့၏ဖခင်၊ မဝင်းမင်းအေး၊ မောင်ကောင်းခန့်ကျော်၊ မောင်မိုးသောက်နေ၊ မယွန်းနဒီထွဋ်၊ မအင်ကြင်းကေခိုင်တို့၏အဘိုးသည် ၁၁-၈-၂၀၁၃ရက် နံနက် ဝ၁း၀၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (တိုက် ၃၃၂၊ အခန်း ၂၁၊ အနောက်ရန်ကင်းနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်အလှူရှင် ဒါယိကာမကြီး

ဒေါ်ခင်ဝင်း(ခ) ဒေါ်မြမြသိန်း (ဒေးဒရဲ)

အသက်(၈၇)နှစ်

(ဦးဖိုးအောင်-ဒေါ်အေးကြီး)တို့၏ သမီး၊ အမှတ် ၄၃၊ ဇေယျာဝတီလမ်း၊ သံတံတားရပ်ကွက်နေ ဒုတိယဗိုလ်မှူးကြီး စံသိမ်း(ငြိမ်း)၏ဇနီး၊ ဦးအောင်သူဝင်း-ဒေါ်မာမာအေးတို့၏မိခင်၊ ဗိုလ်ကြီး သိမ်းထွဋ်စံ၊ မချိုချိုသူဝင်း၊ မောင်သီဟမင်းသူ၊ မောင်စံမင်းထွဋ်၊ မြေးသုံးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၉-၈-၂၀၁၃ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၃ရက် (စနေနေ့) နံနက် ၁၀း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီမဒေါ်ဇီနက်ဘီဘီ(ခ) ချီနား(ခ)ဒေါ်ခင်သန်းစိန်

အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၅လမ်း(အထက်)၊အမှတ် ၂၂၃(ခြောက်လွှာ)နေ ဟာဂျီဇကရီယာ-ဟာဂျီမ ခတီဂျာဘီတို့၏သမီး၊(KTE ဟာဂျီဦးဒါတ်-YMAဟာဂျီမ ဒေါ်ဖာတီမာဘီဘီ)တို့၏ချွေးမ၊ KED ဟာဂျီမိုဟာမွဒ်ယူစွဖ် (မောင်အေးနှင့်သားများ မျက်မှန်)တို့၏ဇနီး၊ ဟာဂျီဦးချစ်မြ(ခ)ရွှေသား (တိုရှီဘာကျော်ဝင်း)တို့၏အစ်မ၊ ဟာဂျီမစကီနာ၊ ဟာဂျီအက္ကဘရ်၊ အီလီယာ(စ်)၊ ဟာဂျီ A ကရွန်တို့၏မိခင်သည် ၈-၈-၂၀၁၃ရက် နံနက် ၁း၃၅နာရီတွင် ၎င်း၏နေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသည်။ ယင်းနေ့ အထက်ပါနေအိမ်မှ နံနက် ၁၁နာရီတွင် သန်လျင်ကဗရ်စတန်သို့ပို့ဆောင်ပြီး ဇိုဟိုရ်နမာဇ်အပြီးတွင် ဂျနာဇာနမာဇ်ဖတ်ပြီး ဒါဖနာပြုလုပ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ရပ်ပေကြို့(ခ)ဒေါ်ကြို့

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊လသာမြို့နယ်၊အမှတ်(၁)ရပ်ကွက်၊ ၁၈လမ်း၊ အမှတ် ၄၄၊ ပထမထပ်နေ (ရပ်တျောင်ချူး-ခူဟန်ရှောင်)တို့၏သမီး၊ (ဦးညို)၏ဇနီး၊ (ဦးတင်အောင်)-ဒေါ်အေးအေးကြည်၊ ဦးမြင့်အောင်-ဒေါ်ခင်ရွှေ(စင်ကာပူ)၊ ဦးစိုးအောင်-ဒေါ်ခင်မာချို၊ ဒေါ်ကြည်ကြည်အေး-(ဦးကျင်သိန်း)၊ ဦးကျော်အောင်-ဒေါ်အယ်လ်လင်းကျော်(စင်ကာပူ)၊ ဒေါ်သန်းသန်းအေး-ဦးစိန်သန်း၊ ဒေါ်ခင်ခင်အေး(အလက-၁၊ လသာ) - ဦးပြုံးချိုတို့၏မိခင်၊ မြေး ၂၀၊ မြစ်ကိုးယောက်တို့၏အဘွားသည် ၁၀-၈-၂၀၁၃ရက် (စနေနေ့)မွန်းလွဲ ၂း၂၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၁၃ရက် (တနင်္လာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၆-၈-၂၀၁၃ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်းအမကြီး

ဒေါ်မြချစ် (ကျိုက်ထို)

အသက်(၈၇)နှစ်

ကျိုက်ထိုမြို့နေ(ဦးဖိုးချို-ဒေါ်စောရွှေ)တို့၏တတိယသမီး၊ ရန်ကုန်မြို့၊ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မြို့သစ် ၂လမ်း၊ အမှတ် ၉နေ (ဦးအောင်ငွေ)၏ဇနီး၊ ဒေါ်မူမူ[ကျောင်းအုပ်ကြီး(ငြိမ်း)၊ တောင်ကြီး ပညာရေးကောလိပ်]၊ ဦးမြဝင်း(မြန်မာ့မီးရထား၊ ဟင်္သာတ)-ဒေါ်ခင်သန်းအေး၊ ဦးဆွေသန်း၊ ဒေါ်အေးအေးမူ၊ ဒေါ်မို့မို့ကြည် (အမက-၆၊ တာမွေ)တို့၏မိခင်၊ မြေးငါးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၁-၈-၂၀၁၃ရက် (တနင်္ဂနွေနေ့)နံနက် ၂နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၁၃ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

Pu Kham Suon Thang Khuomun (Man Tuong)

အသက်(၈၃)နှစ်

ချင်းပြည်နယ်၊ တွန်းဇံမြို့နယ်၊ Khuomun ကျေးရွာနေ(Pu Huot Za Kam - Pi Ngai Za Nieng)တို့၏သား၊Sie Pau Cin Thang,(Nu Lun Za No, Nu Don Za Ciin, Nu Man Kho Vung, Lie Nieng Kho Nien)တို့၏ညီ/မောင်၊ (Nu Vung Lam Mang, Nu Nieng Hau Dim), Rev. Kam Khen Dal (Church Pastor, Pale, Padamya Zo Baptist Church)-Nu Lun Ngai Cing, Pa Pau Lien Sum - Nu Ciin Lien Cing (Malaysia), Nu Lun Lam Nieng - Pa Kham Lien Khai (Tamu), Pa Thang Hil Mang- Nu Cing Sien Huoi(USA),Nu Thang Khen Cing- Pa Nang Do Langh (USA), Tg. Thang En Khai (India)တို့၏ဖခင်၊ Tg. Thang Sien Saang, Lie Cing Lam Dim,Tg.Thang Dei Lien, Lie Nieng Law Lien, Lie Cing San Nuom,Lie Cing Suon Lun,Lie Cing San Lun,Lie Cing Ho Nuom, Lie Khup Ngai Cing မြေး ၂၀၊ မြစ်ခြောက်ယောက်တို့၏အဘိုး၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပတ္တမြားမြို့သစ်၊ ကျောက်စိမ်းလမ်း၊ အမှတ် ၂၃နေ Pi Man Kho Cing ၏ခင်ပွန်းသည် ၁၀-၈-၂၀၁၃ရက်(စနေနေ့) ညနေ ၄း၁၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၃-၈-၂၀၁၃ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး သင်္ဂြိုဟ်ပါမည်။ (ဓမ္မနွေလဘုရားကျောင်း၊မြောက်ဒဂုံ၊ ၇/၈လမ်းဆုံ၊ လှိုင်သာယာ မီးခွက်ဈေးမှတ်တိုင်များနှင့် နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တဓမ္မပီယ (မင်းဘူး)

သိရီပဝရ ဓမ္မာစရိယ
ရွှေစက်တော်ဘုရားကြီးဂေါပကအဖွဲ့ ဩဝါဒါစရိယ
ရှင်ပင်စက္ကိန်းတဲဘုရားကြီးဂေါပကအဖွဲ့ ဩဝါဒါစရိယ
သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၆၇)ဝါ

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ မဟာဝိသုတာရာမတိုက်သစ် ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဓမ္မပီယ မဟာထေရ်မြတ်ကြီးသည် (၁၃၇၅ခုနှစ် ဝါခေါင်လဆန်း ၃ရက်) ၉-၈-၂၀၁၃ရက် (သောကြာနေ့) ည ၉နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို ၁၃-၈-၂၀၁၃ရက်တွင် အန္တိမအဂ္ဂိဈာပန ပူဇာကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရဟန်းရှင်လူ တပည့်အပေါင်းတို့အား သိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ
မဟာဝိသုတာရာမတိုက်သစ်၊ မင်းဘူးမြို့

ရဲမှူးကြီးခင်ဟန် (ငြိမ်း)

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ သူရ ၁လမ်း၊ အမှတ် ၈၃နေ(မြူနီစီပယ်စက္ကထရီ ဦးဘဟန်-ဒေါ်ရွှေဆင်)တို့၏သား၊(ရှေ့နေကြီး ဦးဖိုးကျင်-ဒေါ်မမကြီး)တို့၏သားသမက်၊(ဒေါ်ခင်ဆွေမြ)၏ခင်ပွန်း၊(ယစ်မျိုးဝန် ဦးဘသင်-ဒေါ်ခင်သန်း)၊(ဦးလှအေး)၊(ဒေါ်ခင်သန်း)တို့၏ညီ/မောင်၊[ဗိုလ်မှူးကြီး ညွန့်ဟန်(ငြိမ်း) - ဒေါ်သင်းသင်းဦး(ခ)ဒေါ်ဖြူဖြူ]တို့၏အစ်ကို၊ (ဒေါက်တာမြင့်အောင်)-ဒေါ်ဥမ္မာဟန်တို့၏ဖခင်၊ဦးသင်းထွဋ်ဟန်(ဒုတိယညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန)-ဒေါ်မာမာအောင်၊ (ဗိုလ်မှူးထူးအောင်ဟန်)- ဒေါ်ထွေးထွေးရီ(ဦးစီးအရာရှိ၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာန)၊ ဦးဌေးဝင်းအောင်(ညွှန်ကြားရေးမှူး၊ စက်မှုဝန်ကြီးဌာန)-ဒေါ်လှစန္ဒာဟန်တို့၏ဘကြီး၊ ကိုဇာနည်အောင်၊ မသီတာနှင်းနုတို့၏အဘိုးသည် ၁၁-၈-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၉း၁၀ နာရီတွင် Green Cross ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၇-၈-၂၀၁၃ရက်(စနေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးလွန်းမောင် (ဟင်္သာတ)

အထပြ(ငြိမ်း)၊အထက(၃)
အသက်(၈၆)နှစ်

အင်္ဂပူမြို့နယ်၊ ညောင်ကျိုးမြို့နေ (ဦးချစ်-ဒေါ်အေးသင်)တို့၏သား၊ (ဒေါ်ခင်ဆွေမြင့်)၏ခင်ပွန်း၊ ဦးဝင်းရွှေ-ဒေါ်ကြည်ကြည်မာ(မော်ဘီနည်းပညာတက္ကသိုလ်)၊ ဦးမြင့်ဇော်(အင်ဂျင်နီယာမှူး၊ စက်မှု၊ မြစ်ငယ်စက်ရုံ)-ဒေါ်စိုးစိုးခိုင်၊ ဒေါက်တာအေးအေးမာ (အမှုဆောင်အရာရှိ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့)၊ ဒေါက်တာသင်းသင်းမာ (ဘွဲ့လွန်ကထိက၊ အဏုဇီဝဗေဒဌာန၊ ဆေးတက္ကသိုလ်-၂)တို့၏ဖခင်၊မဆုရည်မွန်၊မသွန်းသီရိခင်တို့၏အဘိုးသည် ၉-၈-၂၀၁၃ ရက် (သောကြာနေ့) ညနေ ၅နာရီတွင် မော်ဘီမြို့နည်းပညာတက္ကသိုလ်ဝန်ထမ်းအိမ်ရာ၌ ကွယ်လွန်သွားပါ၍ ၁၀-၈-၂၀၁၃ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် မော်ဘီမြို့ ရှမ်းစုသုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း (ရန်ကုန်)

ဦးလှိုင်ဖေ(ပုလော၊ပုလောကုန်း)

လူမှုထူးချွန်တတိယဆင့်
အသင်းဝင်အမှတ်(၁၃၂၆)
အသက်(၇၅)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ပုလောကုန်းကျေးရွာနေ (ဒေါ်ကြင်ဆိုင်)၏ခင်ပွန်း၊ ဦးအုန်းလွင် (စာရင်းစစ်၊ ပုလောမြို့နယ်အသင်း၊ ရန်ကုန်)-ဒေါ်အေးမြင့်တို့၏အစ်ကိုသည် ၁၀-၈-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၈-၂၀၁၃ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ ပုလောကုန်းကျေးရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

ဒေါ်ညိုညိုဝင်း

B.Sc (Chem) DFT
Q.C စူပါဝမ်း(လှိုင်သာယာ)
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊တောင်ဒဂုံမြို့နယ်၊ အောင်ဇေယျာအိမ်ရာ၊ တိုက်အမှတ် ၁၅၊ အခန်း ၂၀၄နေ (ဦးလှမောင်၊ သစ်တောအရေးပိုင်)-ဒေါ်တင်တင်လှ (ဗဟန်း သ/မ၊ ငြိမ်း)တို့၏သမီးကြီး၊ (ဦးနေလင်းဦး)၏ဇနီး၊ မောင်မင်းဟိန်းနေထက်[G-11 (C) အထက(၃)ဒဂုံတောင်]၏မိခင်၊ (ဦးလှကျော်မောင်)၏ညီမ၊ (ဒေါ်ဖြူဖြူဝင်း)၏ အစ်မသည် ၁၀-၈-၂၀၁၃ရက် (စနေနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

ဒေါ်ချမ်းရင်

အောင်ချမ်းသာရပ်(ရေဦး)
အသက်(၈၇)နှစ်

ရေဦးမြို့၊ ဗိုလ်အောင်ဇေယျရပ်၊ အထက(၂) မူလတန်းကျောင်းလမ်းနေ (ဦးဘ)၏ဇနီး၊ ဦးစန်းအောင် (ဦးစီးအရာရှိ၊ တိမ်မွေးကု၊ငြိမ်း) ဒေါ်ခင်ခင်စန်း (ကျန်းမာရေး၊ ငြိမ်း)၊ ဦးမျိုးမောင်မောင် (ဦးစီးမှူး၊ စစစ၊ ငြိမ်း)၊ ဒေါ်ခင်စန်းဦး [ကျောင်းအုပ်(ထခွဲ)]၊ ဘိုးရင်ကလေး (လှည်းကူး)]တို့၏မိခင်၊ မြေး ငါးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၈-၈-၂၀၁၃ရက် (ကြာသပတေးနေ့) ည ၈း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၃ရက်(ကြာသပတေးနေ့) ညနေ ၄နာရီတွင် အထက်ပါနေအိမ်မှ ရေဦးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ မိတ်ဆွေသင်္ဂဟအပေါင်းတို့အားအကြောင်းကြား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်ခင်နု (ဘိုကလေး)

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၅၊ ၇လမ်း၊ လမ်းမတော်မြို့နယ်နေ (ဦးအုရင်)၏ဇနီး၊ ဦးမြသောင်းထွန်း၊ ဒေါ်ဖြူဖြူမော်၊ ဦးထွန်းအောင်ကျော် - ဒေါ်မြမြမော်၊ ဦးအေးလွင်-ဒေါ်တင်ငွေလှိုင်၊ ဦးကျော်စိုး-ဒေါ်နုနုစိန်၊ (ဦးဇော်ဝင်း)-ဒေါ်ယဉ်မိုးလှိုင်တို့၏မိခင်၊မြေး ၁၀ယောက်တို့၏အဘွားသည် ၁၀-၈-၂၀၁၃ရက် ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၁၃ရက် ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁၆-၈-၂၀၁၃ရက် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးမောင်သိန်းအောင်

ရေယာဉ်မှူး၊ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၊ ရခိုင်ဌာနခွဲ၊ စစ်တွေ
အသက်(၅၄)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဆင်ကူးလမ်း၊ အကွက်(၂)၊ စက်ရုံလမ်းနေ ဒေါ်စိန်မြသိန်း၏ခင်ပွန်း၊ မောင်မျိုးလွင်စိုး (ခေတ္တ-မလေးရှား)၊ မောင်အောင်မျိုးသိန်း-ဒေါ်မေယုတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၀-၈-၂၀၁၃ ရက် နံနက် ၁၁း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၄-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးများအား အကြောင်းကြားပါသည်။ ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

ဇင်းဘောင်ကျွန်းနှင့် လက်ပန်ပင်ကျွန်းအတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်

ဇင်းဘောင်ကျွန်းနှင့်လက်ပန်ပင်ကျွန်းသည် မြန်မာနိုင်ငံ၏ အနောက်တောင်ဘက်ပိုင်းတွင် တည်ရှိ၍ လယ်ယာကဏ္ဍစိုက်ပျိုးရေးနှင့် မွေးမြူရေး အဓိကဖြစ်ထွန်းသည့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်းရှိ ကျွန်းများဖြစ်ပြီး ဒေးဒလူကျွန်း၊ ကြက်ဖမွှေးဇောင်း ကျွန်းများနှင့်လည်း ထိစပ်လျက်ရှိကြောင်း သိရသည်။ အဆိုပါကျွန်းများ၏ ပထဝီအနေအထားမှာ ပင်လယ်ရေမျက်နှာပြင်မှ လေးပေဝန်းကျင်မျှ ရှိသည့်အတွက် မိုးရာသီနှင့် မိုးနှောင်းရာသီကာလတို့၌ ရေကြီးနစ်မြုပ်မှု၊ ရေငန်ဝင်ရောက်မှုများဖြစ်ပေါ်လေ့ရှိကြောင်း သိရသည်။

ဇင်းဘောင်ကျွန်းနှင့် လက်ပန်ပင်ကျွန်းများအတွင်းရှိ ရေတံခါးအထွက်မြောင်းများကို မြေတူးစက်များဖြင့် နုန်းဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။

အရှေ့ဘက်တွင် ဖျာပုံမြစ်နှင့် မုတ္တမပင်လယ်ကွေ့များ ဝန်းရံထားသဖြင့်လည်း ပင်လယ်ဆားငန် ဒီရေဝင်ရောက်ခြင်း၊ မြစ်ရေတိုက်စားခြင်းများ ဖြစ်ပေါ်လေ့ရှိသည်ဟုလည်းသိရှိရသည်။ ယင်းကဲ့သို့ အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ ကျွန်းအတွင်းရှိ သဘာဝချောင်းမြောင်းများ၊ စီမံကိန်းမှ ဆောင်ရွက်ထားသည့် ရေသွင်း၊ ရေထုတ်မြောင်းများအတွင်းသို့ စည်းကမ်းမဲ့ ပိတ်ပင်တားဆီး ရှာဖွေစားသောက်မှုများနှင့် သဘာဝ နုန်းပို့ချမှု၊ ဂေဟဗေဒစနစ်များ အားနည်းလာမှုတို့ကြောင့် ရေနုတ်မြောင်း၊ ရေသွင်းမြောင်းများ၊ ရေဆွဲမြောင်းမကြီးများနှင့် လက်တံမြောင်းငယ်များ၊ တဖြည်းဖြည်းတိမ်ကောလာကာ မိုးရာသီတွင် ရေကြီးနစ်မြုပ်ခြင်း၊ နွေရာသီတွင် စိုက်ပျိုးရေ လုံလောက်စွာ မရရှိခြင်းတို့ကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ထိခိုက်မှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

သပြေထွန်း

ဖော်ပြပါ အခက်အခဲများ လျော့ပါး သက်သာစေရေးအတွက် ဖျာပုံခရိုင် ဆည်မြောင်းဦးစီးဌာနမှ ဇင်းဘောင်ကျွန်းနှင့် လက်ပန်ပင်ကျွန်းများအတွင်းရှိ ရေတံခါးများ၏ အဓိက ရေထွက်မြောင်းများ၊ မြောင်းမနှင့် လက်တံမြောင်းများအား မြောင်းချဲ့၊ ချောင်းချဲ့၊ နုန်းဆယ်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယခု ၂၀၁၂-၂၀၁၃ ခုနှစ်၊ မိုးရာသီတွင် ဘုရားလေးရေတံခါး အထွက်မြောင်း၊ ကိုဖေကြီး ရေတံခါးအထွက်မြောင်း၊ ထိတန်ရေတံခါး အထွက်မြောင်းများအား Poontoon အသုံးပြုမြေတူးစက်များဖြင့် ရာနှုန်းပြည့် တူးဖော်ပြီးစီးခဲ့ပြီဖြစ်ကြောင်း ဦးသိန်းဇော် (ဦးစီးမှူး-မြို့ပြ)ထံမှ သိရသည်။

ကွန်ဒိုင်းကြီးရေတံခါး အထွက်မြောင်းကို ဆောင်ရွက်ဆဲလုပ်ငန်း

စာမျက်နှာ ၁၁ ကော်လံ ၁ ❁

ဘိုကလေးမြို့ ဆတ်ကျွန်းရွာ တံတားဆိပ်၌ ရေချိုးနေသည့် ကိုရင်ကိုကိုက်သည့်မိကျောင်း အသေဖမ်းမိ

ဘိုကလေး ဩဂုတ် ၁၁

ဘိုကလေးမြို့နယ် ဆတ်ကျွန်းကျေးရွာ ဘုန်းတော်ကြီးတံတားဆိပ်တွင် ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီခွဲက ရေချိုးနေသော ကိုရင်ဝါယမ (၁၁) နှစ်ကို မိကျောင်းကဆွဲယူကိုက်သတ်သဖြင့် ကိုရင်လေး သေဆုံးသွားခဲ့သည်။ အဆိုပါမိကျောင်းကို ဒေသခံများနှင့်ရေလုပ်သားများက ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ အသေဖမ်းဆီးရမိပြီး ရွာသို့ယူဆောင်လာခဲ့သည်။ ဒေသခံများက မဲလုံးဟုအမည်ပေးထားသည့် အဆိုပါမိကျောင်းမှာ အရှည် ၁၈ ပေ၊ လုံးပတ် ခုနစ်ပေရှိသည်။

ဆွဲယူကိုက်သတ်

နောက်တစ်နေ့ ဩဂုတ် ၅ ရက်တွင် ဆတ်ကျွန်းတစ်ဖက်ကမ်း သင်ပေါင်းကျေးရွာ၌ ကိုရင်လေး၏အလောင်းကို ပြန်လည်တွေ့ရှိခဲ့သည်။ မိကျောင်းမဲလုံးသည် ၂၀၁၂ ခုနှစ်ကလည်း သင်ပေါင်း အမကကျောင်းမှ မူလတန်းကျောင်းသား မောင်အာကာ (၁၁)နှစ်ကို ဆွဲယူကိုက်သတ်ခဲ့ဖူးသည်။

လှုပ်ရှားနေ

ယခုရက်ပိုင်းအတွင်း ဆတ်ကျွန်းအနီးကျေးရွာများ၌ မဲလုံးထက်ကြီးသော ပါးဖြူအဝါကျား မိကျောင်းတစ်ကောင် လှုပ်ရှားနေကြောင်း ဒေသခံများက ပြောကြသည်။

မြင့်လွင် (ဘိုကလေး)

ယနေ့မာတိကာ

လူကုန်ကူးမှု တိုက်ဖျက်ရာမှာ မီဒီယာနဲ့ လူမှုအဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်သင့် — စာမျက်နှာ-၅

ကျွန်တော်နဲ့ အဂတိ လိုက်စားမှု — ဆောင်းပါး — စာမျက်နှာ-၆

THAILAND HFT - 2012 51832 အမှတ်အသားပါ ခိုတစ်ကောင် ကျွန်းစုမြို့၌ ဖမ်းဆီးရရှိ — စာမျက်နှာ-၇

ဗန်ပါစီ၏ဂိုးများဖြင့် မန်ယူကွန်မြူနတီ ဒိုင်း ဆွတ်ခူး — စာမျက်နှာ-၁၁

အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ အချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။

မြန်မာ့ငါးလုပ်ငန်း၌ နည်းပညာဖွံ့ဖြိုးရေး အစ္စရေးကူညီမည်

ရန်ကုန် ဩဂုတ် ၁၁

မြန်မာနိုင်ငံ၏ မွေးမြူရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းများတွင် အစ္စရေးနိုင်ငံက နည်းပညာနှင့် အတတ်ပညာများ ကူညီပံ့ပိုးပေးမှုအရ မြန်မာနိုင်ငံမှ လူငယ်များကို အစ္စရေးနိုင်ငံတွင် ပညာသင်ကြားပေးရန် စေလွှတ်လျက်ရှိကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"မွေးမြူရေးနဲ့ ငါးလုပ်ငန်းတွေအတွက် နည်းပညာတွေသိရှိတတ်ကျွမ်းအောင် အစ္စရေးနိုင်ငံမှာ မြန်မာလူငယ်တွေသွားရောက်သင်ကြားစေမှာဖြစ်ပါတယ်။ အစ္စရေးနိုင်ငံမှာ ၁၁ လကြာသင်တန်းပို့ချပေးမှာဖြစ်ပြီး အစ္စရေးအစိုးရရဲ့ ကူညီထောက်ပံ့မှုနဲ့ သင်တန်းတက်ရောက်ရမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောကြားသည်။ မြန်မာနိုင်ငံ၏ မွေးမြူရေးနှင့်ငါးလုပ်ငန်းတွင် နည်းပညာများဖြည့်ဆည်းရန်လိုအပ်လျက်ရှိရာ မြန်မာလူငယ်များအတွက် သင်တန်းစေလွှတ်ခြင်းဖြင့် မြန်မာနိုင်ငံ၏ငါးလုပ်ငန်းနယ်ပယ်တွင် အသိပညာ၊ အတတ်ပညာနှင့် နည်းစနစ်များ တတ်သိနားလည်သော လူ့စွမ်းအားအရင်းအမြစ်များ ရရှိစေမည်ဖြစ်သည်။

မြန်မာလူငယ် ၆၀ ခန့်ကို အစ္စရေးနိုင်ငံသို့ ၁၁ လခန့်ကြာမျှ သင်တန်းတက်ရောက်ရန် ဩဂုတ် ၁၁ ရက်က စေလွှတ်လိုက်ပြီ ဖြစ်သည်။ အဆိုပါလူငယ်များအား အသုတ်လိုက်ခွဲပြီး စေလွှတ်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံနှင့် အစ္စရေးတို့သည် ၂၀၁၁ ခုနှစ်ကပင် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရာတွင် နည်းပညာနှင့် သတင်းအချက်အလက်များ ပံ့ပိုးကူညီရေးကိုလည်း နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ကြသည်။

အစ္စရေးနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင်လည်း မြန်မာလူငယ်များအား သင်တန်းများလက်ခံသင်ကြားပေးကာ ခေတ်မီစနစ်များ အသုံးပြုနိုင်ရေးအတွက် နည်းပညာအကူအညီများပေးလျက်ရှိသည်။

(မြန်မာ့အလင်း)

➤ ဝေယံဦး-ရေးသည် ➤ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

 လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

ပုလဲရတုမင်္ဂလာ

ကျေးဇူးရှင်ဖေဖေ ဦးခင်မောင်ကြည် (Project Engineer, Max Myanmar Construction Co.,Ltd. Nay Pyi Taw နှင့် မေမေ ဒေါ်ခင်မျိုးမြင့်တို့၏ ၁၂-၈-၂၀၁၃ ရက်တွင်ရောက်ရှိသည့် **ပုလဲရတုမင်္ဂလာ**နေ့မြတ်မှ နှစ်ပေါင်းများစွာ ကျန်းမာရွှင်လန်းပြီး ဆန္ဒအားလုံးပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

သား၊ သမီးများ
ကိုနေမျိုးဝေ-မယဉ်သိမ့်နွေး (ပြည်မြို့)
ဒေါက်တာရဲမင်းသန်း-ဒေါက်တာစန္ဒီမျိုးဝေ (ကျောက်တန်း)
ကိုစည်သူမျိုးဝေ (နေပြည်တော်)
မြေး-ယဉ်မျိုးစုကြည်၊ လင်းသန့်အိမ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၂ မြို့နယ်တွင် ဆောင်ရွက်မည့် မြို့ပြလမ်း ၅၉ လမ်း၊ ကွန်ကရစ်လမ်း ၁ လမ်း၊ ၁ ဒသမ ၆၆ ဖာလုံ၊ ကတ္တရာလမ်း ၅၅ လမ်း ၁၃မိုင်၊ ၃ ဒသမ ၁၉ ဖာလုံ၊ ကျောက်လမ်း ၁ လမ်း၊ ၁ဒသမ၀၁ဖာလုံ၊ ဂဝံလမ်း ၂လမ်း၊ ၇ ဒသမ ၃၄ ဖာလုံ၊ ကျေးလက်လမ်း ၁၃ လမ်း၊ ကတ္တရာလမ်း၃လမ်း ၁မိုင် ၆ ဒသမ ၉ ဖာလုံ၊ ကျောက်လမ်း ၆လမ်း၊ ၁ မိုင် ၃ ဒသမ ၉၂ ဖာလုံ၊ ဂဝံလမ်း ၄လမ်း၊ ၂မိုင်၂ဒသမ၁ဖာလုံ၊ ကျေးလက်တံတား(၁)စင်း ၁၅၀ပေ၊ မြို့ပြရေပေးရေးလုပ်ငန်း ၁၃ ခု တွင်းနက်(၂)တွင်း၊ ရေကန်(၇)ခု၊ လက်တူးတွင်း(၁)တွင်း၊ အခြားလုပ်ငန်း(၃)ခု၊ ကျေးလက်ရေပေးရေးလုပ်ငန်း ၂၃ခု၊ တွင်းနက်(၅)တွင်း၊ ရေကန်(၁)ကန်၊ လက်တူးတွင်း ၁၄ တွင်း၊ အခြားလုပ်ငန်း(၃)ခုတို့အား တည်ဆောက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၁၂-၈-၂၀၁၃ ရက်မှစတင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ရယူ၍ အောက်ပါအစီအစဉ်အတိုင်း တင်သွင်းနိုင်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါတင်သွင်းရက်** - ၁၂-၈-၂၀၁၃ ရက်မှ ၁၂-၉-၂၀၁၃ရက်အထိ
(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။
၃။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဖုန်း-၀၇၁-၂၂၅၃၄/၂၄၃၁၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့



ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၇/ရှေ့၊ မြေကွက်အမှတ် (၇၈၅/ခ)၊ မြေကွက်တည်နေရာအမှတ် (၇၈၅/ခ)၊ ရှုခင်းသာမြို့ပတ်လမ်း၊ (၇/ရှေ့) ရပ်ကွက်၊ သာကေတမြို့နယ် ဦးမောင်အေး အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးမောင်အေး(ဖခင်)နှင့် ဒေါ်စိန်အေး (မိခင်) တို့ ကွယ်လွန်သဖြင့် သမီးများဖြစ်သော (၁)ဒေါ်စန္ဒာ ၁၂/အစန(နိုင်)၀၃၇၂၂၀၊ (၂) ဒေါ်ခင်ခင်အေး ၁၂/သကတ(နိုင်)၀၅၅၄၁၁ တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် (၁၃၄၆၂/၁၂)ရရှိသူ ဦးအောင်သိန်း (ခ) မယ်ခါ ၁၂/သကတ(နိုင်)၁၂၇၉၈၄ က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြပြီး ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၂၅၊ မြေကွက်အမှတ် ၃၅၃/က၊ မြေကွက်တည်နေရာအမှတ် ၃၅၃/က၊ ၁၂၅ ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဒေါ်ဌေးဌေးဝင်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ဌေးဌေးဝင်းထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးအေးငွေ ၁၂/ဥကတ(နိုင်)၀၈၅၉၄၈ က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/ဇေယျာသီရိ၊ မြေကွက်အမှတ် ၁၀၉၊ မြေကွက်တည်နေရာအမှတ် ၁၆၅၊ အောင်သီတာလမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးအောင်ငွေအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးအောင်ငွေ(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်မြသိန်း ၁၂/ဆကန(နိုင်)၀၀၀၇၉၂ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့်သေစာရင်း၊ ကတိသစ္စာပြုလွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ကန်ကြီးစုရပ်ကွက်၊ အမှတ်(၂)လမ်းမကြီးဘေး၊ ကွင်းအမှတ် ၁၀ဂဂ/အေ၏ အစိတ်အပိုင်းမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါ မြေကွက်ဖြစ်သည့် အလျား ၈၃ပေ × အနံပေ၂၄၀အကျယ်ရှိ မြေကွက်နှင့် တကွ ယင်းမြေကွက်နှင့်ပတ်သက်ဆက်နွယ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးဇော်သိန်း ၁၂/လကန(နိုင်)၁၁၀၃၉၂ထံမှ ကျွန်ုပ်၏မိတ်ဆွေ တစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ) စဉ်-၆၇၀၂
အမှတ် ၅၆၁၊ M.A.C Tower၊ အခန်း ၃၀၂၊
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ထူပါရုံ၊ မြေကွက်အမှတ် ၁၅၂၃/ခ၊ အကျယ်အဝန်း ပေ(၂၀×၆၀)ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ် အမှတ် ၁၅၂၃/ခ၊ မြင်တော်သာလမ်း၊ ထူပါရုံ(၁)ရပ်ကွက်၊ သာကေတမြို့နယ်ကို အမည်ပေါက် ပိုင်ရှင်ဖြစ်သူ ဒေါ်အေးအေးမော် ၁၀/မလမ(နိုင်)၀၂၈၉၃၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးပိုင် ဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားနှင့်အတူ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမိုးကျော်ဦး LL.B (တရားလွှတ်တော်ရှေ့နေ)
အမှတ် ၅၅၊ အခန်း ၅။ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၉၆၃၆

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၆၊ မြေကွက်အမှတ် ၂၂၅၊ ဧရိယာ စတုရန်းပေ ၆၄၅၀ ရှိ မြေကွက်ကို မြယမုံအိမ်ရာစီမံကိန်းထံမှ ဒေါ်လှလှဝင်း ၁/မညန(နိုင်)၀၀၀၅၉၈ က ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်လှလှဝင်းထံမှ ဒေါ်မြဝတ်ရည် ၁၂/ဗဟန(နိုင်)၀၈၇၆၉၆ က ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်မြဝတ်ရည်ထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိန်ရီ B.Sc, D.A, R.L (စဉ်-၃၀၃၆)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၃၉၅၆၊ ၀၉-၅၀၃၀၃၇၄

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)နေ ဦးအောင်ရွှေ-ဒေါ်သင်းသင်းနိုင်တို့၏သား မောင်သန့်ဇော်သည် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သဖြင့် သားအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

ဖခင်-ဦးအောင်ရွှေ NYGI-၀၁၂၀၂၇၊ မိခင်-ဒေါ်သင်းသင်းနိုင် ၁၂/မရက(နိုင်)၁၆၆၉၄၆

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

အမည်ပြောင်း

ဦးကျော်စိန်ထွန်း၏သား တောင်ဥက္ကလာပမြို့နယ် အလက (၆)၊ ပဉ္စမတန်း (Grade-VI, A)မှ မောင်ပြည့်ရှင်းသန့်အား မောင်ပြည်ဟိန်းသန့်ဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မောင်ပြည်ဟိန်းသန့်**

အမည်ပြောင်း

တိုက် ၁၄၃၊ ခြောက်လွှာ B၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်လေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးသိန်းကျော်၏သမီး မရီဝေလှိုင်အား မယဉ်ဝေလှိုင် ၁၃/တကန(နိုင်)၂၈၇၉၅၄ ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မယဉ်ဝေလှိုင်**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ နှင်းဆီကုန်းအိမ်ရာစီမံကိန်း၊ တိုက်အမှတ် ၆၊ အခန်းအမှတ် ၅၀၅ကို မူလအမည်ပေါက်ပိုင်ရှင် ဒေါ်မြင့်မြင့်ဌေးထံမှ ဦးဝင်းအောင် ၁၂/သဃက(ပြု)၀၀၁၃၉၆က တရားဝင်စာချုပ်စာတမ်းဖြင့် ဝယ်ယူပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ရန်ပြေ၊ မြေကွက်အမှတ် ၃၂/ခ၊ မြေကွက်တည်နေရာအမှတ် (၃၂/ခ)၊ သုမနလမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ် ဦးလှမောင်အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးလှမောင်(ဖခင်)နှင့် ဒေါ်တင်ညွန့်(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ ဒေါ်လှအေး ၁၂/သကတ(နိုင်)၀၄၃၈၈၀၊ ၂။ ဒေါ်အေးအေးမြင့် ၁၂/သကတ(နိုင်)၀၄၀၃၁၉၊ ၃။ ဦးမျိုးတင့် ၁၂/သကတ(နိုင်)၀၄၁၀၁၅၊ ၄။ ဦးသန်းဇော် ၁၃/မဆန(နိုင်)၀၀၅၃၉၈၊ ၅။ ဒေါ်လှလှနွယ် ၁၂/ဒပန(နိုင်)၀၄၁၄၆၆တို့က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြပြီး ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်

ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးမှ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမှတ်အသားကို အသုံးပြုပြီး အသင့်ချုပ်ပြီးအဝတ်အထည်များဖြစ်သော အမျိုးသားဝတ်၊ အမျိုးသမီးဝတ်၊ ကလေးဝတ်၊ အထည်အမျိုးမျိုး၊ ပါတိတ် (BATIK) အမျိုးမျိုးတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် လက်လီလက်ကား ထုတ်လုပ်ဖြန့်ချီရောင်းချသွားမည်ဖြစ်ပါသည်။

ကန့်ကွက်လိုပါက ယနေ့မှ ၁၀ရက်အတွင်း အထောက်အထားမူရင်း အပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)
LL.B, DBL, DML, DIL, DLP, WIPO (Switzerland)
ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)
B.Sc, Hon (IC), HGP, R.L, D.B.L.
တရားလွှတ်တော်ရှေ့နေများ
အမှတ် (၂၇)၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၄၈၆၆၊ ၂၉၄၇၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅၇)၊ မြေကွက်အမှတ် ၇၃၃ အမည်ပေါက် ဒေါ်ရီရီဌေး ၁၂/ရကန(နိုင်)၀၄၈၉၆၉ က မြေချပါမစ်မိတ္တူမှန်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း၊ အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မိတ္တူမှန်ပြုလုပ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/ဗမာအေး၊ မြေကွက်အမှတ် ၃၇၈၊ မြေကွက်တည်နေရာအမှတ်-၃၇၈၊ ဗိုလ်ချုပ်လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးတင်မောင်သန်းအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးတင်မောင်သန်း ကွယ်လွန်သဖြင့် ဒေါ်သင်းလှိုင် ၁၂/ဒပန(နိုင်)၀၂၄၈၁၆ က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၆၊ မြေကွက်အမှတ် ၈၃၈၊ ဧရိယာ ၀ ဒသမ ၀၅၈ဧကရှိ နှစ် ၆၀ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဦးစိုးရည် ပီဂျီယူ-၁၄၃၃၀၈ [၁၂/လမန(နိုင်)၀၉၀၁၃၅]အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဦးစိုးရည်ထံမှ ပြန်လည်မရုပ်သိမ်းနိုင်သော အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ရွှေဝတ်ရည် ၁၂/တမန(နိုင်)၀၉၇၇၈၁ထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိန်ရီ B.Sc, D.A, R.L (စဉ်-၃၀၃၆)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၂၃၉၅၆၊ ၀၉-၅၀၃၀၃၇၄

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၊ မြေကွက်အမှတ်-၂၄၈(က)၊ အကျယ်အဝန်းပေ (၂၀×၆၀)ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၂၄၈(က)၊ ၆ လမ်း၊ ၁၅ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ရှင် ဦးစန်းမြင့် ၁၂/ဥကတ(နိုင်)၀၉၀၅၉၈ထံမှ ဝယ်ယူထားသူ ဒေါ်သန်းသန်းစိန် ၉/မရမ(နိုင်)၀၇၈၀၅၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆိုယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားနှင့်အတူ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးမိုးကျော်ဦး LL.B (တရားလွှတ်တော်ရှေ့နေ)
အခန်း(၅)၊ အမှတ် ၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၉၆၃၆

ကန့်ကွက်နိုင်ပါသည်

ပဲခူးမြို့၊ ဥသျှောမြို့သစ်၊ ရပ်ကွက်ကြီး(၇)၊ မြေတိုင်းအမှတ် (၃)၊ မြေကွက်အမှတ် ၂၈၊ ဧရိယာ ၀ ဒသမ ၀၂၇ဧကရှိမြေကွက်ကို ဒေါ်ကြည်ကြည်ဝင်းထံမှလည်းကောင်း၊ ရပ်ကွက်ကြီး (၇)၊ မြေတိုင်းအမှတ် ၃၊ မြေကွက်အမှတ် ၂၉၊ ဧရိယာ ၀ ဒသမ ၀၉၆ဧကရှိမြေကွက်ကို ဒေါ်မြသန်း ပါ-(၆)ဦးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက် ပေးချေထားပါသည်။ ကန့်ကွက်ရန်ရှိပါက စာချုပ်စာတမ်းအခိုင်အလုံဖြင့် ကျွန်ုပ်ထံ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ညွှန်ကြားချက်အရ-

ဦးလှမြင့် (ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၉၈၈)
အမှတ် ၈/၉၁၊ ဗိုလ်မင်းရောင်လမ်း၊ ဥသျှောမြို့သစ်၊ ပဲခူးမြို့၊
ဖုန်း-၀၉-၅၃၀၁၆၅၇၊ ၀၉-၄၉၄၄၄၂၄၄

၇-၈-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စီးပွားရေးနှင့် လူမှုရေးကြော်ငြာ စာမျက်နှာ (က)ပါ ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးထင်ကျော် နှင့် အထက်တန်းရှေ့နေ ဒေါ်သက်လေးချိုတို့၏ တက်နေကုမ္ပဏီအပေါ် ကြေညာချက်အား ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေများဖြစ်သော တက်နေကုမ္ပဏီနှင့် ဦးဗိုလ်ဆိုင် ၁၂/ဥကတ(နိုင်)၀၁၁၃၄၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

၁။ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ ၄ လမ်း(စက်မှုဇုန်)၊ အမှတ် ၆၁ဟု ခေါ်တွင်သော အလျား ၁၀၃ပေ×၁၀၃ပေ၊ အနံ ၁၄၈ပေ×၁၄၉ပေ(စတုရန်းပေ ၁၅၂၉၅)ရှိ မြေကွက်ကို တက်နေကုမ္ပဏီက လူကြီးမင်းကြေညာသကဲ့သို့ ဦးဘိုစိန်(ခ) ဦးဗိုလ်စိန်တို့၏ လူမှုရေး၊ နားလည်စာနာမှု၊ အားနာတတ်မှုနှင့် စိတ်ကောင်းစေတနာရှိမှုအပေါ် အခွင့်ကောင်းယူ၍ အသုံးပြုနေခဲ့ကြသည်မှာ လုံးဝမဟုတ်မှန်ကြောင်း ဦးဘိုစိန်(ခ) ဦးဗိုလ်စိန်နှင့် ဇနီးဒေါ်သိင်္ဂီထွန်းတို့ကိုယ်တိုင် အသိဖြစ်ပါလျက် ယခုကဲ့သို့ ဦးဗိုလ်ဆိုင်၊ ဒေါ်သန်းသန်းအေးနှင့် လုပ်ငန်းများ မည်သို့မျှ ပတ်သက်ဆက်နွယ်ခြင်းမရှိသော မဗိုလ်ဗိုလ်နုလှိုင်၏အမည်ကို ထည့်သွင်းကြေညာခြင်းမှာ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေရန် ရည်ရွယ်၍ တမင်တကာ ထည့်သွင်းကြေညာခြင်းသာဖြစ်ကြောင်း ဦးစွာပြန်လည် ရှင်းလင်းအပ်ပါသည်။

၂။ အမှန်မှာ အဆိုပါမြေကွက်ကို ရွှေအုံးသီးဆပ်ပြာစက် အစုစပ်လုပ်ငန်းမှ အသုံးပြုနေခြင်းဖြစ်ပြီး အဆိုပါအစုစပ်လုပ်ငန်းမှာ ယခုတိုင် လုပ်ငန်းဆက်လက်လည်ပတ်လျက်ရှိဆဲဖြစ်ပါသည်။

၃။ ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်နှင့် ဇနီးဒေါ်သိင်္ဂီထွန်းတို့အနေဖြင့် လူမှုရေးအခက်အခဲရှိသည့်အခါတိုင်း ငွေကြေးအကူအညီကို တောင်းခံခဲ့ရာတွင် ဦးဗိုလ်ဆိုင်နှင့် ဒေါ်သန်းသန်းအေးတို့မှ သွေးသားတော်စပ်မှုအရ ငွေရေးကြေးရေးအကူအညီများကို ၂၀၀၅ မှ ၂၀၀၇ ခုနှစ်အထိ ငွေကျပ်သိန်းပေါင်း ၁၀၈၀တိတိကို နှစ်ဦးနှစ်ဖက် လေးစားရသော မိတ်ဆွေကောင်းတစ်ဦးရှေ့တွင် ပေးအပ်ခဲ့ရာ ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်နှင့် ဇနီးဒေါ်သိင်္ဂီထွန်းတို့ကိုယ်တိုင် လက်ခံရယူခဲ့ပြီးဖြစ်သည်ကို ကာယကံရှင်များအသိ ဖြစ်ပါသည်။

၄။ ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်တို့မိသားစု ယခုလက်ရှိနေထိုင်သော တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ ၄ လမ်း၊ စက်မှုဇုန်၊ အမှတ် ၆၃ဟု ခေါ်တွင်သောမြေကွက်နှင့် အဆောက်အအုံကိုလည်း ဘဏ်တွင် ပေါင်နှံထားခြင်းကို အမည်ပေါက်ပိုင်ရှင်ကိုယ်စား ဦးဗိုလ်ဆိုင်မှ ရွေးယူခဲ့ပြီး ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်တို့မိသားစုအား အခြေမပျက် ဆက်လက်နေထိုင်စေခဲ့ပါသည်။ ထို့အပြင် ပြင်ဆင်ရန်လိုအပ်သော နေအိမ်ကိုလည်း မွမ်းမံပြင်ဆင်ပေးပြီး ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်တို့မိသားစု သွားလာရေးလွယ်ကူစေရန် ၈ည/၉၀၂၅ မော်တော်ယာဉ်ကို ဒေါ်သိင်္ဂီထွန်းအမည်ပေါက်ဖြင့် ဝယ်ယူပေးခဲ့ခြင်းတို့မှာ ကာယကံရှင်များကိုယ်တိုင် အသိဖြစ်ပါသည်။

၅။ အမှန်တကယ်အခွင့်ကောင်းယူခဲ့သည်မှာ လူကြီးမင်းတို့ကိုယ်တိုင်ဖြစ်လျက် ယခုကဲ့သို့ ကျွန်ုပ်၏မိတ်ဆွေများအပေါ် ဂုဏ်သိက္ခာကို ညှိုးနွမ်းစေရန် တမင်တကာ ကြံရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း ထင်ရှားနေရာ ဖြစ်ရပ်မှန်ကိုသိသော မိတ်ဆွေအသိုင်းအဝိုင်းများကြားတွင် လူကြီးမင်းတို့သာလျှင် ဂုဏ်သိက္ခာထိခိုက်နစ်နာလိမ့်မည်ဖြစ်ကြောင်းနှင့် ယင်းကိစ္စနှင့်စပ်လျဉ်း၍ နောက်ထပ်ထပ်မံ၍ ရှင်းလင်းခြင်းပြုမည်မဟုတ်ကြောင်း ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်နှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအဏ္ဏဝါစိုး	**ဒေါ်တင်အုန်းမြင့်**
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၄၇)	**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၅၁)**

ရုံးအမှတ် ၂၊ ဘယသုဒ္ဓိလမ်း၊ ပထမထပ်(ဝဲ)၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
ဖုန်း-၀၉-၇၃၂၀၈၂၂၅၊ ၀၉-၇၃၁၃၅၁၅၃၊ ၀၉-၅၁၆၇၃၂၇

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အမှတ် ၂၂၁၊ ပြည်ထောင်စုလမ်းသွယ်၊ (၃၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် ၃၁၊ မြေကွက်အမှတ် ၂၂၁၊ ဧရိယာ ၀ဒသမ ၁၁၀ဧကရှိ နှစ် ၆၀ဂရန်မြေသည် ဒေါ်ကိုင်ထန် ၁၃/ကတန(နိုင်)၀၉၀၆၂၈ အမည်ပေါက် ပိုင်ဆိုင်ပါသည်။ အဆိုပါမြေအမည်ပေါက်ထံမှ အထက်ဖော်ပြပါမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှဝေ (စဉ်-၇၁၂၄)

ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ (စဉ်-၈၇၉၁)	**ဒေါ်ဖြိုးဖြိုးမြင့် (စဉ်-၂၉၈၁၂)**
တရားလွှတ်တော်ရှေ့နေများ	**အထက်တန်းရှေ့နေ**

အမှတ် ၆၀၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၀၅၄၃၄၊ ၀၉-၇၃၂၀၃၂၆၀၊ ၀၉-၄၃၁၁၅၄၃၂

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၃)ရပ်ကွက်၊ စရည်းပင်လမ်း၊ အမှတ် ၂၂၅ နေ ဦးမြတ်မိုးအောင် ၁၂/ကမရ(နိုင်)၀၆၃၅၄၀ AKI Construction ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံ/မြေစီမံဌာနတွင် ဦးချစ်ဆွေ (CF-၀၈၈၀၉၃)၏အမည်ဖြင့် မှတ်သားတည်ရှိပြီး လက်ဝယ်ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် Block(၃)၊ မြေကွက်အမှတ် Lot(၁၈၁/ခ)၊ (၃)ရပ်ကွက်၊ ရန်ပြေ ၁၁ လမ်း၊ အမှတ် (၂/ခ)၊ နှစ် ၆၀ မြေငှားဂရန်ရှိ အကျယ်အဝန်း ပေ၂၀×ပေ၆၀ မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေနှင့် တစ်ခန်းတွဲ သုံးထပ်ခွဲထပ် RC ကန်ထရိုက်တိုက်သစ်ဆောက်လုပ်ရန် ၁၄-၆-၂၀၁၃ ရက်က သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြပြီး ၂၁-၆-၂၀၁၃ရက်တွင် ရန်ကင်းမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မြေပိုင်ရှင် ဦးချစ်ဆွေမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၁၁၇/၂၀၁၃)ဖြင့် လွှဲအပ်ခဲ့ပါသည်။

သို့ပါ၍ ဖော်ပြပါမြေကွက်နေရာတွင် ကန်ထရိုက်တိုက်သစ်ဆောက်လုပ်နိုင်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(ယာ/အုံ)နှင့် မြို့ပြစီမံ/မြေစီမံဌာနတို့တွင် အဆောက်အအုံဆောက်လုပ်ခွင့်ပုံစံ ခွင့်ပြုမိန့်လျှောက်ထားရန်နှင့် လိုအပ်သည့်ရုံးကိစ္စများကို ဆောင်ရွက်နိုင်ရန်အတွက် ကန့်ကွက်လိုသူရှိပါက စာရွက်စာတမ်းအထောက်အထားများဖြင့် ဤကြေညာစာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက တိုက်သစ်ဆောက်လုပ်ရန်နှင့် လိုအပ်သည့်ကိစ္စများကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မာမာသိန်း LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၉၂)
အမှတ် ၄၉၊ ပထမထပ်၊ ၈၉ လမ်း၊ ကန်/နောက်ရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၂၀၀၂၂၇၃၃၊ ၀၉-၅၄၁၃၇၉၀

ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်မ ဒေါ်ဆွေဇင်ဦးနှင့် ဦးဖိုးရိုက်၏သား ဦးဝင်းမြင့် ၉/မနမ(နိုင်)၀၈၇၉၈၉တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် အသိသက်သေများရှေ့တွင် ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။

ဆွေဇင်ဦး ၉/မနမ(နိုင်)၀၉၇၆၁၁

[illegible]

လူမှုရေးနှင့်စီးပွားရေးကြော်ငြာများ

ဓါတ်တော်မွေတော် ... စုစုမြတ်စွယ်တော် လှည့်လည်အပူဇော်ခံပွဲတော်ကြီး

အခြားမြို့နယ်များသို့ အလှူခံ မစေလွှတ်ပါ။

ပြင်ဆင်မှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့ ကြားသိစေသည့်

အကြောင်းကြားစာ

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
၂၀၁၃ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၁၄၅

၁။ ဦးမောင်မောင်အောင်အေး	နှင့်	ဒေါ်ဝင်းသန်းမြင့်
၂။ ဒေါ်ချိုသဲအေး		အမှတ် ၃၀၊ သံလမ်း၊
(ကွယ်လွန်သူဒေါ်ခင်အေးညို၏		အမှတ် ၇ ရပ်ကွက်၊ လှိုင်မြို့နယ်၊
တရားဝင်ကိုယ်စားလှယ်များ)		ရန်ကုန်မြို့
၃။ ဒေါ်တင်အေး		
လျှောက်ထားသူများ		**လျှောက်ထားခံရသူ**

၂၀၁၃ ခုနှစ်၊ မတ် ၇ ရက်နေ့စွဲပါ ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး၊ တရားမကြီးမှုအမှတ် ၅၂၀/၂၀၁၁ အမိန့်ကိုပြင်ဆင်မှု၊

အထက်အမည်ပါအမှုမှ လျှောက်ထားခံရသူ ဒေါ်ဝင်းသန်းမြင့်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်က ချမှတ်ပေးသည့်အမိန့်ကို လျှောက်ထား သူများက ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ ဤပြင်ဆင်မှုကို ၂၀၁၃ခုနှစ် ဩဂုတ် ၂၆ရက် (၁၃၇၅ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်) တွင်ဆိုင်ရန် ဤရုံးတော် က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ ပြင်ဆင်မှုတွင် သင့်အတွက်ရှက်ဆောင်ရန် တရားဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ ဤရုံးသို့ မလာမရောက်ရှိခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်၏မျက်ကွယ်တွင် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်အရ-
ကျော်စွာငြိမ်း
ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးတရားလွှတ်တော်

ဖခင်အမည်မှန်

အထက(၁)၊ လှိုင်မြို့နယ်ကျောင်း၊ န၀မတန်း(B)မှ မောင်အောင်ရဲကျော်သက်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်ထွေး ၁၂/လမန(နိုင်)၁၂၈၄၀၆ ဖြစ်ပါသည်။

ဦးအောင်ဇော်ထွေး

ဖခင်အမည်မှန်

ကဝမြို့နယ်၊ မကြက်ကြီး အထက (ခွဲ)တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားလျက်ရှိသော မအိတုံမျိုးထွန်း၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုး ၇/ကဝန(နိုင်)၀၀၄၈၉၈ ဖြစ်ပါကြောင်း။

နိုလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

ANDROID PHONE for STARTER

(1984-1993)

H2O

ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ ကွင်းအမှတ် ၃၈၊ မြေကွက်အမှတ် ၈၂၊ ဦးပိုင်အမှတ် ၂၄၊ မူလ ၁ ဒသမ ၁၃၂ ဧကအနက်မှ ခွဲစိတ်ပြီး ကျန်ရှိသော ဧရိယာ ၀ ဒသမ ၇၈၉ ဧကရှိ နှစ် ၃၀ ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက် လူနေအိမ်အဆောက်အအုံတို့အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်လီလီယံခါးနော် ၁၂/ကမရ(နိုင်)၀၄၈၇၉၈ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေက စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ကြူကြူဝင်း	**ဒေါ်ခင်မြမြထွန်း**
အထက်တန်းရှေ့နေ စဉ်-၃၀၂၇၄	**တရားလွှတ်တော်ရှေ့နေ စဉ်-၆၉၁၀**
အမှတ်(၃၉-အေ)၊ ၇ မိုင်ခွဲ၊	**အမှတ်(၃၉-အေ)၊ ၇ မိုင်ခွဲ၊**
ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊	**ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊**
ရန်ကုန်မြို့၊	**ရန်ကုန်မြို့၊**
ဖုန်း-၀၁-၆၅၂၆၆၂၊ ၆၅၂၇၀၅	**ဖုန်း-၀၁-၆၅၂၆၆၂၊ ၀၉-၅၀၁၂၆၅၂**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၇ ၊ မြေကွက် အမှတ် ၅၄၅/ခ၊ မြေအကျယ်အဝန်း ပေ(၂၀×၆၀)ရှိ ဦးစိုး မြင့်ခိုင် ၁၂/ဥကတ(နိုင်)၀၀၅၉၄၁ အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးရဲမြင့်ခိုင် ၁၂/ဥကတ(နိုင်)၀၃၁၄၃၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကျွန်ုပ်ထံ ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယဉ်ယဉ်ကြည်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၀၀၂၂)
အမှတ် ၅၄၄၊ ဓမ္မာရုံလမ်း ၂၀၊ ၄ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၁၁၄၆၅၄

လူမှုရေးနှင့်စီးပွားရေးကြော်ငြာများ

“ဘုရားအဆူဆူ နိဗ္ဗာန်ယူသည့် မဏ္ဍလေးရာမ ဝိဟာရ၌ ဒါနမှတ်တိုင် စိုက်ထူနိုင်ပြီ”

သံဃာနိဗ္ဗာနေဝေဒ္ဒနာတွင် သံဃာအရေအတွက်များပြားသော ဘုရားရှင်တို့နိဗ္ဗာန်စံတော်မူရာ အိန္ဒိယနိုင်ငံ ၊ ယူပီပြည်နယ် ၊ ကုသိနာရုံ၌ ဗုဒ္ဓဂယာ မဟာအောင်မြေကျောင်းဆရာတော် ဘဒ္ဒန္တ ဓမ္မိကာဘိဝံသ ဦးစီး၍ “မဏ္ဍလေးရာမဝိဟာရမြန်မာကျောင်း” ဆောက်လုပ်မည်ဖြစ်ပါသည်။

ဒေသနာရှင်များအနေဖြင့် ကျောင်းအိမ်ယာ ၊ ဓမ္မိကာဆောင် ဖွဲ့စည်းနိုင်ရေးအတွက် မြေကွက်(၁)စတုရန်းပေလျှင် (၁၀၀၀၀)ကျပ်၊ ကျောင်းဆောင်(၁)စတုရန်းပေလျှင် (၂၀၀၀၀)ကျပ်နှုန်းဖြင့် အောက်ပါနေရာများတွင် ဆက်သွယ်လှူဒါန်းနိုင်ကြပါသည် -

ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့များ

[illegible]

Moe & More Co.,Ltd.

ရုံးချုပ်-ဘဒ္ဒန္တဝိစိတ္တ ၊ မြတ္တဝိဟာရကျောင်း ၊ ဝေဠုဝန်ကျောင်းတိုက် ၊ စမ်းချောင်းမြို့နယ် ၊ ရန်ကုန်။ ဖုန်း-၀၉၄၄၃၂၇၄၁၇၂

နတ်မောက်မြို့နယ်အသင်း (ရန်ကုန်)
(၂၃)ကြိမ်မြောက်ပါဠိသင်တန်းဆက်ကပ်လှူဒါန်းပွဲ

[illegible]

ဘုရားအဆူဆူ နိဗ္ဗာန်ယူသည့် ကုသိနာရုံ မဏ္ဍလေးရာမ ဝိဟာရ၌ ဒါနမှတ်တိုင် စိုက်ထူနိုင်ပြီ

အိန္ဒိယနိုင်ငံ ၊ ဂယာမြို့ ၊ မဟာအောင်မြေကျောင်းဆရာတော် ဘဒ္ဒန္တ ဓမ္မိကာဘိဝံသ ဦးစီး၍ ကုသိနာရုံ ၊ မဏ္ဍလေးရာမဝိဟာရမြန်မာကျောင်း တည်ဆောက်ရေး ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲနှင့် ဓမ္မသဘင်တရားပွဲ ကျင်းပမည်ဖြစ်ပါ၍ အောက်ပါအစီအစဉ်အတိုင်း ကြွရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည် -

ရက်စွဲ - (၁၈-၈-၂၀၁၃) ၊ တနင်္ဂနွေနေ့

နေရာ - အောင်မင်္ဂလာသိမ်ကျောင်းတိုက် ၊ ရေသိမ်ဗွမ်းမားကျောင်း ၊ စမ်းချောင်း။

အချိန် - နံနက် (၉)နာရီမှစ၍ သင်္ဃန်းကပ် ၊ ရေစက်ချ ၊ နေ့ဆွမ်းကပ်လှူ၍ ပရိသတ်များအား ဦးမျိုးမင်းထင်ထွန်း + ဒေါ်တင်တင်မိုး Moe & More Co.,Ltd. မိသားစုက နေ့လည်စာဒါနပြုပါမည်။

ဖုန်း - ၀၉-၅၁၁၀၇၅၂၅၊ ၀၉-၅၁၉၈၈၃၁၊ ၀၉-၅၁၉၈၅၀၆၊ ၀၉-၄၃၂၈၄၁၇၂

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဈ/၅၆၅၆ ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလှိုင် ၁၂/တမန(နိုင်)၀၆၄၂၁၃က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/နွယ်အေး၊ မြေကွက်အမှတ် ခ/၈၈၊ မြေကွက်တည်နေရာ ၁၈၂၊ မြတ်လေးနွယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံ ဦးဘိုတင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေနှင့်ပတ်သက်၍ ဒေါ်ရီက ဒေါပုံမြို့နယ်တရားရုံး ၂၀၁၂ ခုနှစ် တရားမကြီးမှု ၂၂ ဖြင့် ဦးဘိုတင်အား မြေနှင့်အိမ် အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေမှု တရားစွဲဆိုခဲ့ပြီး ၈-၅-၂၀၁၃ ရက်စွဲပါ စီရင်ချက်/အမိန့်အရ အနိုင်ဒီကရီရရှိခဲ့ပြီး ယင်းရုံး၏ တရားမဇာရီမှုအမှတ် ၉/၂၀၁၃ အရ တရားရုံးကိုယ်စား ဘီလစ် ဦးဆောင်းလွင်ဦး ၁၂/တမန(နိုင်)၀၂၉၅၃၁ က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ် ၂၆၇/က၊ မြေကွက်တည်နေရာအမှတ် ၁၅၁၊ ၈ လမ်း၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်သောင်းစိန်၊ ဒေါ်သန်းသန်း၊ ဦးသန်း၊ ဦးတုန်းမောင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဒေါ်ခင်အုန်းရီပါ (၆)ဦးနှင့် (တရားလို) ဦးကံထူးမောင်တို့က ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၅၇/၁၂ နှင့် ဇာရီမှုအမှတ် ၃၆/၁၃ တို့တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ်ဒေါ်နှင်းဝင့်ဝင့်ဖြူ ၈/ဆဖန(နိုင်)၀၅၁၂၄၃ က အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်နှင့် ပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကုန်အမှတ်တံဆိပ်နှင့်စပ်လျဉ်း၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊၃၅လမ်း၊ အမှတ် (၂၄၂) နေထိုင်သူ ဦးလှဝင်း ၇/ပခန (ပြု) ၀၀၀၀၁၈ သည် အောက်တွင်ဖော်ပြထားသည့် ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ **MK** (၇၈၀၀/၁၃) ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

MK

၇၈၀၀/၂၀၁၃

အထက်ဖော်ပြပါ **MK** ကုန်အမှတ်တံဆိပ်ကိုအသုံးပြု၍ ဝန်ဆောင်မှုပေးသည့်လုပ်ငန်းဖြင့် စားသောက်ဆိုင်အမည်၊ ဆိုင်တွင်ရောင်းချသည့် အစားအစာ စားသောက်ကုန်နှင့် အဖျော်ယမကာအမျိုးမျိုး၊ အရက်အမျိုးမျိုးတို့ကိုထည့်သွင်းပြီး ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ရောင်းချသွားမည်ဖြစ်ပါသည်။ **MK** ကုန်အမှတ်တံဆိပ်ကိုထုပ်ပိုးသည့် ဖော့ဘူး၊ ပလတ်စတစ်အိတ်၊ ပါဆယ်အိတ်၊ စာရွက်စာတမ်း၊ ဆိုင်းဘုတ်၊ ဘလောက်တုံး၊ ကြော်ငြာ၊ ငွေပြေစာ ဖြတ်ပိုင်းများအစရှိသည်တို့အပေါ်တွင် ရိုက်နှိပ်ဖော်ပြအသုံးပြုသွားမည်ဖြစ်ပါသည်။ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ပုံစံကို အတုအပပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ ဈေးကွက်အတွင်းတွေ့ရှိခြင်း အစရှိသည်တို့ကို စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်ဝင်းနိုင်	**ဒေါ်ကြည်ကြည်ထွေး**
(တရားလွှတ်တော်ရှေ့နေ)	**(အထက်တန်းရှေ့နေ)**

အမှတ် - ၁၇၊ လေးလွှာ၊ မလွှကုန်းလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊
ကျောက်မြောင်း၊ တာမွေမြို့နယ်
ဖုန်း - ၀၉-၂၀၁၆၉၉၈၊ ၀၉-၇၃၀၅၅၅၇၀

Octagon International Services Co.,Ltd.
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

Octagon International Services Co.,Ltd. (No.42-47, Corner of Yangon – Pathein Road and YTU Street, Hlaing Tharyar Township) တွင် [illegible]

[illegible]	[illegible]	[illegible]
Lot No.1	Articulate Dump-Truck	၁စီး
Lot No.2	Dozer	၁စီး
Lot No.3	Wheel Loader	၁စီး
Lot No.4	Grader	၁စီး
Lot No.5	Grader	၁စီး

[illegible] - ၁၄-၈-၂၀၁၃

[illegible] - ၆-၉-၂၀၁၃

[illegible] - နံနက် (၁၂) နာရီ

[illegible]

Octagon International Services Co.,Ltd.

Address No.42-47,Corner of Yangon - Pathein Road and YTU Street,
Hlaing Tharyar Township,Yangon.

Phone : 09-8609888,09-8622679

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဂ/၃၅၅၃၊ Toyota Landcruiser, Station Wagon (4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိသန္တာဘို ၁၂/ဒဂန(နိုင်)၀၂၃၀၄၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ရန်ကုန်မြို့

ပြင်ဆင်ဖတ်ရှုပါရန်

၇-၄-၂၀၁၃ ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ ကြော်ငြာ(ဃ) ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၁) ဦးအောင်ထွန်းဝင်း+၁ ၏ အမည်ပြောင်းတွင် မြေအမည်ပေါက် ဦးဉာဏ်စင်အစား ဒေါ်ချိုချိုဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။